www.burmeseclassic.com

# ပုပိုးငုံနှင်းဆီ

## ဆရာမကြီးလို့ တံဆိပ်လာမတပ်နဲ့




www.burmeseclassic.com

www.burmeseclassic.com


ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ - ဒေါ်ယဉ်မိုးပိုင်
(ဆောင်းညပြာသို စာပေ)
အမှတ်-၄၃၊ ၃ (ဘီ)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဒေါ်နီနီခိုင် (၀၇၁၃၅)
သီရိမေရောင်စုံပုံနှိပ်တိုက်
အမှတ်(၁၉)၊ လမ်း(၉၀)၊
ကန်တော်ကလေး၊
မင်္ဂလာတောင်ညွန့်၊ရန်ကုန်မြို့။
ဖုံး-၀၁ ၃၉၉၀၆၄
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - သီရိမေ
ကွန်ပျူတာစာစီ - (Asia Glory)
ပုံနှိပ်ခြင်း - ၂၀၁၄ ခုနှစ်၊ မတ်လ
(ပထမအကြိမ်)
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀

၈၉၅ . ၈၃
မူပိုင်နှင်းဆီ
ဆရာမကြီးလို့ တံဆိပ်လာမတပ်နဲ့ /မူပိုင်နှင်းဆီ - ရန်ကုန်
ဆောင်းညပြာသို စာပေ၊ ၂၀၁၄ မတ်လ
၂၁၇ စာ၊ အလျား ၁၂ . ၇ စင်တီ၊ အမြင့် ၁၇ . ၇၈ စင်တီ
(၁) ဆရာမကြီးလို့ တံဆိပ်လာမတပ်နဲ့


BURMESE CLASSIC

(၁)

'အထင်ကရမေ'သည် အဘွားဖြစ်သူ ဒေါ်ရွှေဥအား ဆရာလုပ်လျက် ရှိသည်။ ဒီအိမ်မှာ သူ မပါသည့်နေရာ မရှိပါပေ။ ဘယ်နေရာမဆို ဆရာလုပ်ရမှကျေနပ်သူ။ မျက်နှာကြောမတည့်လို့ သုံးနှဲ့လေးလို ကျောခိုင်းနေတဲ့ အဘိုးနဲ့ အဘွားကို ရွှေပြည်အေးတရားဟောရမည့်အစား အားပေးအားမြှောက်ပြုနေသည်။

"အဘွားပြောပုံအရဆို အဘိုးက တော်တော်လွန်တာပဲ. . . ဘယ့်နှယ် အသက်ပဲ ခုနစ်ဆယ်ရှိနေပြီ. . အဘွားရေချိုးတာ ချောင်းကြည့်စရာလား. . မသကာ မော်ဒယ်ဂဲလ်တွေ ဘီကနီ ဝတ်လို့ သွားချောင်းတယ်ဆို လူကြားလို့ကောင်းသေးတယ်. . ခုတော့ ဟိုရွှဲဒီရွှဲ အိုနာရွတ်တွ. . အဲ. . အဲ. . မှားကုန်ပြီ အဟီး. . ပြောချင်ဇောတွေ ကြီးပြီး စကားတွေ မှားကုန်တာ အဘွားရဲ့"

*ဆောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



သူ့စကား မှားသွားလို့ ဘွားအေကို မျက်နှာချိုသွေးပေမယ့် ဒေါ်ရွှေဥက တင်းလာပြီး

"ပြောတုန်းက ပြောပြီးတော့ အခုမှ ဘာမှားပြီလဲ . . ဟင် . . ငါ့ကိုများ အိုနာရွတ်တွလေးဘာလေးနဲ့ . . အေး . . အဲဒီ အအိုမကြီး ကြောင့် ညည်းအမေ လူဖြစ်လာတာ . . ညည်းအမေကြောင့် တစ်ခါ ညည်းက လူဖြစ်လာတာ နားလည်လား၊ ကျေးဇူးတရားကို သိတတ် စမ်းပါ အထင်ကရမေရယ်၊ ညည်းအဘိုးက ငါရေချိုးတာ ဘာမှချောင်း စရာမလိုဘူး ရှင်းလား၊ သူပဲ ငါ့ကို တစ်သက်လုံးကိုးတွန်းပေးလာတာ"

"ဟင် . . ပေါ်လာပြီ . . ပေါ်လာပြီ အခုထိလား"

အထင်ကရက စပ်ဖြဲဖြဲရုပ်နဲ့ မေးလာတော့ ဒေါ်ရွှေဥက

"ဒါပေါ့"

ဟု ဂုဏ်ယူဝင့်ကြွားစွာ ဖြေလေသည်။

"အဟိ . . ရှက်လည်း မရှက်ဘူး၊ ကြီးကောင်ကြီးမှားနဲ့ ေ အတူတူချိုးရတယ်လို့ . . ခစ်ခစ်"

"ဟဲ့ . . ဆရာမကြီး၊ ငါတို့က ဗမာလိုပဲ ရေချိုးတတ်တာ . . ထဘီရင်လျားနဲ့လေ၊ ညည်းတို့လို ဂျပန်ချိုးနည်းချိုးတာ မဟုတ်ဘူး ပေါက်ကရတွေ တွေးမနေနဲ့အေ၊ ညည်းပြောတာနဲ့ပဲ ငါပြောနေတာ တွေ ပျောက်ကုန်ပြီ"





"မသိဘူးလေ . . အဘွားပဲ အဘိုးကတဲ့ . . အဘွား ဘာလုပ် လုပ် ကုပ်ချောင်းချောင်းနဲ့ အမြဲချောင်းနေတာဆို"

"ဟုတ်တယ်လေ . . ငါ လစ်ပြီဆိုတာနဲ့ နင့်အဘိုး ကာရာအို ကေဆိုင် သွားပြီ၊ စားသောက်ဆိုင်မှာ ကောင်မလေးတွေကို ပန်းကုံး စွပ်ပြီ . . သူ့အသက်အရွယ်မှအားမနာ . . သေခါနီး ရိကြွာယူနေတယ် လေ"

"ယူပါစေ အဘွားရယ် . . သဘောထားကြီးပြလိုက်စမ်းပါ . . ဒီဘဝ ယောက်ျားဖြစ်တုန်းလေး ယူရတဲ့ဟာကို၊ ဒါမှမဟုတ် အဘွားက တစ်ခါတည်း လိုင်စင်ချထားပေးလိုက်ပေါ့၊ နို့မို့ဆိုလည်း ခိုးစားနေမယ့် ဟာပဲကို"

အဘွားလက်က အထင်ကရခေါင်းကို ခေါက်ခနဲနေအောင် ခေါက်ပစ်လိုက်သည်မို့ ဆရာမကြီးခမျာ အီစလံဝေသွားပြီး အော်နေ ရသည်။

"အား . . နာလိုက်တာ အဘွားရယ်၊ သမီးမှာ နဂိုက ဉာဏ် ကောင်းရတဲ့ကြားထဲ အဘွားလုပ်တာနဲ့ ပိုပြီး ထိုင်းကုန်တော့မှာပဲ"

"ထိုင်းပစေပေါ့ . . နေရာတကာ ဆရာမကြီးလုပ်လို့ နင့်ကို ငါ ကြည့်မရချင်တော့ဘူး"

"ကြည့်မရဘူးလည်း ပြောသေးတယ် . . မနက်ကတည်းက



www.burmeseclassic.com

www.burmeseclassic.com



သမီးရဲ့ ဟောဒီ . . နူရှုံ့ကြွနေတဲ့ မျက်နှာလေးကိုပဲ ထိုင်ကြည့်နေပြီး တော့များ"

အထင်ကရမေက သူမမျက်နှာလေးကို မော့ပြီး မေးစေ့ကို လက်နဲ့ပွတ်ကာ

"သေသေချာချာ တွေးကြည့်လေ . . အဘွားကို နားမလည် လေပါပဲ . . ဒီအိမ်မှာ အဘွားကြည့်လို့ရတာ ဘယ်သူရှိသေးလို့လဲ . . အဘိုးကျတော့လည်း ကြည့်လို့မရဘူးတဲ့၊ ရတဲ့အချိန်တုန်းက ရခဲ့ပြီး ပြီ ဆိုတော့လေ . . (ကြည့် မရဘူး . . မရဘူးနဲ့ . . သားသမီးက ငါးယောက် တောင်)"

အထင်ကရရဲ့လေသံက တဖြည်းဖြည်းတိုးတိုးသွားပေမယ့် နားအလွန်ပါးတဲ့ ဒေါ်ရွှေဉက ချက်ချင်းအထာပေါက်လေသည်။

"အထင်ကရမေ . . ညည်း ကျုပ်အတင်းပြောနေတာ မဟုတ် လား . . ညည်းအဘိုးကို ကျုပ် ကြည့်လို့ မရတာက မရတာပဲ . . သား သမီးငါးယောက်မွေးတာက ရင်းနှီးမြှုပ်နှံမှုလုပ်ထားတာ . . ငါ့သမီးတွေ အားလုံး လင်ရှာတော်တော့ အခု . . ကျုပ်တို့ ဇိမ်နဲ့ထိုင်စားနေရတယ် လေ . . သားနှစ်ကောင်နဲ့ကျမှ လုံးလုံးကြီး အရှုံးပေါ်တော့တာပေါ့ မတွေ့ဘူးလား . . သူတို့မိန်းမအတွက်ပဲ သူတို့ကြည့်တယ်၊ မအေကို တစ်ချက်လေးမှလှည့်ကြည့်ဖော်မရဘူး"





အဘွားရဲ့ ရင်တွင်းဖြစ် အပြင်းစားသံစဉ်တွေကို ပိုပြီးပေါက် ကွဲလာအောင် ဆရာမကြီးတို့က ဘေးတီးပေးတာ တော်သည်။

"အဘွားကို ဘယ်ကြည့်တော့မလဲ . . အန်ကယ်လေးဆို သူ့ မိန်းမဘောင်းဘီတွေ လျှော်ပေးနေရတာနဲ့ မအားဘူးလေ"

"ဘုရား . . ဘုရား . . ဘုန်းတွေကံတွေ နိမ့်ကုန်တော့မှာပဲ . . အထင်ကရမေ . . ညည်းပြောတာတွေက အမှန်ပဲလား"

"အမှန်ပေါ့ . . အဘွားသားက ပြောသေးတယ် သိလား . . သူ မလျှော်ရင် အဘွားလျှော်နေရမှာစိုးလို့တဲ့ . . အဘွားပင်ပန်းမှာစိုး လို့ သူပဲ လျှော်လိုက်တော့မယ်ဆို . . "

ဒေါ်ရွှေဉတို့ ရင်ဘတ်စည်တီးဖြစ်ပြီပေါ့။

BURMESE CLASSIC

"အောင်မယ်လေးဟဲ့ . . မွေးရကျိုးနပ်လိုက်တဲ့ သား၊ အမေ ကိုများ သူ့မိန်းမဘောင်းဘီပေးလျှော်ဦးမတဲ့ . . အောင်မယ်လေး"

"အဘွား . . အဘွား တက်ချင်ပြီလားဟင် . . သမီး ဂျင်းသွား ပြေးယူရမလား"

ဒေါသထွက်နေမှန်း မသိ၊ တက်ချင်နေမှန်းမသိတဲ့ ဆရာမ ကြီးကို ဒေါ်ရွှေဉက

"ငါ မတက်သေးဘူးဟဲ့၊ နင့်အန်ကယ်လေးမိန်းမကို ကြုံရင် ပြောလိုက်စမ်းပါတော် . . နောက် ဘယ်တော့မှ အတွင်းခံဘောင်းဘီ



www.burmeseclassic.com

www.burmeseclassic.com



မဝတ်နဲ့လို့ . . ကြားလား"

"ဟင် . . ဒါဆို ဟောင်းလောင်းကြီးနေရမှာလား"

"အေး . . နေပစေပေါ့ . . ငါ့သားကို ပိုးစိုးပက်စက်ခိုင်းစားနေလို့ ခေါက်မြင်ကတ်နေတာ ကြာပြီ၊ ဟင်း . . ဒင်း ဝတ်နေသရွေ့ ငါ့သားက လျှော်နေရဦးမှာ"

"အဘွား . . သမီးပြောတာ မိုးရိုးဘောင်းဘီလေ . . under wear မဟုတ်ပါဘူး . . နားလည်မှုတွေ လွဲကုန်ပြီ ဟဲ . . ဟဲ"

ပြောတုန်းက ဒေါ်ငွေတင်မောင်းတင်နဲ့ အာပေါင်အာရင်းသန်သန်ပြောပြီး နောက်ဆုံးမှာ လျှောချတတ်တာလည်း အထင်ကရမေရဲ့အကျင့်ပဲလေ။

တကယ်တော့ အထင်ကရမေက ဖြစ်စဉ်အမှန်ကို နည်းနည်းလေး ပိုပြောမိတာလေးပါပဲ။ မဆိုစလောက်လေးပေါ့။

အဘွားရဲ့သားအငယ်ဆုံး မိုက်ကယ်ဂျက်က လူပါးပုလင်းထိထားတာ။ သူ့အသက် သုံးဆယ့်ကိုးနှစ်ကြီးနဲ့ ဆယ့်ကိုးနှစ်ကောင်မလေးကို ယူထားတာလေ။

အသက်က နှစ်ဆယ်ကြီးများတောင် ကွာနေတော့ ဟိုက ကိုကြီးဆိုတာနဲ့ ပိုပြီးလုပ်ပေးနေတော့တာ . . အန်ကယ်လေးမိန်းမက အထင်ကရထက် တစ်နှစ်ပဲ ကြီးတာ . .

ဆောင်းညဖြာ သိုစာပေ



အဲဒါကြောင့်မို့လို့ အဘွားက ပြောတာပေါ့၊ မြေးအရွယ်ကို ချွေးမ တော်နေရတော့ သူတို့နှစ်ယောက်က မွေးလာတဲ့ ကလေးဆို ဒေါ်ရွှေဥရဲ့မြစ်လားလို့ အမေးခံနေရဦးမယ်တဲ့။

ဘွားရွှေဥရဲ့သမီး သုံးယောက်စလုံးကတော့ လင်ရှာရာမှာ ထိပ်တန်း။ တော်ကီက အသေလန်းတဲ့အစားတွေ။

အထင်ကရရဲ့အမေက သမီးအကြီးဆုံး။ ယူတော့ သင်္ဘောအပွတိန်နဲ့ဆိုတော့ ဒေါ်လာစားပေါ့။ အေးအေးဆေးဆေးနဲ့ အငြိမ်းစားပဲ။ နာမည်က ဒေါ်ရွှေငုဝါတဲ့။

အမေ့ညီမ ဒေါ်ရွှေပိတောက်ကကျတော့ အမေ့ထက် ပိုသာသွားပြန်ရော။ (လင်ရှာတဲ့နေရာမှာ ပြောပါတယ်။) ရေနံသူဌေးနဲ့ ရသွားတာ။ ဒါပေမယ့် သူတို့မှာက ပိုက်ဆံတွေရှိပြီး သားသမီးရတနာကျတော့ မထွန်းကားပြန်ဘူး။ အဲဒီတော့ ဆရာမကြီးကိုပဲ သမီးလေးလို သဘောထားပြီး လိုတာထက်လျှံအောင် ဖောဖောသီသီ အလိုလိုက်တော်မူလေသည်။

အမေ့ညီမနောက်တစ်ယောက်ကတော့ ဒေါ်ရွှေခတ္တာ တဲ့။ သူကျတော့ အစ်မနှစ်ယောက်လုံးကို ကျော်ပြီး နာမည်ကြီး ပုဂ္ဂလိက အထူးကုဆေးရုံပိုင်ရှင်နဲ့ ရသွားတာ။

အဲဒါကျတော့ ဘွားရွှေဥတို့ ကောင်းစားဖို့ဖြစ်လာတာပေါ့။

ဆောင်းညဖြာ သိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



သမီးတစ်ယောက် အရင်းပြုပြီး ခေါင်းနာတယ်၊ ဖင်နာတယ်နဲ့ အားအားရှိ ဆေးရုံပဲ တက်နေတာ. . ဆေးရုံပေါ်က ဈေးအကြီးဆုံးခန်းမှာ တက်နေပြီး အဘွားတစ်ခါ ဆေးရုံတက်ရင် အခန်းထဲမှာ အိမ်ရှိလူကုန် ပျော်ပွဲစားထွက်လာသလား အောက်မေ့ရသည်။ တစ်ယောက်တစ်မျိုး ယူလာကြတဲ့ စားစရာတွေနဲ့ ပွဲတော်တည်နေကြတာ. .

တီလေးခင်တ္တာရဲ့ ယောက်ျား အန်ကယ်ထွန်းက ယောက္ခမအတွက် special nurse တွေ day ရော night ပါ ထည့်ပေးထားတာ. . အဘွားက အဲဒီ nurse တွေကို ဘယ်လိုအသုံးချတော်မူသလဲဆိုတော့ သူ့ရဲ့အတင်းပြောဖော်ပြောဖက်လို့ သဘောထားပြီး နေ့ရော ညပါ ပါးစပ်မညောင်းတမ်းပြောတော့တာ။

အဲဒီလို. . အဲဒီလို. . အမေတွေ အဒေါ်တွေက ယောက်ျားရှာတဲ့နေရာမှာ အစဉ်အလာကောင်းခဲ့တော့ ဆရာမကြီးတို့ကလည်း ကြွေးကြော်ထားလေရဲ့။ သူယူတဲ့ယောက်ျားဟာ သူ့အမေတွေ အဒေါ်တွေ ယူထားတဲ့ယောက်ျားတွေထက် ပိုပြီးသာရမယ်တဲ့။ သူမ စိတ်ကူးထဲမှာ ရွေးချယ်ဖို့ စဉ်းစားထားတဲ့ ယောက်ျားမျိုးက -

နံပါတ် တစ် - ချယ်ဆီးဘောလုံးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်လို ချမ်းသာတဲ့သူ (မှတ်ချက် - အဲဒီသူဌေးလို မိန်းမ မများ၊ရ) ဒါမှ လကမ္ဘာပေါ်မှာ မြေကွက်ရမှာကိုး။





နံပါတ် နှစ် - ခရစ္စတီယာနို ရော်နယ်ဒိုလို ဝင်ငွေကောင်းကောင်း၊ အသက် ငယ်ငယ်၊ ဇလ တောင့်တောင့်၊ ရုပ်ဖြောင့်ဖြောင့်နဲ့ ကမ္ဘာကျော်တဲ့ ဘောလုံးသမားမျိုး။

နံပါတ် သုံး - ဘီလ်ဂိတ်လို ဉာဏ်ရည်ဉာဏ်သွေးမြင့်မားတဲ့ ကျွမ်းကျင်ပညာရှင်မျိုး။

(မှတ်ချက် - သူ့ထက်တော့ ရုပ်ချောရမည်။)

နံပါတ်လေး - ဂျပ်စတင်ဘီဘာလို ကမ္ဘာကျော်အဆိုတော်မျိုး။

(မှတ်ချက် - နို့နံ့တော့ စင်ရမည်။)

ဦးစားပေးအနေနဲ့တော့ အဲဒီလောက်ပါပဲ။ ကျန်တဲ့ နံပါတ်တွေတော့ ရှိသေးတာပေါ့။ ဒါပေမယ့် အဲဒါတွေက အရန်သဘောပါ။ အထင်ကရ တကယ် ယူမှာက ပထမဦးစားပေး လေးယောက်ထဲက တစ်ယောက်ယောက်လိုမျိုးပေါ့။

အဘိုးနဲ့အဘွားက အထင်ကရတို့နဲ့ အတူတူနေသည်။

ရွှေတောင်ကြားက ခြံကျယ်ကြီးထဲမှာ အန်ကယ်လေး မိုက်ကယ်ဂျက်တို့နေတဲ့ တစ်ထပ်တိုက်လေးလည်း ရှိသေးသည်။

အထင်ကရရဲ့ဖေဖေက ကမ္ဘာပတ်နေရတာဆိုတော့ မေမေက ပျင်းလို့ဆိုပြီး သူ့အမျိုးတွေခေါ်တင်ထားတာ. . နှစ်ထပ်တိုက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



မှာကျတော့ အထင်ကရတို့မိသားစုရယ်၊ အဘိုးနဲ့ အဘွားရယ်၊ ဘာ အလုပ်မှ မလုပ်ဘဲ အားအားရှိ မိန်းမတွေငမ်းပြီး အချိန်တန်ရင် ညီမ သုံးယောက်က တစ်ယောက် တစ်သိန်းစီ ထောက်ပံ့ပေးနေရတဲ့ ဦးလေး ကြီး မိုက်ကယ်သက်လည်း နေသည်။ တစ်ပြုံတစ်မကြီးနဲ့ ပျော်စရာကြီး ပေါ့။

မေမေ့စကားပုံက ဘာတဲ့. . သစ်တစ်ပင်ကောင်းရင် ငှက် ငါးထောင်နားရတယ်ဆိုပဲ။

ယောက်ျားဘက်က ကျန်တဲ့ ငါးထောင်တော့ လုံးဝလာနား မယ်မကြံနဲ့။ လက်ပစ်ဒုံးထက် အဆပေါင်းများစွာပြင်းတဲ့ ပါးစပ်လောင် ချာနဲ့ အထုခံရမယ်သာ မှတ်တော့။

နောက်ပြီးတော့ မေမေတို့ညီအစ်မတွေက ယောက်ျားနိုင်တဲ့ နေရာမှာလည်း ပြိုင်ဘက်ကင်းပါပေရဲ့။

“ဟဲ့. . ဆရာမကြီး၊ ညည်း ဒီနေ့ ကျောင်းမသွားဘူးလား”

အဘွားက သူမကို မျက်စိနောက်လာပုံရသည်။ ကောက်ခါ ငင်ကာမေးလေလျှင် ဆရာမကြီးတို့က နှုတ်ခမ်းလေးကို အသာမဲ့ကာ

“ပျင်းလို့. . အဖော်လည်း မရှိဘူး၊ သူငယ်ချင်းတွေက သူတို့ ဘဲအဲတွေနဲ့ လိမ့်မယ်တဲ့. . အကျင့်ပုတ်တဲ့ဟာမတွေ၊ သူတို့ဘဲတွေနဲ့ မြန်မြန်ကွဲမှ နားအေးမယ်”





“ငါ သဘောပေါက်ပြီ. . လက်စသတ်တော့ အထင်ကရမေ ဘို့က ရည်းစားထားတဲ့နေရာမှာ မူကြိုအဆင့်ပဲ ရှိသေးတာကိုး. . ဆရာ မကြီးတို့ ဒီတစ်ခါတော့ သူငယ်ချင်းတွေ ကျော်တက်တာခံလိုက်ရပြီ မှတ်တယ်”

အဘွားက တဟားဟားနဲ့ရယ်နေတော့ အထင်ကရတို့ စိတ် ဆိုးလာပြီ။

“အဘွားနော်. . ကျောင်းမှာ အထင်ကရမေကိုမှမရရင် သေ တော့မယ့်လူတွေ တစ်ပုံကြီး. . မလိုချင်လို့ ခါချထားတာ. . သမီးထား မဲ့ ရည်းစားက မေမေတို့ထက် သာရမယ်လို့ပြောထားပြီးသား. . စောင့် ကြည့်လိုက် အဘွားရေ. . ကန့်လန့်ကာမချသေးဘူး”

“စောင့်ကြည့်ဆိုလည်း ငါ ရေဝေးမရောက်ခင်ထိပဲနော်. . . ရေဝေးရောက်သွားရင် ညည်း ဘယ်လိုလူနဲ့ညားမလဲဆိုတာ ငါ မသိ နိုင်တော့ဘူး”

“တော်ပြီ. . အဘွားနဲ့ ဒီနေ့ စကားပြောရတာ သိပ်အဆင် မပြေဘူး. . အပေါ်ထပ်မှာ game သွားဆော့တော့မယ်. . ဟွန်း”

စိတ်ဆိုးလာရင် သူမ လုပ်နေကျအတိုင်း. . ခြေထောက်ကို ဆောင့်ပြီးမှ အပေါ်ထပ်သို့တက်တော်မူသည်။

ဆိုဖာပေါ်မှာ ခြေချိတ်ထိုင်ပြီး ခြံထဲက အပင်လေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



အဆွေးမျက်လုံးနဲ့ကြည့်ကာ ဖုန်းပြောနေတဲ့ ဒေါ်ရွှေငုဝါကိုတွေ့တော့ အထင်ကရက တန်းပြီး သိလိုက်ပြီ။ မေမေ. . ဖေဖေနဲ့ဖုန်းပြောနေပြီ ဆိုတာ. .

ဒါနဲ့ပဲ ခြေသံကို လုံအောင်ထိန်းကာ ဘာတွေပြောနေသလဲ ဆိုတာ မျက်စိကြီးကြီး၊ နားကြီးကြီးထားပြီး နားထောင်နေလိုက်သည်။

"မောင်. . ကိုရီးယားမလေးတွေက တအားလှတယ်မဟုတ်လားဟင်. . ငုဝါနဲ့ဘယ်သူပိုလှသလဲဟင်"

အထင်ကရ ရယ်ချင်စိတ်ကို မနည်းထိန်းထားရသည်။ မေမေတို့များ ပြိုင်စရာရှားလို့ ကိုရီးယားမနဲ့သွားပြိုင်ရတယ်လို့. . ဟိုက ပိုလှမှာပေါ့။ ဒါပေမယ့် ဖေဖေက ဘာပြန်ပြောလိုက်သလဲ မသိပါဘူး။

"ဟယ်. . အဟုတ်လားမောင်. . သူတို့က ဒါကြောင့် လှနေကြတာပေါ့နော်. . ငုဝါအလှက natural ပေါ့ ဟုတ်လားဟင်. . ဆီလီကွန် မပါဘူးလေနော်"

"× × × × ×"

"အိုး. . မောင်နော်. . သူငယ်ပြန်ပြီး ဘာတွေ လာမေးနေတာလဲ. . သွား. . နားရှက်စရာတွေ၊ အဟင်း. . ဒါပေမယ့်လည်း ငုဝါမပြောရင် မောင် ဒီည အိပ်ပျော်မှာ မဟုတ်ဘူးလေ. . မောင် သိလား ငုဝါလေ မောင့်ကိုလွမ်းလို့ ထမင်းမစားနိုင်တာ ကြာပြီ မောင်ရဲ့"





အဟိ. . ရယ်ရတယ်တော့။

မေမေက ထမင်းဘယ်စားနိုင်မလဲ. . ညတိုင်း ဘော်ဘော်တွေနဲ့ ဟော့ပေါ့တို့ ဆူကီတို့ ကြေးအိုးတို့ ထွက်ထွက်ဆွဲနေတာကိုး။ ဖေဖေတို့တော့ လေလှိုင်းထဲကနေ အချစ်ခံနေရပြီ။

"ဒါဆို မောင် ရှေ့လထဲ ပြန်ရောက်မှာပေါ့နော်. . အိုး. . ငုဝါပျော်လိုက်တာ မောင်ရယ်၊ ဒါပဲနော်. . ငုဝါ မှာတာတွေ မမေ့နဲ့"

"× × × × × ×"

"အို. . သမီးက အရေးကြီးလား. . ငုဝါက အရေးကြီးလား၊ ပြော. . မောင်ပြော. . ဘာမဆို သူ့သမီးမှ သူ့သမီး. . ဟွန်း. . သမီးဆရာမကြီးအတွက် ဝယ်ပေးချင်သပဆိုရင်လေ ကိုရီးယားမင်းသားတစ်ယောက်သာ ဝယ်လာပေးလိုက်"

မေမေ့ရဲ့အငေါ်တူးသံကို သူမက အရေးထူနေပြီဖြစ်သည်။ သားအဖချင်း ချွဲချွဲနွဲ့နွဲ့နေချင်လို့လည်း မရ။ လက်ပွန်းတတီးနေတာလည်း မကြိုက်နဲ့. ဖေဖေ့ကို သူတစ်ဦးတည်းပိုင် လုပ်ထားတာ ကြာပြီလေ။

ဆက်ပြောလိုက်တဲ့ မေမေ့စကားဆုံးတော့ ခိုးနားထောင်နေတဲ့ အထင်ကရမှာ မအောင့်နိုင်တော့ဘဲ ဝါးလုံးကွဲရယ်ချလိုက်မိသည်။ မရယ်ချင်ဘဲ နေမလား. . မေမေပြောတာလည်း ကြည့်ဦးလေ။



www.burmeseclassic.com

www.burmeseclassic.com



"အိုး. . အဲဒီကိုရီးယားမင်းသားတွေနဲ့ မောင်က ယှဉ်စရာလား. . ဘာမှမဆိုင်ဘူး၊ အိုးနဲ့နံ့သာဆီလိုပဲ. . ငုဝါဘဝမှာတော့ ငုဝါရဲ့မောင်က မင်းသားပဲ"

"အဟတ်. . ဟား. . ဟား. . ဟီး. . ဟီ. . ."

မေမေ ညာဖြီးနေတာ. . တကယ်တော့ ဖေဖေက ရုပ်ရည်တင် မွဲတာမဟုတ်ဘူး၊ အရပ်ကလည်း ပုသေးတယ်။ ကိုယ့်အဖေမို့ ကိုယ်ပြောတာ မဟုတ်ပါဘူး။ ကပ္ပတိန် ဆိုတဲ့ ရာထူးလေး ကယ်နေလို့သာ လူရာဝင်နေတာ. . မေမေပြောတဲ့ အိုးနဲ့နံ့သာဆီဆိုတာ ဟုတ်လောက်ပါတယ်။ ဒါပေမယ့်. . အိုးပုံကတော့ ဖေဖေပဲ ဖြစ်မှာ သေချာပါတယ်။

အနားကပ်ပြီး အာပြဲကြီးနဲ့ အော်ရယ်နေတဲ့. . အထင်ကရကြောင့် ဒေါ်ငုဝါတို့ ဖုန်းလိုင်းပြတ်သွားသည်။

"တော်ပြီ မောင်. . ဒီမှာ သာသနာဖျက်မ လာနေပြီ အင်း. . အင်း. . ဒါပဲ"

ဖုန်းပြောပြီးတော့ အထင်ကရဘက်ကိုလှည့်လာကာ ဘီလူးဆိုင်းတီးပြီ။

"နေစမ်းပါဦး. . ညည်းက ဒီနေ့ ကျောင်းမသွားဘူးလား. . အလုပ်မရှိ အကိုင်မရှိ အမေဖုန်းပြောတာကို လာဟားနေရတယ်လို့





အဲဒါ ညည်း ဝါ့လွှတ်လပ်ခွင့်နဲ့ လူ့အခွင့်အရေးကို ချိုးဖောက်တာ. . တင်း"

"အဲဒီလိုဖြစ်သွားလို့လား. . ဒါဆို ဆောရီးနော် မေမေ. .၊ သမီးက ပျင်းလို့ စမိတာပါ၊ မေမေကလည်း ဒေါသချည်းပဲ. . တစ်ရက်တလေလေး အိမ်မှာနေတာ အဘွားက ဆူလိုက်၊ အမေက ဆူလိုက်နဲ့ ဒီအိမ်မှာ ဟောဒီမျက်နှာကို တစ်ယောက်မှမမြင်ချင်ဘူးနဲ့တူတယ်၊ ဆော်ပြီ. . ကျောင်းသွားတက်တာပဲ ကောင်းတယ်. . သွားတော့မယ်"

စိတ်ဆိုးပြီး ခြေဆောင့်သွားပြန်ပြီ။

ဒီသမီးနဲ့တော့ ခက်တော့တာပါပဲ။ ပညာရေးမှာဆိုလည်း အရမ်းကြီးထွန်းပေါက်နေတာမျိုးမဟုတ်။ ဆယ်တန်းကို ရှိုးရှိုးပဲ အောင်လို့ သချာပဲ ယူထားရတာ။

ဒါပေမယ့် ပြောလိုက်ရင်တော့ လေကြီးမိုးကြီးတွေ. . ဒီအိမ်မှာတော့ သူပဲ ဘုရင်မဆိုတော့ သူ့စကား အကုန်အောင်နေတာပေါ့။

နောက်ပြီး သူ့အကျင့်က ကုလားမနိုင် ရခိုင်မဲ ဆိုသလို သူနိုင်ရတဲ့သူကို လှည့်ပြီး မဲတတ်သည်။ အခု သူ့အမေနဲ့ပြဿနာတက်ထားရင် ခဏနေကျလို့ရှိရင် သူ့ဦးလေးမိုက်ကယ်သက်ကို မဲပါတော့မည်။

◆



www.burmeseclassic.com

www.burmeseclassic.com

(၂)

မိုက်ကယ်သက်သည် အိပ်ရမှာလည်း ပျင်း၊ ထရမှာလည်း ပျင်းပျင်းရှိတာနဲ့ အိပ်ရာထဲမှာ ဆက်ပြီးနှပ်နေလိုက်သည်။ စားပွဲပေါ်က နာရီလေးကို လှမ်းကြည့်လိုက်တော့ ဆယ်နာရီထိုးဖို့ ဆယ့်ငါးမိနစ်လောက် လိုနေသေးသည်။ ဒီအချိန် ထသွားရင် ထမင်းဟင်းလည်း ကျက်သေးမှာ မဟုတ်။

မိန်းမတောင် ပျင်းလို့မယူတာဆိုတော့လည်း အလုပ်လုပ်ဖို့ဆို ပိုတောင် ပျင်းသေး။ ကိုယ့်ကုသိုလ်နဲ့ကိုယ်လာတာဆိုတော့ အချိန်တန်ရင် အိတ်က ဖောင်းပြီးသား။

သူ့မှာ လုပ်စရာအလုပ်က တစ်ခုပဲရှိသည်။ နေ့တိုင်း ဘုရားရှိခိုးပြီး သူ့ညီမတွေ လင်များများနိုင်ပါစေဟု ဆုတောင်းခြင်းပင်။ ခုချိန်ထိတော့ သူ့ဆုတောင်းက ပြည့်နေသေးပုံရသည်။ ညီမတွေက လင်နိုင်လို့သာ သူ့ကို တစ်လတစ်ကြိမ် မုန့်ဖိုးပေးကြတာပေါ့။





"လေးလေးသက်"

အနားကပ်ပြီး အလှူအိမ်က လော်နဲ့အော်သလား အောက်မေ့ရသည်။ မိုက်ကယ်သက် ဆိုတဲ့ သူ့မှာတော့ အဲဒီအသံပိုင်ရှင်ကို အကြောက်ရဆုံးပင်။ သူ့အလိုလိုက်ပြီး သူ့အကြိုက်မဆောင်နိုင်ရင် ဒီအိမ်ပေါ်က ခေါင်းနဲ့ဆင်းရမှာဆိုတော့လေ. . .။

"ဝေ. . "

"ဝေ နောက်မှာထား၊ လူအရင်လာခဲ့. . ဘယ်အချိန်ရှိနေပြီလဲ. . နေ့တိုင်း နေဖင်ထိုးလည်း မထတော့ နေလုံးက လေးလေးဖင်ကို မထိုးတော့ဘူးတဲ့"

လေးလေးသက်က ကပျာကယာတံခါးဖွင့်ပြီး

"ဟဲ့. . ဒါဖြင့် သူက ဘယ်သူ့ဖင်ထိုးမှာတုန်း"

"ကောင်မလေးတွေ. . အဲလေ. . ဘာတွေလာပြောနေတာလဲ. . သွား မျက်နှာသွားသစ်၊ အာပုပ်စော်က နံလိုက်တာ"

"ဟဲ. . ဟဲ. . ညည်း တစ်ယောက်ယောက်နဲ့ကျိုင်တက်လာပြီ မဟုတ်လား၊ မှန်မှန်ပြောစမ်း"

မိုက်ကယ်သက်က အထာသိနေတဲ့ ဆရာကြီးစတိုင်အပြည့်နဲ့ တူမဖြစ်သူကို ဖမ်းမေးပစ်လိုက်သည်။

"သိရင်လည်း ငြိမ်ပြီးနေပါလားလို့. . ဘာလို့ လာဆွနေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ. . ဒါပဲနော် လေးလေး. . ဆယ်မိနစ်အတွင်း အပြီးလုပ်ပြီး ဆင်းလာခဲ့. . ဒါပဲ"

ကြည့်စမ်း. . ကြည့်စမ်း. . လုပ်သွားတဲ့ မျက်နှာပေးကိုက ရိုက်ပေါက်။ တူမလေးတစ်ယောက်ရှိပါတယ်. : ဦးလေးတစ်ယောက်ရဲ့ Authority တွေ ပျောက်နေတာ ကြာပြီ။ သူချည်းပဲ ဆရာ လုပ်နေတာ။

မိုက်ကယ်သက်မှာ တူမကိုကြောက်ရတာမို့ ဘိုထိုင်ပေါ် မှာ ထိုင်ရင်း သွားတိုက်နေရတဲ့အဖြစ်။ ဆယ်မိနစ်အတွင်းဆိုပဲ. . .

အရင်လို အလုပ်မရှိအကိုင်မရှိ ပျင်းပျင်းရှိတိုင်း ဘိုထိုင်ပေါ် မှိမ်ဆွဲထိုင်နေလို့မှမရတော့တာ. . . ကိုယ့်ကိစ္စ ကိုယ်ရှင်းပြီး breakfast ပင် မစားနိုင်တော့ဘဲ ကားဆီ ပြေးလာရသည်။ မချောက ကားပေါ်မှာထိုင်ပြီး ကားဒရိုင်ဘာကိုစောင့်ရလို့ စိတ်မရှည်တဲ့ ဒီဇိုင်းနဲ့. မိုက်ကယ်သက်က ကားပေါ်အပြေးတက်ရင်း

"ကဲ. . လေးလေးသက် ဘယ်ကိုမောင်းရမလဲ မိန့်တော်မူပါ"

"ခုနက အသွားနဲ့မေမေ့ကို စိတ်ဆိုးလို့ ကျောင်းသွားမယ်လို့ ပြောပြီးထွက်လာတာ. . အခု စိတ်ပြောင်းသွားပြီ၊ ဟိုမမတွေနောက်ကို လိုက်ချောင်းမယ်၊ ပြီးရင် ဝင်ပြီးပွဲဖျက်မယ်၊ ဒါပဲနော် အထင်ကရ ရေးတဲ့ဇာတ်ညွှန်းမှာ လေးလေးက ဝင်ပြီး သရုပ်ဆောင်ရမယ်"





မိုက်ကယ်သက်ရဲ့ပြူးနေတဲ့ မျက်လုံးတွေက နှစ်ဆလောက် ပိုပြီးပြူးလာသလား ထင်ရသည်။ နောက်ကြည့်မှန်ထဲမှာ ပေါ်နေတဲ့ တူမတော်လက္ခဏာကို အထိတ်တလန့်ကြည့်ပြီး

"ဟဲ့. . ညည်းဇာတ်လမ်းထဲ ငါက ဘာလို့ပါရမှာလဲ၊ သူများ ချစ်ခြင်းကို ခွဲဖို့မစဉ်းစားနဲ့. . ဝင့်လိုက်တတ်တယ်နော်. . ငါမပါဘူး နော်၊ ဒီဘဝမှာတောင် ဖြစ်ဖြစ်မြောက်မြောက်နဲ့ ရည်းစား သုံးယောက်လောက် မထားနိုင်သေးတာ. . ဒါနဲ့နေစမ်းပါဦး။ ညည်းက ဘာလို့ သူတို့ကိုကွဲစေချင်တာလဲ"

အထင်ကရရဲ့အကြောင်းပြချက်က ပြတ်သည်။

"အားတိုင်းယားတိုင်း ရည်းစားနဲ့ချိန်းနေတာ ကြည့်လို့ မရလို့. . ရှင်းပြီလား"

မိုက်ကယ်သက်က တဟားဟားအော်ရယ်သည်။

"အေး. . ညည်းမှာ ချိန်းတွေ့စရာ ရည်းစားမရှိသေးတော့ ဘယ်ကိုယ်ချင်းစာတတ်မလဲ"

"လေးလေး. . မျှော်စင်ကျွန်းကိုမောင်းပေး"

"နင်. . ဟိုရောက်ရင် ငါ့ကို မုန့်ဝယ်ကျွေးရမယ်နော်. . ငါ ဗိုက်ဆာနေပြီဟ"

"ကျွေးမယ်. . ကျွေးမယ်. . မြန်မြန်မောင်း"



www.burmeseclassic.com

www.burmeseclassic.com



အထင်ကရရက မြတ်နိုးခင်ဆီ ဖုန်းဆက်ပြီး

"ဟဲ့ . . နင် အခုဘယ်မှာလဲ"

". . . . . . ."

"ဩော် . . . မျှော်စင်ကျွန်းမှာလား . . ငါထင်တော့ ထင်သား ပဲ . . နင့်ဘဲဘဲရော ဘာလုပ်နေလဲ"

". . . . . . ."

"ဘာ . . ကိုင်နေတယ် ဟုတ်လား . . . ဘုရား . . ဘုရား . . သွားပြီပေါ့ မိန်းမရယ်"

". . . . . . ."

လေးလေးသက်က နားကြီးကိုစွင့်ပြီး နားထောင်နေသည်။ အဟိ . . ကောင်းခန်းရောက်နေပြီ။

"ဩော် . . မဟုတ်ဘူးလား၊ ဒါဖြင့် သူကိုင်ထားတာက ရေ ချောင်းကြီးပေါ့။ မကြီးမငယ်နဲ့ဟာယ်"

". . . . . . ."

"ဘာပြောတယ် . . အမယ် . . ခုကျတော့ နင့်က ငါ့ကို သာ သနာဖျက်လို့ပြောချင်နေတာပေါ့လေ . . ဟုတ်လား မြတ်နိုး၊ ရတယ် . . ကျောင်းရောက်ရင် နင် ငါ့ကို လုံးဝလာမခေါ်နဲ့ . . အထင်ကရမငေ့ က ဟင်ဆိုရင် လှည့်ကြည့်တဲ့အစားမဟုတ်ဘူး နားလည်လား"





ဟိုက ဘာပြောလိုက်လို့လဲ မသိပါဘူး . . အထင်ကရမေက စိတ်ဆိုးမာန်ဆိုးနဲ့အော်ပြီး ဖုန်းကို ချပစ်လိုက်သည်။ အင်း . . ကုလား မနိုင်တော့ သူ့ဘက်မဲကျဖို့ များနေပါပြီ။

ပြောလို့မှ မဆုံးသေးဘူး . . .

"လေးလေးတို့ကလည်း ဘာမှ အသုံးမကျဘူး၊ 2012 ကား တို လိပ်တွားသလို မောင်းနေတယ်၊ ရောက်ပါဦးမယ် အားကြီးကြီး"

"အေး . . ပြော . . ပြော၊ ညည်းပဲပြော . . သိလား၊ ဖြိုင်ကား လိုမောင်းလို့ တိုက်ရင် ငါပဲ ဂျေးထဲရောက်မှာ"

"ရောက် . . ရောက်ပေါ့ . . လေးလေး ထောင်ထဲရောက်သွား လည်း ငိုမယ့်သူမှမရှိတာ၊ ဘာတွေတွေးပြီး ပူနေတာလဲ"

ဒါပဲ . . ပြောလိုက်ရင် ဆရာမကြီးလေသံနဲ့။ ဖြိုင်ပြောလည်း နိုင်မှာမှ မဟုတ်တာ။ အဲဒီတော့ ရှုသမျှကားအားလုံးကို ကျော်တက် ပြီး မျှော်စင်ကျွန်းထဲကိုကွေ့ဝင်ပေးလိုက်တယ်။

မြန်မြန်ရောက် မြန်မြန်အေးရော .

"ဟုတ်ပြီ . . ဟုတ်ပြီ . . သူတို့ ဘယ်မှာရှိလဲဆိုတာ . . မျက်စိ ကြီးကြီး၊ နားကြီးကြီးနဲ့ ဖြူးပြီးကြည့်စမ်းပါ . . တကတည်း ကိုယ့်တူမ လေးက အဝေးမှုန်ပါတယ်ဆိုမှ အလိုက်ကို မသိဘူး"

မိုက်ကယ်သက်လည်း ရှုရှုသမျှ view အားလုံးကို ဖြူးပြပြီး



www.burmeseclassic.com

www.burmeseclassic.com



ရှာပေးတော်မူသည်။ ခက်နေတာက . . အထင်ကရမရဲ့သူငယ်ချင်း ဆိုတာ ဖြူသလား၊ မည်းသလား၊ ပိန်သလား၊ ဝသလား ဆိုတာ သူမှ မသိတာ . .

ဒီနေ့ ဒရိုင်ဘာမလာလို့ သူလိုက်ပို့ပေးရတာဆိုတော့ . .

"ဟဲ့ . . ညည်းသူငယ်ချင်းကို ညည်းရှာလေ . . ငါမှမသိတာ၊ ပြောတော့ အဝေးမှုန်တယ်ဆိုပြီး အတွဲက ချောင်းချင်သေးတယ်"

"ရှာနေတာပဲဟာ . . သိပြီ လေးလေး . . သူတို့ ဟိုဘက်က အသည်းပုံကျွန်းလေးမှာ ရှိနိုင်တယ်၊ ကွေ့ . . ကွေ့ . . လေးလေး၊ ဟိုဘက်က ကလေးကစားကွင်းနားကိုမောင်း"

စားသောက်ဆိုင်တွေနားက တံတားလေးကို တွေ့တော့ . . အထင်ကရက

"လေးလေး . . မျက်မှန် . . နေကာမျက်မှန်တပ်ထားစမ်းပါ"

"အမယ် . . ဘာလို့တပ်ရမှာလဲ . . ငါက ဖြောင့်ပြီးသား . . ဟဲ . . ဟဲ"

အထင်ကရမေက ကားဒက်ရှ်ဘုတ်ပေါ်က မျက်မှန်ကို ဇတ်ကနဲယူပြီး မိုက်ကယ်သက်ကို ပေးလိုက်သည်။

"တပ်ဆိုတပ် . . ဘာမှ မရှုပ်နဲ့၊ ပြီးရင် . . ဒီတံတားထိပ်မှာ ရပ်နေ . . သမီး လှမ်းခေါ်ရင် ဒေါ်နဲ့ မောနဲ့ ခုပဲ လူသတ်တော့မယ့်





ဒီဇိုင်းနဲ့ လျှောက်လာရမယ်နော် . . ဟိုမှာ . . ဟိုမိန်းမကို တွေ့နေရပြီ၊ ကော်အနီလေးနဲ့လေ"

မိုက်ကယ်သက် လှမ်းကြည့်တော့ အသားဖြူဖြူ ဗလတောင့်တောင့်နဲ့ ရှမ်းတရုတ်ကောင်လေးက တူမလေးရဲ့သူငယ်ချင်းကို ပယ်ယယ်နယ်ယ်ကြီးကို ဖက်ထားတာ။

"ဟဲ့ . . ဟဲ့ . . ကောင်မလေး၊ မသွားနဲ့ . . မသွားနဲ့လေ . . ဟိုမှာ သူများတွေ ကောင်းခန်းရောက်နေကြပြီ၊ ဟဲ့ . . သာသနာဖျက် လေး"

အမယ်လေး . . မယ်မင်းကြီးမ ပြေးသွားလိုက်တာမှ လစ်ခနဲ လစ်ခနဲပဲ။ ဘာတွေများ သွားပြီး ပြဿနာရှာဦးမလဲ မသိပါဘူး။

အထင်ကရမေက မြတ်နိုးခင်တို့စုံတွဲအရှေ့မှာ သွားရပ်ပြီး ခက်နာအမူအယာကိုပါ ကတ်ချိန်းကာ အရမ်းကြောက်ပြီး အရမ်းစိုး ရိမ်နေတဲ့ ဒီဇိုင်းနဲ့

"မြတ်နိုး . . မြတ်နိုး . . ဒုက္ခတော့ များပြီ နင် . . နင့်ဘဲ . . နင့်ဘဲကြီးကို ငါ ဟိုတံတားထိပ်မှာတွေ့ခဲ့တယ်"

ဆရာမကြီးရဲ့အတည်ပေါက်ဒီဇိုင်းနဲ့ အမောတကောစကား အဆုံးမှာ မြတ်နိုးခင်နံဘေးက ကောင်လေးက -

"မြတ်နိုး . . . မင်းက ငါ့ကို အချဉ်ဖမ်းတာလား၊ ခွင်ရိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



လား. . ပြောစမ်း. . ဟိုတံတားထိပ်က လူကြီးက ဘာလဲ. . မင်းရဲ့စပွန်ဆာလား"

မြတ်နိုးခင်ရဲ့မျက်နှာက ပန်းသီးတစ်လုံးလို နီရဲနေပြီ။

အထင်ကရမေကို စားတော့ဝါးတော့မလိုကြည့်ပြီး

"ဆရာမကြီး. . နင်. . နင်. . ဒါဘာလာရှုပ်တာလဲ"

ဆရာမကြီးတို့က ပန်းကို ဟန်ပါပါတွန့်ကာ နှုတ်ခမ်းပါးလေးကို မဲ့ရင်း

"ဒီမယ်. . နင့်ဟာနင် လှေနံနှစ်ဖက်နင်းထားတဲ့ကိစ္စ ငါ့ကို ဘာမှလာဆွဲထည့်မနေနဲ့. . ဒီက ကို. . ဘယ်သူ. ."

အထင်ကရမေက မြတ်နိုးခင်ရဲ့ရည်းစားကို နာမည်မေးလာတော့ ဟိုကလည်း အထစ်ထစ်အငေါ့ငေါ့နဲ့ "ရဲလင်းကိုကို"ဟု ပြောသည်။

"ဟုတ်ပြီ၊ ကိုရဲလင်းကိုကို. . ဒီကနေ အမြန်ရှောင်သွားရင် ကောင်းမယ်သိလား. . ဟိုဘိုးတော်က ဝေ့လည်တင်းနေတာနော်"

"ဟား. . ဟား. . သူပဲ စိတ်ရှိတာ မဟုတ်ဘူးနော်. . သူက တင်းရင် ကျုပ်ကလည်း ဗျင်းပြီးသားပဲ"

"ပြီးရောလေ. . ကျွန်မက စေတနာနဲ့ လာပြီး သတိပေးတာ အမှန်တော့ သူများချိတ်ပြီးသား နံပါတ်ပြားကြီးကို ဘာလို့ သုံးတော့





မလဲနော်. . ဟော. . ပြောရင်းဆိုရင်း လာနေပြီ. . မြတ်နိုး. . ငါတော့ သွားပြီ"

တကယ်တမ်းရင်ဆိုင်ရတော့မည်ဆိုတော့ မြတ်နိုးခင်တို့သတ္တိက ကောင်းသည်။

"ဟဲ့. . ဆရာမကြီး၊ နေဦး. . ငါလည်း လိုက်မယ်၊ ဟိုလူကြီး ပုံစံက ကြောက်စရာကြီး၊ ရုပ်ရှင်တွေထဲက စိတ္တဇလူသတ်သမားနဲ့တူတယ်"

လေးလေးသက်သာ ကြားရင် တက်ပြီး သေသွားလောက်သည်။ အမှန်တော့ ဆရာမကြီးက လက်တခါခါ ခေါင်းတခါခါနဲ့ စကားပြောနေတာကို သူ့ကို ခေါ်တယ် အောက်မေ့ပြီး မိုက်ကယ်သက်က ကြွတော်မူလာသည်။

"ဒါဆိုလည်း လာဟာ. . ငါတို့ ဟိုဘက်နားကဆိုင်မှာ မုန့်သွားစားရအောင်. . သူတို့ဟာသူတို့ ဘယ်လိုရှင်းရှင်း"

"အေး. . ဗိုက်ဆာနေတာနဲ့ အတော်ပဲ၊ ဟိုဂိုက်းစတားရုပ်နဲ့လူက မမိုက်ပါဘူးဟာ. . ငါ့မှာ ရည်းစားလေးတစ်ယောက် ဖုတ်ပူမီးဘိုက် ထားမိပါတယ်၊ ဘယ်က လူမသိ သူမသိ ခိုးကြောင်ခိုးဝှက် ရည်းစားက ပေါ်လာသလဲ မသိပါဘူး၊ အကြောင်းမသိရင်တော့ လူအထင်ကြီးစရာပဲနော်"



www.burmeseclassic.com

www.burmeseclassic.com



မြတ်နိုးခင်က . . အထင်ကရမေ နောက်ကို အားကိုးတကြီး လိုက်သွားချိန်တွင် မိုက်ကယ်သက်နှင့်ရဲလင်းကိုကိုတို့မှာ ဝက်နှင့်ငါး ဖောင်ရိုး မျှော်စင်ကျွန်းတွင် တွေ့နေကြသည်။

ဆရာမကြီးတို့ ဇာတ်ညွှန်းကို ဘယ်လိုရေးသွားမှန်းမသိပေမယ့် အသားလေးမှိန်းပြီး သရုပ်ဆောင်ရမယ်ဆိုပဲ။

အဲဒီလောက်ကတော့ မိုက်ကယ်သက်တို့အတွက် ထမင်းစားရေသောက်ပါ။ ငယ်ငယ်တုန်းက မင်းသားပိုး ထဖူးပြီးသားဆိုတော့ အေးဆေးပေါ့။

"ဟယ်လို့ . . ဘယ်လိုလဲ ငါ့ကောင်မလေးနဲ့တွဲရတာ အဆင်ပြေရဲ့လား"

ရဲလင်းကိုကိုက ယောင်ပြီးဖြေသည်။

"ကောင်းတယ် . . ရှယ်ပဲ"

မိုက်ကယ်သက်ကလည်း ပါးစပ်ထဲ တွေ့ကရာ ဒိုင်တွေနဲ့ ဖောသည်။

"ရှယ်လား၊ မရှယ်လားတောင် ခွဲခြမ်းစိတ်ဖြာပြီးပြီပေါ့ . . . ဟုတ်လား"

"ဒါနဲ့ နေစမ်းပါဦး . . ခင်ဗျားက မြတ်နိုးခင်နဲ့ ဘယ်လိုပတ်သက်သလဲ"





တပ်ထားတဲ့မျက်မှန်ကို ဟန်ပါပါပင့်တင်ရင်း လေတစ်ချက်ချွန်ကာ

"အဲဒါ . . ငါ့မိန်းမ"

"ဗျာ . . ."

ကဲ . . မှတ်ကရော . . တစ်သက်နဲ့တစ်ကိုယ် တစ်ခါမှမရဖူးသေးတဲ့ မိန်းမ . . ခုလိုပြောရတာ ပါးစပ်အရသာရှိလိုက်တာနော်။

"ဟုတ်တယ် . . မဗျာနဲ့၊ မင်း ဂိုးတော့ . . ကြာကြာနေရင် မင်းကို ငါ မယားခိုးမှုနဲ့တရားစွဲမိလိမ့်မယ် . . ဘယ့်နှယ်ကွာ . . ကိုယ်တွဲတဲ့ မိန်းမမှာ ယောက်ျားရှိမှန်း မရှိမှန်းတောင် မသိတဲ့ကောင်"

ရဲလင်းကိုကို မျက်နှာကြီးတည်နေရာမှ မဲ့လာသည်။

မဲ့နေရာမှတစ်ဖန် ပြုံးလာပြီး မိုက်ကယ်သက်မျက်နှာနား ကပ်ကာ လေသံဖြင့်

"သေချာလား . . တရားစွဲမှာ သေချာတယ်ဆိုရင် ခင်ဗျားမိန်းမကို ပြန်ခေါ်ပေး၊ ဘာမှမလုပ်ရသေးဘဲနဲ့တော့ ထောင်ထဲ အဝင်မခံနိုင်သေးဘူး၊ တန်အောင်တော့ . . . ဟင်း . . ဟင်း . . "

ကျော့ချမ်းချင်စရာကောင်းလိုက်တာ။ ဒီကောင့်ပုံက ပြောရင် ပြောသလိုလုပ်မယ့်ရုပ်ကြီး။ ကိုယ်ကလည်း ဖောလိုက်တာ လွန်သွားပြီ။ မြတ်နိုးခင်ရဲ့ရည်းစားလို့ မပြောဘဲ ယောက်ျားဆိုပြီး သွား



www.burmeseclassic.com

www.burmeseclassic.com



ပြောမိတာကိုး။ ဒါပေမယ့် မိုက်ကယ်သက်ပဲလေ. . ဘယ်အကြောင်းပါ့မလဲ။

"မင်း ငါ့မိန်းမကို ဘယ်စမ်းလို့ရမလဲကွာ. . သူက ငါ့ကိုစိတ်ဆိုးတုန်းမို့ မင်းနဲ့တွဲပြနေတာကွ၊ သူ့သစ္စာတရားကိုတော့ ငါယုံတယ်ကွာ. . အဲဒီတော့ ရှင်းရှင်းပဲ ပြောလိုက်မယ်. . မင်း လာမျှော်မနေနဲ့တော့. . မျှော်လည်း မောရုံပဲ ရှိမယ် ကိုယ့်လူ. . ဟဲ. . ဟဲ. . "

ရဲလင်းကိုကိုကလည်း အားကျမခံ ပြန်ပက်သည်။

"ကျုပ်ကလည်း အပျိုအောက်မေ့လို့ အလှကြည့်ထားတာ အဒိုဆိုလို့ကတော့ ကိုင်ပြီးသားပဲ"

"မင်း မိုက်ရိုင်းလှချည်လားကွ. . ကဲကွာ"

"ခွပ်. . ခွပ်. . ခွပ်"

စထိုးတာက မိုက်ကယ်သက်ပါ။

ဒါပေမယ့် ရဲလင်းကိုကိုက ငုံ့ရှောင်သွားပြီး ကလန်ကလား မိုက်ကယ်သက်ရဲ့မေးရိုးကို လက်သီးနဲ့ပစ်ထိုးထည့်လိုက်တာ နဂိုကမှ လေတိုက်ရင် လဲနိုင်တဲ့ ဘော်ဒီပိုင်ရှင်လေးဆိုတော့ မိုက်ကယ်သက်ခမျာ နောက်ပြန်လဲကျသွားသည်။

"မင်း ငါ့ကိုကြောက်ပြီလားကွ၊ မှတ်ပြီလား၊ ဟင်. . မိုက်ကယ်သက်တဲ့ မှတ်ထား၊ သူများအကြော နည်းနည်းမှခံတာ မဟုတ်ဘူး"





လေလုံးတွေ ထွားနေတာ. . နေတော့ သူက အောက်က။ ရဲလင်းကိုကိုက သူ့အပေါ်က ခွစီးထားပြီး ပယ်ပယ်နယ်နယ်ကိုင်နေတာ။ အဲဒါကို မိုက်ကယ်သက်က လူကြားကောင်းအောင် အော်အော်ပြီး ပြောနေသေးတာ။

မသိရင် သူကပဲ ကျွေးနေသလိုလို။

အဲဒီအချိန်မှာပဲ မိုက်ကယ်သက်ဆီကို အထင်ကရမေက ဖုန်းဆက်လာသည်။

"ဟေ့ကောင်. . ဝက်ကြီး၊ ခဏနေဦးကွ. . ငါ ဖုန်းကိုင်လိုက်ဦးမယ်"

ဟိုဝက်က အပေါ်စီးကဆိုတော့ သူ့လက်သီးသူ ခဏ stop ထားပြီး နားထောင်နေလိုက်သည်။

"လေးလေး. . . အဆင်ပြေရဲ့လား"

"ပြေတော့ပြေပါ့ကွာ. . ဒီမှာ ငါရေလည်ကျွေးထားလို့ ဟိုဝက်ကြီး မှောက်နေပြီကွ. . ဟဲ. . ဟဲ. . ဒါတောင် အားသိပ်ထည့်ထားတာ မဟုတ်ဘူး"

"ဟုတ်ရဲ့လား လေးလေးရယ်. . အခု တွေ့နေရတာတော့ လေးလေးက အောက်ကနော်. . ရေလည်ခံနေရတာပဲတွေ့တယ်"

"ဟဲ့ကောင်မလေး. . နင်. . နင် လာချောင်းကြည့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



မဟုတ်လား . . အခု ဘယ်မှာလဲ ကမြင်းမလေး . . နင့်အရှုပ်ထဲ ငါ၀င်ပါမိလို့ ခံနေရတာဟဲ့ . . တော်ပြီ . . ငါ အိမ်ပြန်တော့မယ် . . ဒါပဲ"

မိုက်ကယ်သက်ပြောနေတာတွေ ကြားပြီး ၀က်ကြီးက ရယ်နေသည်။

"ခင်ဗျား တော်တော်လေလုံးထွားတဲ့သူပဲ . . လက်လန်တယ်ဗျာ . . တကယ် . . တကယ်"

"မင်းဟာမင်း ထင်ချင်သလိုထင်ကွာ . . ဒီနေ့တော့ ငါ အိမ်ပြန်မှကို ဖြစ်မှာ . . အိမ်မှာ ငါ့မိန်းမ မြတ်နိုးခင်လေး စောင့်နေပြီကွ"

"ဟား . . ဟား . . ဟား . . ဟား . . . ရယ်ရလွန်းလို့ အူတွေတောင် လိမ်ကုန်ပြီ၊ လက်စသတ်တော့ . . ဟာသကား လာရိုက်နေတာကိုး"

မိုက်ကယ်သက်က ရဲလင်းကိုကိုကို ပေစောင်းစောင်းနဲ့ကြည့်ပြီး လစ်ထွက်လာခဲ့သည်။ ရဲလင်းကိုကို အော်ပြီးပြောလိုက်တဲ့စကားကိုကြားတော့ ယောက်ျားကြီးတန်မဲ့ ခြေပါခေါင့်ပြီးထွက်သွားလေရဲ့။

"ဟေ့လူကြီး . . မနက်ဖြန်ကျရင် ရွာသာကြီးကို သွားလိုက်ဦးနော် . . ဟား . . ဟား"

ဆရာမကြီးရဲ့ စကားတစ်ခွန်းက . . အတော့်ကို တာသွားပါသည်။ မြတ်နိုးခင်ကို စေတနာပါပါလေး အသိပေးလိုက်တာကတော့





ရဲလင်းကိုကိုဆိုတဲ့ ၀က်ကြီးဟာ လူစဉ်မမီပါဘူးတဲ့ . . မြတ်နိုးခင်ရဲ့မျက်လုံးတွေဟာ အဆမတန်ပြူးကျယ်ထွက်လာပြီး

"အထင်ကရ . . နင် . . နင် ဘယ်လိုလုပ်ပြီး သိနေတာလဲ . . သူ့ရည်းစားဖြစ်တဲ့ ငါတောင် မသိဘဲနဲ့"

အထင်ကရမေကလည်း ဆရာမကြီးဆိုသည့်အတိုင်း -

"အေးလေ . . သူ့ရည်းစားမို့လို့ နင် မသိတာပေါ့ဟဲ့ . . အဲဒါဘာမှမဆန်းဘူး . . ဒါပေမယ့် လင်မယားဖြစ်လာလို့ရှိရင် . . ဟင်း . . ဟင်း . . အသိနောက်ကျလေခြင်း . . ဆိုပြီး နင် နောင်တရနေမှာစိုးလို့ ငါ ဖွင့်ပြောရတာ၊ ဒီလိုဟဲ့ . . . ငါ့အဒေါ် ယောက်ျားရဲ့ဆေးရုံမှာ နင့်အကောင် လာတက်ဖူးတယ်"

မြတ်နိုးခင်က ပါးစပ်လေးအဟောင်းသားနဲ့နားသောတဆင်နေလေရဲ့။ အထင်ကရမေက မြတ်နိုးခင်မျက်နှာကို တစ်ချက်အကဲခတ်သလိုကြည့်ပြီးမှ ဆက်ပြောသည်။

"အဲဒီမှာပဲ ကင်ဆာဆိုတော့လဲဟယ်"

"ဘာလဲ . . ဘာကင်ဆာလဲ အထင်ကရရဲ့"

"နင်ကလည်း ပြန်းလိုက်တာဟာ . . လူစဉ်မမီပါဘူးဆိုမှ . . အဓိကနေရာမှာ ကင်ဆာဖြစ်လို့ပေါ့ဟဲ့၊ အဲဒီမှာ တစ်ခါတည်း operation လုပ်ခဲ့ရတယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားရေ . . ဒါဆို သွားပြီပေါ့"

မြတ်နိုးက သူ့ရင်ဘတ်သူ လက်ကလေးနဲ့ဖိပြီး ပြောသည်။ ဆရာမကြီးက ဆက်ပြီး –

"နင် စဉ်းစားလေ . . ဒီကောင့်ကိုယူရင် နင့်မျိုးဆက်ပါ ပြတ်သွားမှာနော် . . စောင့်လေမျိုးနွယ်တဲ့ . . သိတယ် မဟုတ်လား"

မြတ်နိုးက အထင်ကရလက်လေးကို ဆုပ်ကိုင်လာပြီး နွေးနွေးထွေးထွေးပြောသည်။

"ကျေးဇူးပဲ သူငယ်ချင်းရယ် . . နင်သာ မပြောရင်၊ နင်သာ မကယ်ရင် ငါ့ဘဝတော့ . . . မတွေးဝံ့စရာပဲဟယ် . . . မျိုးဆက်တော့ အတုံးမခံနိုင်ဘူး . . ငါ့အဖေအမေကို ငါ မျက်နှာမပြရဲတဲ့ ဘဝတော့ မရောက်ပါရစေနဲ့ . . ယောက်ျားမရှားဘူးလေဟယ်"

"ဒါပေါ့ . . ငါ့သူငယ်ချင်းတော်လာပြီ . . ရိုက်လိုက်ပါဦး"

"ဟင်း . , ဟင်း . . ဟင်း"

သူများတကာကို ချောက်ချပြီးမှ ကျေးဇူးရှင်ကြီးအဖြစ် ခံယူကာ မိန့်မိန့်ကြီးပြုံးနေတဲ့ ဆရာမကြီး။

သူ့ကောင်းမှုကြောင့် ရဲလင်းကိုကိုလည်း လူစဉ်မမီတဲ့ဘဝကို ရောက်ပြီး မြတ်နိုးခင်နဲ့ ကွဲကြပြကြလေသတည်း။

◆



(၃)

"ဘောက်ထော် ရှုတင်အိမ်"

"ကဒ် . . . ကဒ် . . ခေါက်သုံးမကျတဲ့ကောင်၊ ဒီ ရှုတင်မှာ င်းတစ်ကောင်ပဲ ခေါက်သုံးမကျတာ၊ ကျန်တဲ့လူတွေ နည်းနည်းပါးပါး ားနာဦးကွ၊ အလကားကောင် ချီးထုပ်၊ ဒီ တစ် scene တည်းနဲ့ တစ်နေကုန်တော့မယ်၊ ဒီလိုပုံနဲ့များ မင်းသားလုပ်ဦးမတဲ့ (. . . .)"

နာမည်ကြီးဒါရိုက်တာက စိတ်သိပ်ရှည်တာ။ တက်သစ်စမင်း သား သက္ကရာဇ်ကို အမေတွေ၊ အစ်မတွေနဲ့ ကိုင်တုတ်နေတာ။

ရှုတင်မှာရှိတဲ့ လူတွေအားလုံးက ပြုံးစိပြုံးစိနဲ့။

တချို့ကျတော့ ငါးခူပြုံးလေးတွေနဲ့ ကြိတ်ပြီး ရယ်နေကြ သည်။ အရှိန်အဝါကြီးတဲ့ ဒါရိုက်တာကြီးကို ကြောက်ရတာကိုး။

သက္ကရာဇ်ဆိုတဲ့ မင်းသားကတော့ သူ့ကို ဘယ်လောက် ဆဲ ဆဲ အပြုံးက မပျက်။ ပန်းနဲ့ပေါက်တယ်လို့ ထင်နေသလားမသိပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဆရာက မဆဲတဲ့နေ့တွေဆို ည. . ည အိပ်မက်တွေဘာတွေ
လို့(ဆဲသံလေးကိုပါ)။ ဒီလိုမှ အဆူအဆဲလေးမခံရရင် ထမင်းစား
မဝင်ချင်သလိုပဲ. . .

တစ်နေ့. . ဘယ်နေ့မှန်းမသိတဲ့ တစ်နေ့နေ့မှာ သူဟာ
သတ်တွေ လက်ခံတဲ့ ရုပ်ရှင်မင်းသားတစ်ယောက် ဖြစ်ကို ဖြစ်လ
မည်။ ဒါဟာ သူ့ရဲ့အဆုံးအစမရှိတဲ့ အိပ်မက်တစ်ခုဖြစ်သည်။

"ဆရာ. . ကျွန်တော် ပြန်ငိုမယ် ဆရာ. . ဒီတစ်ခါတော့
လောက်ပါပြီ. . ပြန်. . ပြန်ရိုက်ပေးပါနော် ဆရာ"

"အေး. . ဒီတစ်ခါ ငါ့စိတ်တိုင်းကျ မရလို့ကတော့. . .
အဖျက်ပဲ"

ဒါရိုက်တာသူကြီးသျှိုက ပါးစပ်သရမ်းပြီး ခပ်ကြမ်းကြမ်း
ပြီးသကာလ သူ့တပည့်ကျော် ကွမ်းခြံကုန်းက -

"ရယ်ဒီ. . ဖိုက်. . ဖိုး. . သရီး. . တူး. . ဝမ်း. . အက်
ဟုအော်သည်။ ကင်မရာမင်းက သက္ကရာဇ်မျက်နှာကို close up
ယူလိုက်သည်။

မော်နီတာပေါ်မှာ ပေါ်နေတဲ့ သက္ကရာဇ်မျက်နှာကလေး
သနားစရာလေးပါ။

ဒိုင်ယာလော့ခ် ဘာတစ်ခွန်းမှ မပြောသေးခင်. . မင်း





မျက်နှာက ပြုံတော့မည့်မိုးလို အုံ့မှိုင်းနေသည်။ မော်နီတာ ထိုင်ကြည့်
နေတဲ့ ဒါရိုက်တာသူကြီးသျှိုက ဒေါသတွေ အလိပ်လိုက် ထွက်ကာ
ထပြီး ကဒ်ပြန်သည်။

"ကဒ်. . ကဒ်. . ဟော့ကောင် ချီးထုပ်၊ မင်းကို သင်ပေးရတဲ့
ငါဆရာ သိက္ခာကျတယ်ကွ. . ဘယ့်နှယ် ပြောရမယ့် ဒိုင်ယာလော့ခ်
က နောက်ယောက်ျားယူမယ့် အမေကို တောင်းပန်ရမှာ၊ အသနားခံ
ရမှာ၊ ပြီးတော့မှ ငိုရမှာလေ. . အခု မင်းလုပ်နေတာက ဘာစကားမှ
မပြောရသေးခင် အဲဒီ ဧ-ာက်ရည်က အရင်ကျနေပြီ. . ဒီလောက်
တောင်ငိုချင်နေရင် အရုပ်တကာလည်ပြီး ရှိသမျှအသုဘအိမ်တွေမှာ
အကုန်လိုက်ငိုကွာ"

သက္ကရာဇ်က ဝမ်းသာအားရလေသံနဲ့ပြန်ပြီး မေးသည်။

"ဆရာ. . တကယ်ပြောနေတာလားဟင်. . . အဲဒီလို လေ့
ကျင့်မှအိုက်တင်ကောင်းလာမှာလား. . ဒါဆို ကျွန်တော် အသုဘအိမ်
လိုက်ရှာလိုက်တော့မယ်နော်"

ရွဲ့ပြောလို့ပြောမှန်းမသိ၊ အရိပ်သုံးပါးလည်း နားမလည်တဲ့
အကောင်။

"အေး. . ရှာလိုက်၊ အဲဒီမှာ ငါ ဖဲဝိုင်းလာထောင်ပေးမယ်. .
သိလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟား . ကောင်းတာပေါ့ ဆရာရယ်၊ ဖဲကောက်နဲ့တင် ဆရာ့ အသုဘစရိတ်ကျေလောက်တယ်"

"ဘာ. . . မင်း ငိုဖို့ ငါက သေပေးရဦးမယ် ဟုတ်စ. . ကဲ ကွာ. . ကဲ. . ကဲ"

သူကြီးသျှိုရဲ့ရိုက်ချက်က အပြင်းစား။ မိုက်တီးရဲ့ရိုက်ချက် ထက် ပိုပြီး ပြင်းသည်။

အနားမှာတွေ့တဲ့ သစ်ကိုင်းခြောက်နဲ့လိုက်ရိုက်လို့ မင်းသား သက္ကရာဇ် . . သက္ကရာဇ် မင်းသားက ဇာတ်ပို့မိန်းမကြီးကို ပတ်ပြီးပြေး နေသည်။

နောက်ဆုံးတော့ သူပဲ အလျှော့ပေးလိုက်ရတာပဲလေ. . ဟိုက အသက်နှစ်ဆယ်. . သူက အဘိုးကြီးဖြစ်နေပြီ မဟုတ်လား။

မော်နီတာရှေ့က ထိုင်ခုံလေးမှာ ပြန်ထိုင်ပြီး -

"ဟူး . . မောလိုက်တာ၊ ဇောက်ရူးလိုလို ဇောက်ပေါလိုလိုနဲ့ လာသမျှမင်းသားတွေထဲမှာ ဒီကောင် အညံ့ဆုံး. . IQ အနိမ့်ဆုံး. . ဒါနဲ့များ ဆယ်တန်းကို ဘယ်လိုအောင်လာသလဲ မသိတော့ပါဘူး"

တစ်ဆက်(န်)မဆုံးခင် တစ်ခါ ကဒ်နေရလို့ ဒါရိုက်တာကြီး ခမျာ အမောဖြေနေတုန်း အလိုက်သိတဲ့ model မလေးက ကော်ဖီ ခွက်လေးကိုင်ပြီး ရောက်လာသည်။





"ဆရာ. မောနေပြီထင်တယ်၊ ကော်ဖီလေး သောက်လိုက်ပါ ဦး. . အမောပြေပေါ့"

"အေး. . သမီး. . ကျေးဇူးပဲ. . အလိုက်သိရမှာလည်း ကွာ ပါ. ."

"ဘယ်သူ့ကိုပြောတာလဲ ဆရာ"

"ဘယ်သူရှိရမလဲ. . ဟိုကောင် မင်းသားရူးကိုပြောတာ"

ထိုမြင်ကွင်းကို သစ်ပင်အနောက်မှာ ပုန်းလျှိုးကွယ်လျှိုးဖြင့် ကြည့်နေသူက သက္ကရာဇ်. .

"တွေ့လား. . သူများတွေ အလိုက်သိနေလိုက်တာ မင်းနဲ့ များ ကွာပါ့ကွာ၊ မင်းက ဆရာသမား ထမင်းစားနေရင်လည်း အနား မှာနေပြီး ခူးပေး ခပ်ပေးမယ် မရှိဘူး၊ ဟိုးဝေးဝေးမှာပဲ သွားပုန်းနေ တယ်"

ရှုတင်မန်နေဂျာ ကျိုက္ကော်ထော်ထော်က သက္ကရာဇ်ကိုကြည့် ပြီး အားမလိုအားမရတွေ ဖြစ်နေသည်။

"ဟာ. . ကျွန်တော့်အမေက မှာထားတယ်ဗျ. . ကိုယ့်ဆရာ သမားတွေ စားနေသောက်နေရင် အနားမှာမနေရဘူးတဲ့၊ နောက်ပြီး သူတို့ စားပြီးမှ ကိုယ်စားရမယ်လို့ ခဏခဏသင်ထားတာ. . ဦးထော် က ဘာမှမသိဘူးနော်. . ဟိုကောင်မလေးကို ကြည့်စမ်း. . အတော်



www.burmeseclassic.com

www.burmeseclassic.com



ရဲတင်းတာဗျ၊ ဆရာနဲ့အတူ ထမင်းတစ်ဝိုင်းတည်း စားလိုစား၊ ကြည့်ရတာနဲ့တင် အသည်းတွေ ယားလာတယ်"

"ဒါနဲ့ နေပါဦး . . မင်းက မင်းသားလုပ်ချင်တယ်သာ ပြောတယ်၊ တစ်လ တစ်ကားလည်း ပုံမှန်မရိုက်ဘူး၊ အဲဒီလိုသာ ကားထွက်တွေ ကျဲနေရင် မင်းကို ပရိသတ်တွေ မေ့ကုန်မှာပေါ့ကွ"

"ရိုက်ချင်တာပေါ့ဗျာ၊ ကားမရိုက်ရတဲ့နေ့တွေဆို ကျွန်တော့် အိပ်မက်ထဲမှာ အမြဲတမ်း ရှုတင်ရှိနေတာ၊ ခက်တာက . . ကျွန်တော့် အမေ ရွာကနေ ပိုက်ဆံတစ်ခါပို့ပေးမှ ဒီမှာ တစ်ကားဆင်လို့ရတာ၊ ခုတစ်လော အမေလည်း ကျပ်တည်းနေသလား မသိဘူး၊ သူ့လယ်ကွက်ကို အတင်း လိုက်ထိုးပေးနေရတယ်ဆိုပဲ . . အရင်လို ငှားမဲ့သူ မရှိတော့ဘူးတဲ့"

မင်းသားက ဘယ်လို ပြောပြီး . . မန်နေဂျာကြီးက ဘယ်လို သဘောပေါက်သွားမှန်း မသိပါဘူး။

"ဟေ . . ဘယ်သူ့လယ်ကွက်က အငှားလိုက်နေတာတုံး"

"အမေ့လယ်ကွက်ပါဆိုမှ"

"မင်းအဖေကြီး ငုတ်တုတ်ရှိရက်နဲ့လေ"

"အဲဒီလယ်ကြီး အဖေမှမထွန်တာဗျာ"

"ဟား . . ဟား . . ဟား . . ခွီ ခွီ . . ခွီး"





ကျိုက္ကော်ထော်ထော်ခမျာ . . တဟားဟား အော်ရယ်ပြီး တွေးပင် သီးလေသည်။ ထိုအခါမှ မောင်သက္ကရာဇ်တို့ အထာပေါက် ာ်မူလေသည်။

"ဟော့ . . ဟော့ . . ဟော့လူ . . ဟော့လူ . . ခင်ဗျား မိုက်မိုက်ရိုင်း းတွေ တွေးနေတယ် မဟုတ်လား၊ ကျုပ်သိတယ်ဗျ"

"ဟုတ်လား . . ဒါတော့ မင်း သိသေးတယ်ပေါ့၊ မင်းကွာ . . ားပြောလိုက်ရင် ကိုယ့်စကားက ဘယ်ရောက်လို့ ဘယ်ပေါက်မှန်း ဒီ တကယ့်ကောင် . . ဟား . . ဟား"

"ခဏခဏ ရယ်မနေနဲ့ဗျ . . ရွာကနေ ကျွန်တော် ပြန်လာ ခင်ဗျားတို့စားဖို့ မြေပဲဆံတွေ၊ ပြောင်းဖူးတွေ သယ်လာရတာ လက် ညာင်းပဲ . . ခင်ဗျားနော် စားပြီးနားမလည်မလုပ်နဲ့"

နေက ခြစ်ခြစ်တောက်ပူနေသည်။ နေပူရတဲ့အထဲ မီးထိုး ထိုးခံထားရတော့ ချွေးထွက်သန်တဲ့ သက္ကရာဇ်ခမျာ မိတ်ကပ်က ား၊ လူက တခြားဖြစ်ပြီး ချွေးတလုံးလုံးနဲ့ ယပ်တောင်တစ်ချောင်း ဘဖျပ်ဖျပ်ခပ်နေရလေသည်။

"မင်းကွာ မင်းသားလုပ်ပြီး မင်းသားတစ်ယောက်ရဲ့အဆောင် သောင်တွေ ဘာမှမရှိပါလားကွာ . . ပန်ကာ မပြောနဲ့ ထိုင်ခုံလေး ာင် မပါဘူး၊ မင်းသားတဲ့ . . မြက်တောထဲ တိုးထိုင်နေတယ်၊ မင်း



www.burmeseclassic.com

www.burmeseclassic.com



သားနောက်လိုက်လိုရင် ငါ့ခေါ် ပေးရမလား. . ကောင်လေးတွေ ပေ
ပါတယ်ကွာ"

"ဟာ. . နေပါစေဗျာ. . ကျွန်တော်တောင် သူငယ်ချင်းအိ
မှာ ကပ်နေနေရတာ. . သူတို့ကိုခေါ်ပြီး မကျွေးနိုင် မမွေးနိုင်ပါဘူး.
အမေကရှတော့ တစ်ခါပြောဖူးတယ်။ ရွာက တောရုံနဲ့ကောက်ရ အ
နေတယ်၊ မင်းဆီ လွှတ်ပေးရမလားတဲ့. . သူတို့ဆို ပိုက်ဆံပေးစ
မလိုဘူး၊ ဒီက ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ခဏသွားထားလို့
နေသားပဲ"

ဖြစ်ရလေ မင်းသားရယ်. .

"မင်းသား. . ဆရာခေါ်နေပြီ. . ရိုက်မယ်တဲ့"

"ဘာနဲ့ရိုက်မှာလဲဟင်"

လာခေါ်တဲ့ ကင်မရာမင်းက ရယ်ကျဲကျဲဖြင့်

"ဒီတစ်ခါတော့ ကင်မရာနဲ့ရိုက်မှာပါကွာ"

"အမယ်လေး. . တော်ပါသေးရဲ့"

ကလေးလေးလို ပြေးထွက်သွားတဲ့ သက္ကရာဇ်ကို ကြည့်
ကျွန်တော်ထော်က ခေါင်းခါနေသည်။

မင်းသားသာ လုပ်ချင်တာ။ မင်းသားတစ်ယောက်က ဘ
လိုနေ၊ ဘယ်လိုထိုင်ရမယ်၊ ပတ်ဝန်းကျင်နဲ့ ဘယ်လိုဆက်ဆံရမယ်





ဘာဆို ဘာတစ်ခုမှ သူ မသိဘူး။ ဒါပေမယ့် ရိုးသားတဲ့ဝုဏ်လေးက
တော့ ချစ်စရာအင်မတန်ကောင်းတာဗျ။

သက္ကရာဇ်နဲ့ရိုက်တဲ့ ရှုတင်မှာ ရေနွေးကျိုစရာမလိုဘူး၊ ပွက်
ပွက် ပွက်ပွက်ဆူနေလို့ တန်းပြီး လက်ဖက်ခြောက်ခပ်လိုက်ရုံပဲ။

"ဟော့ကောင်. . ကမြင်းမသား. . ခေါက်သုံးမကျတဲ့ကောင်၊
ကိုယ့်ကောင်မလေးလက်ကို ဆွဲပါဆိုမှ ညင်ညင်သာသာကလေး ကိုင်
တာ မဟုတ်ဘူး. . ဟင်. . မြန်ပေးဆွဲဖို့ အတင်းကာရောဆွဲခေါ်နေတဲ့
ပုံစံနဲ့. . ငါ မပြောလိုက်ချင်ဘူး"

ကြားကြတဲ့အတိုင်းပါပဲဗျာ. . ကျက်သရေရှိရှိလေးနဲ့ ဗိုဒီယို
ရိုက်နေတာကြတာ. . .

♦.



www.burmeseclassic.com

www.burmeseclassic.com

## (၄)

"အမေ . . သားမှာ သုံးစရာပိုက်ဆံမရှိတော့ဘူး"

သက္ကရာဇ်အမေ ဒေါ်ပေါက်စီမှာ ကျောထဲ စိမ့်သွားသည်။ ဒင်းက မင်းသားလုပ်မယ်ဆိုပြီး ရန်ကုန်မြို့ကြီးကို တက်သွားလေရဲ့။ အဲ့ဒီနောက်မှာတော့ ခုလိုပဲ ဖုန်းထဲကနေ တစ်ပတ် တစ်ကြိမ် ပိုက်ဆံ တောင်းလား တောင်းရဲ့။ ဗီဒီယိုတစ်ကားရိုက်တော့မယ်ဆိုရင် ရွာမှာ ရှိတဲ့ လက်ကွက်ကလေးတွေ ဖဲ့ဖဲ့ပြီး ရောင်းပေးရတာ . . ခုဆို ရောင်းစရာလယ်ကွက်လည်း ကုန်ပြီ။

ကိုယ့်လယ်ကွက် ကိုယ်ရောင်း . . အဲလေ . . သူ့အဖေနဲ့တော့ ကျိုင်တွေ တက်တော့မှာပဲ။

"ဟဲ့ . . ညောက်တောက်၊ နင့်ဆီ အမေ ပြီးခဲ့တဲ့ အပတ်က တစ်သိန်းပို့ပေးထားတယ်လေ . . အဲဒါ ကုန်ပြီလား"





"ဟာ . . အမေနော် . . သားကို အဲဒီနာမည်ကြီး မခေါ်ပါနဲ့ ဆို"

ဒေါ်ပေါက်စီက ကွမ်းစားထားလို့ နီရဲနေတဲ့သွားတွေ ပေါ် အောင် မိန့်မိန့်ကြီးပြုံးကာ -

"ချစ်စနိုးလေးနဲ့ခေါ်တာဟဲ့ . . နင်ငယ်ငယ်က ခုလို လူကိုယ် ကြီးကြီးမှမဟုတ်တာ၊ ပိစိညောက်တောက်လေးမို့လို့ ညောက်တောက် လို့ခေါ်တာ ဘာဖြစ်လဲ . . . ခေါ်မှာပဲ ညောက်တောက် . . ညောက် တောက်"

"အမေနော် . . ညောက်တောက်ခေါ် ချင်ရင် တစ်သိန်းထပ်ပို့ ပေး . . ဒါပဲ"

"ပိုက်ဆံရှာရခက်တယ် သားရယ် . . ငွေကို ချွေချွေတာတာ လေး သုံးစမ်းပါ"

"အမေရာ . . သားလည်း ချွေတာပါတယ်၊ ရှေ့တစ်ကားရိုက် တုန်းကဆို ဘေဘေစတိုးက အင်္ကျီတွေပဲ သားဝတ်ရတာ၊ တစ်ကား လုံး ဂျင်းဘောင်းဘီ နှစ်ထည်တည်းနဲ့ ရိုက်ခဲ့ရတာ မသနားဘူးလား အမေရာ . . ခုတောင် သား ဗိုက်ဆာနေပြီ၊ မနက်ကတည်းက ဘာမှ မစားရသေးဘူး . . ဝယ်စားစရာ ပိုက်ဆံလည်း မရှိဘူး၊ တစ်ခါတလေ ဆို လူတောင် မလုပ်ချင်တော့ပါဘူး အမေရာ . . သားကိုယ်သား လူပို



www.burmeseclassic.com

www.burmeseclassic.com



ကြီးတစ်ယောက်လိုခံစားနေရတယ်၊ သေလိုက်တာပဲ ကောင်းပါတယ်ဗျာ. . "

အဲဒီလိုဒိုင်လေး ပစ်သွင်းလိုက်တယ်ဆိုရင်ပဲ ဒေါ်ပေါက်စီမှာ စားနေတဲ့ကွမ်းတွေ သီးမတတ် အလောသုံးဆယ်ဖြင့်

"ဟဲ့. . သား၊ နင်. . နင် စိတ်ထင်ရာတွေ လျှောက်မလုပ်နဲ့နော်. . အမေ့မှာ မရှိပေမယ့် နင့်အဘိုးဆီမှာ သွားဆွဲပြီး ပို့ပေးလိုက်မယ်နော်"

သတ္တရာဇ်က လေထဲကို လက်သီးတစ်လုံးပစ်ထိုးလိုက်ပြီး

"ဟေး. . ဒါမှ တို့မေမေကွ၊ အဘိုးဆီက ဆွဲပြီးရင် ကြီးဒေါ်ဆီက ထပ်ဆွဲလိုက်ဦးနော် အမေ. . နောက်ဆို သား နာမည်ကြီးလာရင် ကြော်ငြာရိုက်ဖို့ လာငှားကြမယ်. . သီချင်းဆိုဖို့ လာငှားကြမယ် . . ပြက္ခဒိန်လည်း ရိုက်ရဦးမယ်၊ အဲဒီအခါကျတော့မှ အတိုးနဲ့ပြန်ဆပ်မယ်လို့နော်. . အမေ"

"အမယ်လေးတော်. . ပြောလိုက်ရင်တော့ မစားရ ဝခမန်းပါပဲ၊ ဒါပဲနော်. . နင် မင်းသားမဖြစ်ရင်တော့ ရွာပြန်လာပြီး အိမ်အလုပ်ပဲ လာလုပ်တော့"

"အမေကလဲဗျာ. . ပြောလိုက်ရင် ပါးစပ်ပုပ်ကြီးနဲ့. . မင်းသားမဖြစ်ဘဲနဲ့တော့ အမေ့ရွာကို ပြန်မလာဘူး. . ရုပ်စရာကြီး၊ ဩော်. .





ဒါနဲ့ တောရှံနဲ့ ကောက်ရကို ခဏခေါ် ထားလို့ရမလား အမေ၊ သားနောက်မှာ ကူလုပ်ပေးမယ့်လူ မရှိလို့"

"အေးပါ. . နောက်နှစ်ရက် နေရင်. . သူတို့အလုပ်တွေ ပြီးလောက်ပါပြီ၊ အမေ ပို့ပေးလိုက်မယ်နော် ဟုတ်ပြီလား"

ပြောပြီး အမေက ဖုန်းချသွားသည်။ ဒီသားအသံလေးကို ဘယ်လောက်တောင် မြင်ပြင်းကပ်နေသလဲ မသိပါဘူး။ တော်တော်လေး အောင့်အည်းပြီး နားထောင်နေရပုံပဲ။

အမေ့ဆီက ပိုက်ဆံတောင်းရတာ အာခေါင်တွေ ခြောက်လာလို့ ရေသန့်ဘူးထဲက ရေကို မော့သောက်နေတုန်းမှာ ရှုတင်မန်နေဂျာကျိုကျော်ထော်ထော်ဆီမှ ဖုန်းဝင်လာသည်။

"သတ္တရာဇ်ရေ. . မင်းတော့ ထိပေါက်ပြီဟေ့"

"ဟေ့လူကြီး. . စောစောစီးစီး လာနောက်မနေနဲ့၊ ထိထိုးဖို့နေနေသာသာ စားစရာတောင်မရှိလို့ အမေ့ဆီ လှမ်းတောင်းနေရတာ"

ကဲ. . ဒီမင်းသားက အဲဒီလို ပွင့်လင်းတာ။ ဟန်ဆောင်ပန်ဆောင်လေးတောင် မရှိဘူး။ စိတ်ထဲမှာရှိရင် ရှိတဲ့အတိုင်း ဘွင်းဘွင်းကြီးပြောတတ်လွန်းလို့ခက်တာ။

"အေး. . အဲဒီစားစရာကိစ္စကိုပြောတာ၊ ရေကူးဝတ်စုံအတွက် ကြော်ငြာရိုက်ဖို့ မင်းကို ငှားခိုင်းလို့"



www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ်က သူ့ရဲ့တောင့်တောင့်တင်းတင်းခန္ဓာကိုယ်လေး ကို အထက်အောက် စုန်ဆန်ကြည့်ပြီး . . မျက်လုံးနှစ်လုံးက စကော လောက် ပြူးထွက်သွားကာ -

"ဗျာ . . ကျွန်တော့်ကို ရေကူးဝတ်စုံကြော်ငြာရိုက်မယ် ဟုတ် လား . . ပေါက်ပေါက်ရှာရှာဗျာ . . လုံးရာကနေ ပြားရမယ့်ဒုက္ခ မရိုက် ချင်ပါဘူး"

"ဟာ . . ရေကူးဝတ်စုံက မင်းဝတ်ရမှာ မဟုတ်ဘူးလေ၊ မင်း သမီးဝတ်ရည်ရွှေမှုံ ဝတ်မှာကွ"

"လုမှာပဲနော်"

"မင်း အနီးကပ်မြင်ရမှာလေ"

"ဘာတွေ လာပြောနေတာလဲ . . မင်းသမီးက ရေကူးဝတ် ဝတ်ပြပြီး ကျွန်တော်က ဘာဝတ်ပြီး ဘာတွေလုပ်ပြရမှာတုံး"

"မင်းက ရေကူးဝတ်စုံနဲ့ ရေနစ်နေတဲ့ မင်းသမီးကို ဆင်းပြီ ဆယ်ရမှာလေ"

"ဗျာ"

သွားပြီ။ ဒီတစ်ခါတော့ ငယ်ထိပ်တည့်တည့်ကို မိုးကြိုးပ တာပဲ။

ဘယ့်နှယ်ဗျာ . . ရေမကူးတတ်တဲ့သူက ရေကူးတတ်တဲ့ မင်း





သမီးကို ဆင်းဆယ်ရမတဲ့။ မင်းသမီးရဲ့ဗလာကျင်းနေတဲ့ ဟိုပေါ်ဒီပေါ် တွေကိုလည်း အကောင်းပကတိ ရှိနေသေးတဲ့ ဟောဒီ မျက်လုံးတွေ က မြင်ရဦးမယ်။ အားနာပါးနာနဲ့ကြည့်ပေးရဦးမှာပေါ့လေ။

"မဗျာနဲ့လေ . . ငါ့ကို ဒါရိုက်တာက မေးခိုင်းလို့ မင်း ရေကူး တတ်သလား တဲ့ . . မတတ်ရင်တော့ တခြားမင်းသား ပြောင်းငှားရ တော့မှာ"

ဟင့်အင်း . . မဖြစ်ဘူး . . ဒီလိုအခွင့်အရေးမျိုးကို လက်လွှတ် ခံလို့ မဖြစ်ဘူး . . မတတ်လည်း ရအောင် တတ်ရမှာပဲ။

"ရိုက်မယ် . . ကျွန်တော် လက်ခံတယ် . . ရေလည်း ကူးတတ် တယ် . . ဟဲ . . ဟဲ . . ဒါနဲ့ ရေက သိပ်မနက်ဘူး မဟုတ်လားဟင် . ."

"မင်း ရေကူးတတ်တယ်ဆို . . ဘာကြောက်စရာလိုလို့လဲကွာ"

ရေကူးသင်တန်းကြေးက ဘယ်လောက်လဲ မသိဘူး။ ဒီကြား ထဲ အချိန်ယူပြီး သင်ဦးမှ။ အချိန်ကလည်း ရှိဦးမှလေ . .

"ဦးထော် . . သူတို့က ဘယ်နေ့ရိုက်မှာတဲ့လဲ"

"မနက်ဖြန်"

"ဗျာ . ."

ဘုရား . . ဘုရား။

မနက်ဖြန်ဆိုတော့ . . ရေကူးသင်ဖို့ ဒီနေ့တစ်နေ့ပဲ အချိန်ရှိ



www.burmeseclassic.com

www.burmeseclassic.com



တော့တယ်။ လက်ထဲမှာ သင်တန်းကြေးပေးဖို့ ပိုက်ဆံကလည်း မရှိဘူး။ ဘယ်လိုလုပ်ရမလဲ။

ဒီကြော်ငြာကို ငြင်းလိုက်ရင် ကောင်းမလား။

သက္ကရာဇ်ရဲ့အဲဒီအတွေးတွေကို ဦးထော်ရဲ့အသံသြသြကြီးက ရိုက်ချိုးပစ်လိုက်လေသည်။

"အနုပညာကြေးက ငါးသိန်းတဲ့ မောင်"

"ငါးသိန်း . . ဟုတ်လား"

"ဘာလဲ . . နည်းလို့လား၊ နာမည်ကြီးမင်းသားတွေက သိန်းနှစ်ဆယ်၊ အစိတ် ယူကြတော့ မင်းကို ဒီဈေးနဲ့ဖြတ်ပြီး ပေးတယ်ထင်ပါရဲ့"

"ဟာ . . မနည်းဘူး . . မနည်းဘူး၊ ပေးသလောက်ပဲ ယူမယ်၊ ကြော်ငြာပေါက်သွားရင် လူပိုသိလာမှာ"

"ဒါပေါ့ကွ၊ ကဲ . . အဲဒါဆို မင်းပြင်ဆင်သင့်တာ ပြင်ထားဦး"

ဦးထော် ဖုန်းချသွားတော့ သက္ကရာဇ် ခေါင်းထဲမှာ ရေကူးသင်ဖို့ကိစ္စက မှန်တိုင်းအဆင့်သတ်မှတ်ချက်အရ ပြောမယ်ဆိုရင် အနီရောင်အဆင့်ကိုရောက်နေပြီမို့ ရှိသမျှ သူငယ်ချင်းတွေဆီ ဖုန်းဆက်ပြီး ရေကူးသင်ပေးဖို့တောင်းပန်ရသည်။

ရေကူးတတ်တဲ့သူတွေထဲက စမ်းချောင်းမှာနေတဲ့ model



သုတက သူ့ကိုကူညီပြီး ရေကူးသင်ပေးမယ်ပြောမှ ရင်ပူနေတဲ့ အလုံးကြီး ကျသွားတော့သည်။

"ကျေးဇူးပဲ သူငယ်ချင်းရာ . . မင်းသာ မကယ်ရင် ငါ့ဘဝက ရေကူးကန်ထဲမှာ ရေနစ်ပြီးသေတော့မှာ . . ဒါနဲ့ ငါ ဘယ်ကို လာခဲ့ရမလဲ သူငယ်ချင်း"

"ဂရင်းမီးရထားဟိုတယ်က ရေကူးကန်ဆို ကောင်းမယ်ထင်တယ်ကွ၊ အဲဒီမှာက လူနည်းနည်းရှင်းတယ်"

"အေး . . အေး . . မင်းကြိုက်တဲ့နေရာသာရွေး . . ဒါပေမယ့် မင်းပြောတဲ့ အဲဒီမီးရထားဟိုတယ်က ဘယ်နားမှာတုန်း"

"မင်းသားလုပ်နေပြီး ဒါလေးတောင် မသိဘူးလားကွာ . . . Taxi သမားကို ဂရင်းမီးရထားဟိုတယ်လို့သာ ပြောလိုက်၊ သူတို့ လိုက်ပို့ပေးလိမ့်မယ် . . စကော့ဈေးတို့ FMI တို့ဘေးမှာလေကွာ"

"ကောင်းပြီ သူငယ်ချင်း . . ငါလာခဲ့မယ်နော် see you"

♦

www.burmeseclassic.com

www.burmeseclassic.com

## (၅)

ခုတစ်လော မိုက်ကယ်သက်နဲ့ ဆရာမကြီးအထင်ကရမေတို့ တဖောင်းစေးနဲ့မျက်ချေးလို သိပ်ပြီး အစေးမကပ်လှချေ။ သူ ဘာပဲလုပ်လုပ် ဆရာမကြီးက ဆီလိုအပေါ်က်ရှာပြီး ပွစိပွစိလုပ်နေသည်။

"လေးလေးသက်က တကယ်မမိုက်ဘူးကွာ၊ သူများအခွေတွေ ယူကြည့်ပြီး သေချာလည်း ပြန်မစီထားဘူး၊ အကုန်လုံးပြန့်ကျဲနေတာပဲ"

လူဆင်းရဲတာ ခံနိုင်တယ်။ ခုလိုမျိုး နောက်ဆုံးပေါ် လုံးချင်းလှလှလေးမှာနေပြီး နားဆင်းရဲတာမျိုးတော့ လုံးဝမခံစားနိုင်ဘူး။

"ဟဲ့ ကောင်မလေး နင့်အသက် ဘယ်လောက်ရှိပြီလဲ"

"ဆယ့်ရှစ်လေ. . ဘာလဲ. . ကိုယ့်တူမအသက်တောင် ကိုယ်မသိတော့ဘူးလား. . အလကား မွေးနေ့လက်ဆောင်ပေးရမှာစိုးလို့ မေ့ချင်ယောင်ဆောင်နေတာ မဟုတ်လား"





"မသိပါဘူး၊ တစ်ချိန်လုံး ပွစိ၊ ပွစိလုပ်နေလို့ ငါ့အမေ ဘွားရွှေထက် အသက်ကြီးနေပြီလားလို့"

"ဒါဆို လေးလေးက အသက်ကြီးပြီး တူမအပြောအဆို မခံအောင်နေပါလား"

ဘွားရွှေဥက သူ့အခန်းထဲက ထွက်လာပြီး

"ဟဲ့. . . နင်တို့တူဝရီး ဘာတွေ အဝေမတည့်ဖြစ်နေတာလဲ င်. . ငါ ဘုရားရှိခိုးတာ ကောင်းကောင်း မရှိခိုးရဘူး. . နားကို ညီးနေရော"

"ဘာဖြစ်ရမလဲ. . ဟောဒီမှာ အမေ့မြေးပေါ့. . ဘာဖြစ်နေ း်ကို မသိဘူး၊ တစ်ချိန်လုံး ပွစိပွစိနဲ့. . မသိရင် အသက်ရှစ်ဆယ် ဘွားကြီးကျနေတာပဲ၊ ဩော်. . နေဦး. . နေဦး၊ အမေ့ကို တိုင်စရာ သေးတယ်။ ဒီကောင်မလေး စကားကို လံကြုတ်လုပ်ပြီး ပြောတတ် ပြီ သိလား၊ ဟိုတစ်နေ့က သူလုပ်လို့ သူ့သူငယ်ချင်း မြတ်နိုးခင်တို့ တွဲ ကွဲပြကုန်ပြီ"

ဘွားရွှေဥက ပိုပြီးစိတ်ဝင်စားလာပုံရသည်။ ရွှေမျက်မှန်ကိုင်း အသာပင့်တင်လိုက်ပြီး

"ငါ့မြေးက ဘာတွေသွားလုပ်လာလို့လဲ"

"သူလေ သူပေါ့၊ မြတ်နိုးခင်ရဲ့ရည်းစား ရှမ်းတရုတ်ကောင်



www.burmeseclassic.com

www.burmeseclassic.com



လေးက လူစဉ်မမီဘူး၊ ကင်ဆာဖြစ်လို့ ဖြတ်ထားရတယ်ဆိုပြီး ပြော လို့ ဟိုကောင်မလေးက တစ်ခါတည်း လက်လန်ပြီး ပြေးသွားတာ"

ဇက်ကလေးပုပြီး မျက်လွှာလေး အောက်ချထားတဲ့ ဆရာမ ကြီးကို ဘွားရွှေဥက တအံ့တသြဖြင့် ကြည့်လာရင်း

"ဟဲ့ ကောင်မလေး၊ သူများကို နစ်နာအောင် ဘာလို့ မဟုတ် မဟပ်စကားတွေ ပြောနေရတာတုံး . . ဘုရား မကြိုက်၊ နတ် မကြိုက် ကွယ် . . ပြီးတော့ အဲဒီစကားပြောရအောင်လည်း ညည်းကိုယ်ညည်း အပျိုဆိုတာရော သတိရသေးရဲ့လား"

ဆရာမကြီးက နှုတ်သီးကောင်းလျှာပါးနဲ့ ရှာသည်။

"အပျိုမို့လို့ ဟိုဟာ မပြောရ၊ ဒီဟာမပြောရ . . ဆိုတဲ့ အမိန့် ဘယ်သူမှထုတ်မထားဘူး အဘွားရဲ့"

ဒေါ်ရွှေငုဝါက အပေါ်ထပ်ကြောင်လိမ်လှေကားပေါ်မှ ဟန် ပါပါဆင်းလာပြီး နေကာမျက်မှန်လေးကို ခေါင်းပေါ်ပင့်တင်ကာ

"ဒီမြေးအဘွား . . ဘာတွေ ပြဿနာတက်နေကြတာလဲ . . စောစောစီးစီး"

ဘွားရွှေဥက စိတ်ကုန်တယ်ဆိုသည့် ဒီဇိုင်းနှင့်

"ဘာဖြစ်ရမလဲ . . ညည်းသမီးလေ . . သူများအတွဲကြား ဖျက်လိုဖျက်ဆီးဝင် ဝင်လုပ်နေလို့ ငါဆုံးမနေတာ၊ မြင်တဲ့အတိုင်းပဲ . .





မီးကို သေလို့"

ဆရာမကြီးက သူ့အဘွားစကားကြားတော့ တဟိဟိနဲ့ရယ် နေတော့တာ။ ဘွားရွှေဥက မြေးမနိုင်တော့ သမီးဘက် တစ်ခါလှည့် လာသည်။

"ဒါနဲ့ . . နေစမ်းပါဦး . . ညည်းက အလန်းဇယားနဲ့ အပျိုရုံး အောင် ပြင်ပြီး ဒါက ဘယ်သွားမလို့လဲ"

"ရှူတင်"

သူ ရှူတင်သွားမယ် ဆိုတဲ့ အကြောင်းကို ဒေါ်ရွှေငုဝါတို့က ဟန်ပါပါနဲ့ ကြော့ကြော့မော့မော့လေး ဖြေပစ်လိုက်သည်။ ဘွားရွှေဥ က မျက်လုံးပြူး၊ မျက်ဆံပြူးနဲ့ ထပြီးအော်သည်။

"ဘာ . . ညည်းက ဖေသက်အောင် မရှိတဲ့အချိန် . . ဗီဒီယို တွေ ဘာတွေ ရိုက်တော့မယ်ပေါ့ . . ဟုတ်လား၊ မကြံကောင်း မစည် ရာကွယ် . . တော်ကြာ ဖေသက်အောင် ပြန်လာရင် အမေ့သမီး အမေ ဆုံးမဘူးလားဆိုပြီး ငါပါ ဒီအိမ်ပေါ်က ဆင်းနေရဦးမယ်"

မိုက်ကယ်သက်က တစ်မျိုး။

"အမေကလဲဗျာ . . ကိုယ့်သမီး ကိုယ်ပြန်ကြည့်ဦး၊ ဒီအသက် အရွယ်ကြီးနဲ့ သူ့ကို ဘယ်သူမှ မင်းသမီးမလုပ်ခိုင်းဘူး . . အမေခန်း က ဖြစ်ရင်ဖြစ်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီး ဝင်ပြောတော့မှ အားလုံးပွဲရှုပ်ကုန်သည်။

"အမယ်လေး . . ကိုယ့်အမေအကြောင်း ကိုယ်သိပြီးသား . . ပြောပြလိုက်စမ်းပါ အမေရယ်၊ အမေ အဖြစ်မရှိတဲ့အကြောင်း"

"သေနာမလေး . . အမေဆိုပြီး သက်သက်ညှာညှာနဲ့ ဘယ်
တော့မှ မပြောဘူး . . အမေမို့လို့ နည်းနည်းလေး ဝမလာနဲ့ . . အမေ
ဝက်ဖြစ်နေပြီ ဆိုပြီး ပြောလိုပြော . . ဖက်တီးမလို့ ခေါ်လို ခေါ်နဲ့ . .
ရှုတင်သွားမယ်ပြောတာနဲ့ ရစရာမရှိအောင် ဝိုင်းပြီး သမနေလိုက်ြ
တာ . . ဒီလိုအမေရေ . . သမီးသူငယ်ချင်း ဝေဒီလွင်လေ . . အဲဒီမိန်း
က ရုပ်ရှင်ကုမ္ပဏီ ထောင်ထားတာ . . ဗီဒီယိုကားတွေလည်း ဖြန့်ေ
တယ်ပြောတာပဲ . . ဒီနေ့ သူတို့ရှုတင်မှာ မင်းသား နေတိုးနဲ့ တွေ့ေ
ရိုက်ဖို့ရှိတယ် ဆိုလို့ လိုက်ကြည့်တာ . . သမီး နေတိုးကို အသေ
အရှင်ရရဆိုတာ အမေလည်း သိသားနဲ့"

ဘွားရွှေဥက ဒေါ်ရွှေငုဝါရဲ့ ခေါင်းကို 'ဒေါက်'ခနဲ ခေါ
ထည့်လိုက်သည်။

လက်ကတော့ မြန်ချက် . .

"အား . . နာတယ် အမေရဲ့ . . ဘာလို့ သူများခေါင်းကို လို
ခေါက်နေတာလဲ"

"ခေါက်မြင်ကပ်လို့ဟေ့ . . ရှင်းပြီလား . . ကိုယ့်သမီးပျို





ရှေ့မှာ ကိုယ့်အသက်ကိုယ့်အရွယ်မှ အားမနာ . . နေတိုးကို အသေရရ အရှင်ရရ ဖြစ်နေရတယ်လို့"

ဒေါ်ရွှေငုဝါက ချက်ချင်း ချေပကိုး ပြန်သွင်းနေလေသည်။

"အတုမြင် အတတ်သင်တာလေ . . သမီး အပျိုဘဝတုန်းက သမီးရှေ့မှာ အမေပဲ ဝင်းဦးကိုရရင် ညည်းအဖေကို ချက်ချင်းကွာပစ်လိုက်မှာဆို . . အဟီး . . အဲဒါကြောင့် သမီးလည်း အမေ့လိုပြောကြည့်တာ"

ဘွားရွှေဥက သမီးဖြစ်သူကို ကောင်းကောင်းကြီးမေတ္တာပို့လေသည်။

"တီ . . တီ . . တီ . . တီ"

ခြံရှေ့မှ ကားဟွန်းသံကြောင့် ဒေါ်ရွှေငုဝါက ဆယ့်ခြောက်နှစ်သမီးက အရှုံးပေးရလောက်အောင် ဖလန်းဖလန်းထပြီး ပြေးထွက်သွားရင်းမှ အားလုံးကြားအောင် အော်ပြီးနှုတ်ဆက်သွားသည်။

"အားလုံးပဲ သွားပြီနော် . . ဝေဒီ လာခေါ်နေပြီ၊ ဩော် . . ထမင်းစား မစောင့်ကြနဲ့နော် . . တော်ကြာ နေတိုးက dinner တွေ ဘာတွေ ဖိတ်ကျွေးနေရင် ငြင်းရမှာ အားနာစရာကြီး . . အဟိ"

မိုက်ကယ်သက်သည် သူ့ညီမကိုကြည့်ပြီး အသည်းတွေယားနေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကြည့်စမ်း . ကြည့်စမ်း . . လုပ်ချသွားလိုက်တာ . . . တစ်ကိုယ်လုံးကို ဆတ်စလူးခါနေတာပဲ . မကြီးမငယ်နဲ့ ခြေကျင်းက ဝတ်ရသေး . . ဆရာမကြီး . . နင့်အမေ နင်မနိုင်တော့ဘူးလား . . ဟင် . . သူများတွေကိုကျ နင် ဆရာမကြီးလိုက်လိုက်လုပ်တယ်လေ"

အထင်ကရမေကလည်း စွာသည်။

"ကိုယ့်ပါးစပ်နဲ့ ကိုယ်လုပ်တာ ဘာဖြစ်လဲ၊ အမြင်မတော်တာတွေ့ရင် သမီးက ပြောမှာပဲ"

"နင်တို့နှစ်ကောင် တွေ့တိုင်း ကိုက်နေကြတယ် . . ငါ ရေနဲ့ ပက်လိုက်ရမလား . . ပြော"

ဘွားရွှေဥက ထပြီး ကောတော့မှ လူစုကွဲသွားကြသည်။

"တော်ပြီ . . သမီးလည်း သမီးသူငယ်ချင်းနဲ့ . . ရေလိုက်ကူးတော့မယ်၊ လေးလေးသက်စိတ်ပုပ် . . လေးလေးသက်ခွီးထုပ် ဟွန်း"

အထင်ကရမေက ဆောင့်ဆောင့်အောင့်အောင့်ပြောပေမယ့် မိုက်ကယ်သက်က ပြုံးဖြီးဖြီးလေးဖြစ်လာကာ လေသံလေးကပါချိုသွားသည်။ ခုနတုန်းက သူတို့တူဝရီးနှစ်ယောက် ရန်မဖြစ်ခဲ့သည့်အတိုင်း။

"ငါ့တူမလေး ဘယ်ရေကူးကန်မှာ သွားကူးမှာလဲဟင် . . . လေးလေး လိုက်ပို့ပေးမှာပေါ့ . . ဟဲ . . ဟဲ၊ ဒါနဲ့ သူငယ်ချင်းက ဘယ်နှယောက်တောင် ပါမှာလဲဟင်"





ဆရာမကြီး စတိုင်(လ်)နဲ့ မျက်လုံးလေးကို ထောင့်ကပ်လိုက်ပြီး လေးလေးသက်ကို မျက်စ တစ်ချက်ပစ်ပြလိုက်ရင်း . .

"မလိုပါဘူး . . လေးလေးသက် လိုက်ပို့စရာ လုံးဝ မလိုဘူး၊ ဘာဖြစ်လို့လဲ သိလား . . ဒီနေ့ ရေလာကူးမဲ့သူတွေက သမီးသူငယ်ချင်းတွေထဲမှာ အလန်းဆုံးတွေဆိုတာချည်းပဲ . . အခုလက်ရှိ model လောကမှာ နာမည်ကြီးနေတဲ့ ယုမီလည်း လာမှာ"

"ဟေ . . ကောင်မလေးနော် . . နင် မယုတ်နဲ့၊ အလိုရှိတုန်းကတော့ ပိုပို့ပေး ဒီပို့ပေးနဲ့၊ ဒီလိုနေရာမျိုးကျတော့ . . ကိုယ့်ဦးလေး လူပျိုကြီးကို ချန်ထားခဲ့စရာလားလို့"

အထင်ကရမေက နောက်လှည့်မကြည့်ဘဲ လက်ချောင်းလေးတွေလှုပ်ကာ နှုတ်ဆက်သွားလေသည်။

"တာ့တာ . . ငှက်ပျောတုံးလေး ဈေးမကြီးခင် အမြန်ပြေးဝယ်လိုက်ဦး လေးလေးရေ"

မိုက်ကယ်သက်က စိတ်တိုပြီး အော်သည်။

"အေးပါ . . နင့်အတွက် ငါ တစ်တုံးပိုဝယ်လာပေးမယ် . . . သဘောပေါက် . . ဒီလောက် ပစိပစပ်များမှတော့ အပျိုကြီး မဖြစ်ရင် ဒီးတဲ့ဖိနပ်နဲ့ ပါးလာရိုက် . . ဟွန်း"

◆



www.burmeseclassic.com

www.burmeseclassic.com

(၆)

သုတရဲ့ body structure က အပေါ်ပိုင်း ဗလာကျင်းထ
ကာမှ ကြွရွှံ့ပြီး အဖုတွေ အထစ်တွေနဲ့ ယောက်ျားပီပီသသ ဆွဲဆော
မှုကောင်းနေလေတော့ သက္ကရာဇ်ခမျာ သူ့ခန္ဓာကိုယ်သူ ပြန်ငုံ့ကြ
ပြီး ယောက်ျားကြီးတန်မဲ့ အားငယ်မိတာ အမှန်ပင်။

ဒီကောင် သုတက နေ့တိုင်း Gym သွားသွားဆော့နေတ
ကိုး။ ကိုယ့်မှာတော့ သူ့လို Gym သွားမဆော့နိုင်တော့ အိမ်မှာ
ရေဝအောင် သောက်ပြီး ဒိုက်ထိုးနေရတာ။

"ဟော့ကောင်. . ရေကူးသင်မယ်ဆိုပြီး ရေထဲ မဆင်းဘဲ ဘ
ရပ်လုပ်နေတာလဲ"

သုတက ရေကူးကန်ထဲတနေ့လှမ်းခေါ်နေပေမယ့် သ
ရာဇ်မှာ ရေထဲ မဆင်းရဲ။ အလိုလိုနေရင်း စိတ်ထဲမှာ ရေမြင်တိုင်း





ရေနစ်တော့မှာပဲလို့ တွေးထင်နေတတ်တော့ ရေကြောက်တာ အဆန်း မဟုတ်တော့ပေ။ အခုလည်း ရေကူးကန်ထဲက ရေတွေကို ကြည့်ပြီး ဒူးတွေတောင် တုန်နေပြီ။

နဂိုက ကြောက်နေပါတယ်ဆိုမှ နောက်ထပ် ကြောက်စရာ သတ္တဝါတစ်ကောင်က သူ့ပခုံးထက်မှာ လာနားလေသည်။

သက္ကရာဇ်ဟာ ဟိုး. . ပိစိညှောက်တောက် ကလေးဘဝက တည်းက ကျီးကန်း. . ဆိုတဲ့ အသားမည်းမည်း သတ္တဝါကို ဘယ်လို ကြောက်မှန်းမသိ။ အခု အဲဒီမည်းမည်းကြုပ်ကြုပ်ကျီးကန်းက သူ့ပခုံး ပေါ်မှာ. . .

လက်နဲ့ ခြောက်လည်း မသွား။ ပါးစပ်နဲ့အော်လည်း မပျံ။ သူ့ပခုံးကို သစ်ကိုင်းနဲ့များ မှားလာသလား မသိပါဘူး။ သက္ကရာဇ်လည်း ကြောက်ကြောက်နဲ့. . .

"သုတရေ. . လုပ်ပါဦးဟ၊ ဒီမှာ. . ကျီး. . ကျီးကန်းကြီး၊ လာ မောင်းထုတ်ပေးဦး"

"ဒါများကွာ. . မင်း ရေထဲဆင်းနေလိုက်ရင် သူ့အလိုလို ပျံ သွားမှာပေါ့"

ရေထဲဆင်းရမယ်. . ဒီရေကူးကန်နဲ့သူနဲ့ မဖြစ်သေးပါဘူး။ သူ့ပါးစပ်ကလည်း တရှူးရှူးနဲ့ ကျီးကန်းကို မောင်းထုတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးက အကူအညီရလိုရငြား ကျီးကန်းတောင်းမျှော် ဟိုကြည့် ဒီကြည့် . . နောက်ဆုံး ကြံရာမရသည့်အဆုံးမှာတော့ ဘေးနားမှာ ရှိသည့် ကလေးရေကူးကန်ထဲ မျက်စိစုံမှိတ်ပြီး ခုန်ချလိုက်သည်။

"ဗွမ်း"

သူတက သူ့ကို ကြောင်ပြီး ကြည့်နေသည်။

"ဟေ့ကောင် . . အဲဒါ ကလေးရေကူးကန်ကြီးကွ . . ဒီဘက်ကန်ကို လာလေ"

သူကလည်း ခါးခါးသီးသီးပင် ငြင်းလေသည်။

"မလာဘူး . . မင်းကန်က ရေနက်တယ်"

ထွားထွားကျိုင်းကျိုင်းနဲ့ သူ့ခန္ဓာကိုယ်မှသူအားမနာ။ ကလေးရေကူးကန်ထဲမှာ ဆင်းစိမ်နေရရှာသည်။ ဒါတောင်မှ ဟိုလင်းတ . . အဲလေ . . ကျီးကန်းက သူ့အနားမှာ ရစ်ဝဲ . . ရစ်ဝဲနဲ့။

ကြည့်ရတာတော့ အဲဒီကျီးကန်းက သူ့အသားအရေနဲ့ ဆန့်ကျင်ဘက်ဖြစ်နေတဲ့ သင်္ကရာဇ်ကို ကြည့်မရတာ နေမှာ . . သူတို့ နှစ်ကောင် . . မဟုတ်ပါဘူး . . တစ်ကောင်နဲ့တစ်ယောက်က ကျီးကန်းနဲ့ ကြက်ဥ ဖြစ်နေတာကိုး။

"ရှူး . . ရှူး . . သွားလေ . . ဘာလို့ ငါ့အနားမှာ လာဝဲနေတာလဲ . . သွားလို့ မင်းကို ငါပြောနေတယ်လေကွာ"





ကန်ထဲမှာ ရေကူးနေတဲ့ ကလေးလေးတွေက သူ ကျီးကန်းနဲ့ရန်ဖြစ်နေတာကို တွေ့ပြီး ဝိုင်းဟားကြသည်။

"ဦးလေးကြီး . . ဘာလို့ ကျီးကန်းနဲ့ရန်ဖြစ်နေတာလဲ၊ သတ္တိရှိရင် လာလေ . . သားနဲ့ရေပြိုင်ကူးမယ်"

နောက်ကလေးတစ်ယောက်က သူ့ကို ပယ်ပယ်နယ်နယ်ကြီးအရှက်ခွဲတော်မူလေသည်။

"အလကား . . သူ သတ္တိမရှိလို့ ကလေးကန်ထဲမှာ လာစိမ်နေတာပေါ့ . . ကြည့်ပါလား . . ဟိုဘက်ကန်ထဲမှ မဆင်းရဲတာ"

"အမယ်လေး . . ကျေးဇူးရှင်လေး၊ ညည်းပြောမှပဲ ငါ့အရှက်တွေ လုံးလုံးကွဲတော့တယ်"

သင်္ကရာဇ်ဖြစ်ပျက်နေတဲ့အဖြစ်အပျက်တွေကို ဂရင်းမီးရထားဟိုတယ်မှာ Gym ဆော့ပြီး ရေကူးမလို့ဆင်းလာတဲ့ အထင်ကရမေက အစအဆုံးတွေ့နေရသည်။

ဆရာမကြီးသာ အမည်တွင်နေတာ၊ သူမတစ်သက်မှာ ဒီလိုချောတဲ့ယောကျ်ားမျိုး တစ်ခါမှမတွေ့ဖူးဘူး . . သူ့ပုံစံက မင်းသားတစ်ယောက်လို ရုပ်ထွက်နေသည်။

ဒါပေမဲ့ မြင်နေရတဲ့ မြင်ကွင်းကတော့ အမြင်မတော် ဆင်တော်နဲ့ ခလောက်ပါပဲ။ ကလေးရေကူးကန်ထဲမှာ ရေဆင်းစိမ်လို့ . .



www.burmeseclassic.com

www.burmeseclassic.com



သူဖြစ်ပျက်နေတာတွေကြည့်ပြီး ဆရာမကြီးမှာ စိတ်မထိန်းနိုင်တော့ဘဲ တခစ်ခစ်နဲ့ရယ်နေမိသည်။

သုတက ရေကူးကန်ထဲမှတက်လာပြီး ကလေးကန်ထဲမှာ စိမ်နေတဲ့ သက္ကရာဇ်ကို စိတ်မရှည်စွာ ဆွဲခေါ်လေသည်။

"ဟေ့ကောင်၊ လာ. . တက်တော့၊ မကြီးမငယ်နဲ့ မင်းမရှက်ဘူးလား။ ဟိုကောင်မလေး မင်းကို ရပ်ကြည့်နေတာကြာပြီကွ၊ ကိုယ့်ကိုယ်ကို မင်းသားဆိုတာ သတိလေးဘာလေး ထားဦး"

အဲဒီတော့မှ သက္ကရာဇ်က ရှက်ရှက်နဲ့တက်လာတော့မှုသည်။ အဲဒီအချိန်မှာ ရေကူးဝတ်စုံလဲပြီး ယူမိနဲ့ ထူးထူးနွယ် အနားရောက်လာသည်။

ယူမိက သုတကိုတွေ့သွားပြီး

"ဟယ်. . သုတ၊ နင် ရေလာကူးတာလား. . ခါတိုင်း နင့်ကို ဒီမှာ ငါမတွေ့ပါဘူး"

"ရေလာကူးတာ မဟုတ်ဘူးဟေ့၊ ရေကူးလာသင်ပေးတာ"

"ဘယ်သူ့ကိုလဲ. . သြော်. . သိပြီ၊ ဟို ကလေးလေးတွေက နင့်တူလေးတွေလား"

"ဘယ်ကလာ. . ဟောဒီက ငါ့သူငယ်ချင်းကို လာသင်ပေးတာ၊ သူ့ကို နင်တို့မြင်ဖူးမှာပါဟာ. . သက္ကရာဇ်လေ၊ သူက မင်းသား"





ယူမိက သိပေမယ့်. . အထင်ကရကတော့ ဗီဒီယိုကားတွေ သိပ်မကြည့်ဖြစ်သူမို့ အဲဒီလူကို မင်းသားမှန်း မသိပါ။

"တွေ့ရတာ ဝမ်းသာပါတယ် သက္ကရာဇ်၊ ဒါက. . တို့သူငယ်ချင်း အထင်ကရမေ"

သက္ကရာဇ်က လက်ဆွဲနှုတ်ဆက်ဖို့ သူ့လက်တစ်ဖက်ကို ကမ်းပေး အထင်ကရမေက အရယ်တစ်ဝက်နဲ့ မအောင့်နိုင်ဘဲ မေးမိ၏။

"ခုနက ကလေးကန်ထဲမှာ ဘာဆင်းလုပ်တာလဲဟင်၊ ခစ်. . ခစ်. ."

"သွားပါပြီဗျာ. . အရှက်တော့ ကွဲပါပြီ၊ ကျွန်တော် ကျိုးကန်းကြောက်လို့ဗျ"

ရှက်သွားတဲ့ပုံလေးက တကယ်ချစ်စရာလေး။ သူ့မျက်နှာက န်းသီးအရောင်လို နီရဲလာသည်။ အာသွက်လျှာသွက်ရှိတဲ့ ယူမိက င်ပြီးနောက်သည်။

"ကျားကိုးစီး စားမကုန်တဲ့ ဒီခန္ဓာကိုယ်ကြီးနဲ့များ ကျိုးကန်းကို ကြောက်ရတယ်လို့ကွယ်"

သုတက ဖော်ကောင်ဝင်လုပ်သည်။

"သူကြောက်တာ နောက်တစ်ခု ရှိသေးတယ် ယူမိ. . ဟေ့ကောင်. . ငါပြောလိုက်ရမလား"



www.burmeseclassic.com

www.burmeseclassic.com



"မင်း မဟုတ်တာတွေ လျှောက်မပြောနဲ့နော်၊ ကောင်မလေးတွေရှေ့မှာ ရှက်စရာကြီး"

"သူကြောက်တာ သူ့ဒါရိုက်တာကြီးလေ"

ယူမီက ချက်ချင်းစတ်ပေါက်သွားသည်။

"ဘယ်သူလဲ၊ အန်ကယ်သူကြီးသျှိုလား"

"ဟုတ်ပဲ့ဗျာ . . နောက်ပြီး . . သူကြိုက်တာလည်း ကျွန်တော်သိတယ်"

ဆရာမကြီးက ပြုံးစိစိမျက်နှာလေးနဲ့ ဝင်မေးသည်။

"ဘာလဲဟင် . . သူ ဘာကြိုက်တာလဲ"

"ဘရာစီယာ"

"ဟင် . . ."

"မထင်ရဘူးနော်၊ သူ့ရုပ်နဲ့ ဒီလိုဟာမျိုးကိုကြိုက်ရတယ်လို့"

"သုတ . . မင်း များနေပြီနော်၊ မင်းကို ငါတင်းလာပြီ၊ ရေကူးသင်ပေးမယ်ဆိုလို့ သည်းခံနေတာ"

အံကြိတ်ပြီး သွားကြားက ထွက်လာတဲ့အသံနဲ့ကြိမ်းနေတာ ဒီကောင်လုပ်တာနဲ့ ကောင်မလေးတွေရှေ့မှာ ကွဲစရာအရှက်မရှိတော့တဲ့အဖြစ်။

ကောင်မလေးတွေက သူ့ကို နှာဘူးလို့ထင်ကြတော့မှာပဲ





"မဟုတ်ဘူးလား . . မင်းပဲ ပြောတယ်လေ . . ည . . ညဆို . . မင်းအမေရဲ့ဘရာစီယာကြိုးကို ကိုင်ပြီးမှ အိပ်တတ်တာဆို"

"အဲဒါ ငယ်ငယ်တုန်းကကွ၊ အခုမဟုတ်တော့ဘူး"

"အေးပေါ့ . . အခု တားတားက လူကောင်ကြီးလာပြီလေ . . အမေ့ကြိုးကို မကိုင်တော့ဘူး . . မိန်းမဘရာစီယာကြိုးပဲ ကိုင်တော့မယ် . . ဟားဟား"

သတ္တရာဇ် စိတ်တိုလာပြီး . . သုတကို ရေကန်ထဲ တွန်းချပစ်လိုက်သည်။

"ဗွမ်း"

သုတက ကလေ့စားချေတဲ့အနေနဲ့ သတ္တရာဇ်ခြေထောက်ကို ရေထဲမှနေပြီး ပြန်ဆွဲချလိုက်သည်။

"အား . . မလုပ်နဲ့ ဟေ့ကောင်၊ ငါ ရေမကူးတတ်ဘူးကွ"

ရေမွန်းပြီး ဗလုံးဗထွေးနဲ့အော်နေသည့် မင်းသား . . ဆိုတဲ့ကောင်လေးကို အထင်ကရမေ အရမ်း . . အရမ်းကို စိတ်ဝင်စားသွားမိသည်။ သူမဘဝမှာ တွေ့ဖူးသမျှ ယောက်ျားတွေထဲမှာ ဒီကောင်လေးက သူမကို ပျော်ရွှင်အောင်လုပ်ပေးနိုင်သည်ဟု ထင်သည်။

"အား . . ဟေ့ကောင် . . သုတ လုပ်ဦး၊ ငါ . . ငါ . . ရေနစ်နေပြီကွ"



www.burmeseclassic.com

www.burmeseclassic.com



ကြည့်စမ်း. . သူ တကယ်ရေနစ်နေတာပဲ. . ဘယ်က ဘယ် လိုရောက်လာမှန်းမသိတဲ့ သနားစိတ်တွေက သူမသွေးတွေထဲမှာ စီး ဝင်နေသည်။ ဦးနှောက်က အချက်ပြမီးလင်းနေပြီမို့. . ဆရာမကြီးက ရေကန်ထဲကို ဒိုင်ဗင်ထိုးပြီး ဆင်းချသွားသည်။

"သက္ကရာဇ် မကြောက်နဲ့. . . ကျွန်မ လာပြီ"

ကျွန်မလာပြီဆိုတော့ နည်းနည်းပြုသနာရှိသွားသည်။ သုတ လည်း ကြောင်ပြီး ကြည့်နေသည်။ ယူမီက အထင်ကရမေကို စိတ်ပု ပြီး အော်နေသည်။

"အထင်ကရမေ. . နင်က ဆယ်တတ်လို့လား၊ ဟဲ့. . သတ် ထားဦးနော်"

ရေကန်ထဲမှာ ယက်ကန်ယက်ကန်ဖြစ်နေတဲ့ သက္ကရာဇ်ကို တော့ တွေ့ပါပြီ။ ဒါပေမယ့်. . ဘယ်က ဘယ်လိုလုပ်ပြီး ကယ်ရမှန်း မသိတော့ ဆရာမကြီးက မင်းသားရဲ့ခြေထောက်ကို ဆွဲပြီး ကယ်မ ပြင်သည်။ သုတကလည်း အထင်ကရမေကို အထင်တွေကြီးပြီး အသ လေး ကြည့်နေလိုက်သည်။

ဖြစ်ချင်တော့ ရေထဲမှာ စမ်းတဝါးဝါးနဲ့ ဆရာမကြီးကော ဆွဲလိုက်တာက သက္ကရာဇ် ဝတ်ထားတဲ့. . ဘောင်းဘီတိုကြီး ဖြစ်ေ သည်။

အောင်းညမြာ သိုစာပေ



ရေမကူးတတ်တဲ့ကြားထဲ ဘောင်းဘီပါ ကျွတ်သွားတော့. . သက္ကရာဇ်ရဲ့အဖြစ်ကို စဉ်းစားကြည့်ကြပါဦး။

ယူမီဆိုတဲ့ မမကလည်း အလိုက်ကန်းဆိုးမသိ စွတ်အော်နေ သည်။

"ဟဲ့. . လူဆင်းဆယ်တာ ဆိုပြီး. . ဘာကြီး ကောက်ဆယ် လာတာလဲ. . ခက်တော့တာပဲ ဆရာမကြီးရယ်"

အထင်ကရမေက သူ့လက်ထဲက ဘောင်းဘီကြီးကို တစ် လှည့်. . သက္ကရာဇ်ကိုတစ်လှည့် ကြည့်နေလို့ သက္ကရာဇ်မှာ သူ့အရှက် သူ လုံအောင်ဖုံးပြီး

"ခင်. . ခင်ဗျား. . ဘာလာကြည့်နေတာလဲ၊ သွား. . ဟိုဘက် လှည့်လေ"

သုတ ဆိုတဲ့ ငကြောင်က ခုမှ သဘောပေါက်သွားဟန် ရှိ ၏။ သူ့ဆီ အတင်းကူးလာပြီး ရေထဲကနေ အပေါ်ကို မ,မလို့ ပြင်သည်။

"ဟေ့ကောင်. . ဟေ့ကောင်. . ငါ့ကိုခင်ရင် အပေါ်ကို မ,မ ါနဲ့ကွာ၊ ဟိုမှာ သူလုပ်လို့ ငါ့မှာ ဘောင်းဘီမရှိတော့ဘူးကွ"

ရေကူးကန်ထဲမှာ ဗရုတ်သုတ်ခတွေ ဖြစ်နေတော့ ကလေး တွေတောင် မနေသာဘူးနဲ့တူရဲ့။ ကလေးလေးတစ်ယောက်က ဘော ာင်းတစ်ကွင်းကို ပစ်ပြီးပေးသည်။

အောင်းညမြာ သိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ် စိတ်ထဲမှာ အဲဒီကောင်မလေးကို ကျိန်ဆဲနေ သည်။ 'ဂန်းမ၊ သေချင်းဆိုးမလေး. . လူကို လာကယ်မလိုလိုနဲ့. . နောက်ဆုံးကျတော့ ခေါက်ရုက်လာခဲ့တာ'

"သူငယ်ချင်း ဘာမှမပူနဲ့၊ မင်း ဒီဘောကွင်းနဲ့ အသာလေ ဟန်မပျက်နေလိုက်. . မင်းဘောင်းဘီကိုင်ပြီး ကျောက်ရုပ်ဖြစ်နေ မမဆီက ဘောင်းဘီသွားပြန်တောင်းပေးမယ်"

ဆရာမကြီးက သက္ကရာဇ်ရဲ့ဘောင်းဘီကို လွင့်ပစ်ပြီး ရှ ရှက်နဲ့ ရေကူးကန်ပေါ် ပြေးပြီး တက်သွားသည်။ ယူမီလည်း ဘုမ ဘမသိနဲ့ သူ့နောက်ကိုပြေးပြီးလိုက်လာသည်။

"ဆရာမကြီး. . ဟဲ့. . ဘာဖြစ်လာတာလဲ"

"ယူမီ. . ငါ. . ငါလုပ်လိုက်တာ တလွဲတွေဖြစ်ကုန်ပြီ"

"အဲဒါပြောတာပေါ့. . နင်က ကလေးလောက်တောင် ဉာဏ် မထွက်ပါဘူးလို့၊ အစကတည်းက ဘောကွင်းပစ်ပေးလိုက်ရင် ပြီးနေ တဲ့ဟာကို"

"မဟုတ်ဘူး. . ခုနတုန်းကလေ ငါ. . ငါ. . သူ့ခြေထောက် နဲ့ဘောင်းဘီကို မှားပြီး ဆွဲလိုက်မိလို့"

"ဟင်. . ဒါဆို နင်ခုနက ကိုင်ထားတာ သူ့ဘောင်းဘီပြ ပေါ့. . ဟုတ်လား"





ဆရာမကြီးက ရှက်ပြီး ခေါင်းညိတ်ပြသည်။

"သေပြီဆရာ. . နင့်ကြောင့် ဟိုမင်းသားတော့ ဆင်ဆာထိ သွားရှာပြီ"

"ဒါဆို. . ငါ သွားပြန်ဝတ်ပေးရမလားဟင်. . "

ယူမီက ဆရာမကြီးလက်မောင်းကို တစ်ချက်ရိုက်ထည့်လိုက်ပြီး -

"ဟဲ့. . နင်သွားဝတ်ပေးစရာလား. . ဟိုက ယောကျ်ားလေး၊ နင်က မိန်းကလေးလေ"

အထင်ကရမေ ဇက်ကလေးပုသွားသည်။

"မတော်တဆ ဖြစ်သွားတာပါဟယ်. . ငါ သူ့ကို ဘယ်လို တောင်းပန်ရမလဲ မသိတော့ဘူး ယူမီရယ်"

"သူပြန်တဲ့အထိ စောင့်ပြီး တောင်းပန်လိုက်ပေါ့ဟာ"

"ဘယ်လိုပြောပြီး တောင်းပန်ရမလဲဟင်"

"ကျွန်မ ရှင့်ကို ဘောင်းဘီဆွဲချွတ်မိတဲ့အတွက် dinnerလိုက် ကျွေးပါရစေလို့ ပြောပေါ့"

"ဟာ. . နင်ကလဲ၊ ငါ အဲလိုကြီးတော့ မပြောရဲပါဘူးဟာ. . ရှက်စရာကြီး"

ဆရာမကြီးကျေးဇူးကြောင့် ထိုနေ့က သက္ကရာဇ် ရေကူးတတ်



www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ ရှက်ပြီး အပေါ်မတက်ရဲတော့ ညမှောင်တဲ့အထိ
ကူးကန်ထဲမှာ ကူးရင်း လူလည်း ပဲကြီးရေစိမ်ထားသလို ပွထနေပြီ
အအေးတောင် ပတ်ချင်နေပြီ။ နှာတွေလည်း ချေလိုက်တာမှ အဆက်
မပြတ်။

ဒါကို အိမ်မပြန်သေးဘဲ ချောင်းကြည့်နေတဲ့ ကောင်မလေး
က သနားပြီးရင်း သနားကာနေလေသည်။

ဒီအတိုင်း ဆက်ပြီး မလွှတ်ထားသင့်တော့ဘူးလို့ သူ ထင်
သည်။ အဲဒီမင်းသားဆိုတဲ့ ကောင်လေးအတွက် သူ ဘာလို့စိုးရိမ်
ရတာလဲ။ သူနဲ့ ဘာဆိုင်လို့လဲ။ ချစ်ခြင်းအစ သနားခြင်းက ဆို
ဟုတ်များ ဟုတ်နေပြီလား။ ဒါဆို သူသတ်မှတ်ထားတဲ့ စံတွေက ဘ
ရောက်ကုန်ပြီလဲ။

အထင်ကရမေသည် ရေကူးကန်နားကို ယောင်လည်လည်
ပြန်ရောက်လာကာ -

"ဒီ . . ဒီမှာ . . ရှင် မချမ်းဘူးလား၊ အကြာကြီးရှိနေပြီ"

သတ္တရာဇ်က ကျေးဇူးရှင်မလေးကို အမြင်ကတ်ကတ်ဖြ

"စိတ်ပူနေလို့လား . . ငါ နင့်ယောက်ျား မဟုတ်ဘူး၊ လာ
စိတ်ပူမနေနဲ့"

"ဘာ . . ဘာပြောတယ် . . ရှင်တော်တော် မိုက်ရိုင်းပါလား





ကျွန်မကို ဘယ်လိုမိန်းမစားထင်လို့လဲ ဟင် . . လူကိုများ သားပြော
မယားပြောနဲ့၊ ဒီက စေတနာနဲ့မေးတဲ့ဟာကို၊ ချမ်းနေရင် ရွှေကောင်း
မှာ ဟော့ပေါ့လိုက်တိုက်မလို့ဥစ္စာ"

ဒီလိုဆိုတော့လည်း ကောင်မလေးက ဘယ်ဆိုးလို့လဲ။ သူ့
အမှား သူသိပြီး တောင်းပန်ချင်လို့နဲ့ တူပါရဲ့။ ရေကူးတာ များသွားလို့
သူ့ဗိုက်ထဲမှာလည်း တဂွီဂွီနဲ့ ဆန္ဒပြနေပြီ။

"အခု လိုက်တိုက်မှာလား"

"ဟင့်အင်း . . စိတ်ပြောင်းသွားပြီ၊ ရှင်က ကျွန်မယောက်ျား
မှ မဟုတ်တာ၊ ဘာလို့ လိုက်တိုက်ရမှာလဲ"

"ခင်ဗျားစိတ်က normal မှမဟုတ်တာ"

"တကယ်တော့ ကျွန်မ ရှင့်ကိုတောင်းပန်မလို့လာတာ၊ ညနေ
က ကိစ္စလေ"

အထင်ကရမေ ဆက်ပြောမည်စိုး၍ သတ္တရာဇ်က အတင်း
တားသည်။

"ဟာ . . ဟော့ . . ဟော့ . . ဒီကိစ္စ အစမဖော်ကြေးလေ"

"ဒါဆို . . ရှင် ကျွန်မကို ခွင့်လွှတ်တယ်ပေါ့"

မင်းသားက နည်းနည်းတော့ မူသေးသည်။

"ရွှေကောင်းလိုက်တိုက်ရင်တော့ ခွင့်လွှတ်ရမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



နီယွန်မီးတိုင်လေးအောက်မှာ ဖြောင့်စင်းနေတဲ့ ဆံနွယ်လေးတွေနဲ့ သိပ်လှတဲ့ကောင်မလေးတစ်ယောက်ရှိနေတော့ ဒီညနေခင်းလေးဟာ သာသာယာယာရှိသွားပြီပေါ့။

"လာ. . ဒါဆို ခုတက်ခဲ့"

နှစ်ခါ ခေါ်စရာမလို။ သက္ကရာဇ်က ဝုန်းဆို ကန်ပေါင်ပေါ် ခုန်တက်လာသည်။

"အ. . မယ်. . လေး. . လန့်လိုက်တာရှင်. . ဘယ်လိုကြီး တက်လာတာလဲ"

"အဟဲ. . ဗိုက်ဆာနေပြီလေ၊ ဒီတစ်ခါတော့ တန်အောင်စားရမှာပဲ၊ ကိုယ့်အရှက်နဲ့ လဲထားရတာ"

အထင်ကရမေရဲ့မျက်စောင်းလှလှလေးက သူ့ဆီတန်းတန်းမတ်မတ်ရောက်လာလေသည်။

"ခဏလေးစောင့်နော်၊ ကျွန်တော် အဝတ်လဲပြီးလာခဲ့မယ်"

သူထွက်သွားတော့ သူ့ရဲ့နောက်ကျောကို ကျွန်မ ခိုးကြည့်ပါတယ်။

အရမ်းမိုက်တာပဲ။

သူ. . မင်းသားဖြစ်သင့်တာပဲလေ။

သိပ်မကြာပါဘူး။ သူ့ရဲ့မင်းသားလေး ပြန်ထွက်လာလေရဲ့





လမ်းလျှောက်ပုံကလည်း မိုက်နေတာပဲ။ ဆံပင်မှာ ရေမခြောက်သေးတော့ တစ်မျိုးကြည့်လို့ကောင်းနေတာပေါ့. . .

"ဘာငေးနေတာလဲ. . လာလေ. . သွားမယ်"

သူငေးနေတာ လူမိသွားတော့ ရှက်ပြီး ပြေးပါလေရော။

ကောင်မလေး စီးနေတဲ့ကားကိုကြည့်ပြီး သူ့အခြေအနေနဲ့ အဆင့်အတန်းကို မှန်းကြည့်လို့ရသွားသည်။ ဒါပေမယ့်လည်း သက္ကရာဇ် ဆိုတဲ့ကောင်က ပိုက်ဆံရှိတဲ့ ကောင်မလေးတွေနဲ့ ကျူကျူလုပ်တတ်တဲ့ကောင်မှ မဟုတ်တာ။

အထင်ကရမေက ကားမောင်းနေရင်း သက္ကရာဇ်ကို တစ်ချက် အကဲခတ်ကြည့်လိုက်သည်။ သူတို့နှစ်ယောက်ကြားမှာ စ,စရာ စကားမရှိတော့ ကားထဲမှာ တိတ်တိတ်ဆိတ်ဆိတ်ကြီးဖြစ်နေသည်။

သက္ကရာဇ်မှာတော့ မိသားစုနဲ့ဝေးနေသူပီပီ၊ တွေ့တဲ့သူတိုင်းကို စကားပြောချင်နေတာ အကျင့်ပါနေလေပြီ။ စကားမပြောဘဲ ကြာကြာမနေနိုင်တော့ ချောင်းတစ်ချက်ဟန့်လိုက်ပြီး -

"အဟမ်း. . ဟို. . လေ. . အခုခေါ် အခုလိုက်လာလို့ ကျွန်တော့်ကို အထင်များသေးသွားလား မသိဘူး"

"ဘာပြောတယ်. . ရှင် ဘာပြောလိုက်တယ်. . ရှင့်စကားက မသိရင် ကျွန်မကပဲ ရှင့်ကို ကားတင်ပြီးခိုးလာသလိုလို"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပြောတာက တခြား၊ သူအစီပွာယ်ဖွင့်နေတာက တခြား ပြီးတော့ စကားပြောရင်လည်း တုတ်ထိုးအိုးပေါက်ဆိုတော့ သက္ကရာဇ်က သူ့ဝသီအတိုင်း စ,ချင်လာသည်။

"ဒါပေါ့၊ စ,ခေါ်တာက မင်းလေ. . ကိုယ်ကလည်း စားချင်လို့လိုက်လာတာ. . ဟဲ. . ဟဲ"

ဟိုကလည်း ကက်ကက်လန်ဆိုတော့

"ဘာဟဲဟဲလဲ. . ရုပ်ကိုက မျက်နှာရှုံး. . ဒါနဲ့များ မင်းသားတဲ့. . "

"ဟာ. . ကျွန်တော် မင်းသားဆိုတာ မင်းသိတယ်ပေါ့၊ ဘယ်နှကား ကြည့်ဖူးလဲဟင်"

"အမှန်အတိုင်းပြောရမလား"

အထင်ကရမေက ပြုံးပြုံးလေးနဲ့ပြန်မေးသည်။ သက္ကရာဇ်က

"ပြောလေ"

"တစ်ကားမှမကြည့်ဖူးဘူး"

မင်းသားက သူ့နဖူးသူ လက်ဝါးနဲ့ရိုက်ပြီး

"သေပြီဆရာ. . ငါ တော်တော်နာမည်ကြီးနေပြီပဲ"

"ခစ်. . ခစ်. . အဟင်း. . ဟင်း"

ဘာဒေး ညာဒေး တစ်ခုမှမဟုတ်ဘဲ ထိုနေ့လေးက သူတို့





ယောက်အတွက် တကယ့်ကို အမှတ်တရနေ့ကလေး ဖြစ်ခဲ့ပါသည်။ ရွှေကောင်းမှာ ဟော့ပေါ့သောက်ပြီး အချိန်တိုတိုအတွင်းမှာပဲ သူတို့နှစ်ယောက် သူငယ်ချင်းတွေဖြစ်သွားကြသည်။

စိတ်တူကိုယ်တူရှိတာချင်းပါ၊ တူနေလေတော့ သီချင်းသွားဆိုဖို့ အကြံရပြီး ကာရာအိုကေဆိုင်ကို ဆက်ပြီး ဒိုးကြသည်။

အချိန်တွေ ဘယ်လောက်ကြာလို့ ကြာမှန်း မသိ။ သူ့အသံက ပိုကောင်းတယ်၊ ငါ့အသံက ပိုကောင်းတယ်နဲ့ အပီဟဲပြီး ဝုန်းဒိုင်းကြဲနေကြသည်။

သီချင်းဆိုလို့ မောရင် သံပုရာရည်သောက်ပြီး စကားတွေပြောကြသည်။

စကားပြောကြည့်မှ အဲဒီကောင်လေးဟာ ဘယ်လောက်ထိဖြူတယ်ဆိုတာ သူသိလာရသည်။

"အထင်ကရ. . ကျွန်တော် နယ်မှာ သီချင်းသွားဆိုလို့ရှိရင်လေ နယ်ပရိသတ်တွေက ဝက်ဝက်ကွဲအားပေးတာ သိလား"

"တကယ်. . "

"တကယ်ပေါ့. . ဘယ်လောက်ထိ အားပေးလဲဆို ကိုယ်ပေါ်မှာ အကျႌမကျန်တော့တဲ့အထိပဲ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ . . သူတို့က ကျွန်တော်ဝတ်ထားတဲ့ အင်္ကျီကို အမှတ်တရလိုချင်ကြတာ . . သီချင်းဆိုပြီးရင် ချွတ်ပြီး ပေးခဲ့ရတာချည်းပဲ . . ဦးထုပ်တို့ နာရီတို့ဆိုလည်း ဒီလိုပဲ ပေးခဲ့ရတာ"

တစ်ခါမှမကြားဖူးတာတွေ ကြားနေရတော့ ဆရာမကြီးက အံ့သြပြီး သူ့ဝသီအတိုင်း စပ်စုပါလေတော့သည်။

"ဒါဆို ရှင်က ယောကျ်ားလေးပရိသတ်ကို ပေးတာလား . . မိန်းကလေးပရိသတ်ကို ပေးတာလား"

"အမယ် . . နယ်က ပရိသတ်တွေက ကျွန်တော့်ကို အသေချစ်တာဗျ . . စင်ပေါ် တက် တက်လာပြီး အာဘွားတွေ ပေးသွားကြတာ"

"ကြည့်စမ်း . . ကြည့်စမ်း . . ရှင် အမြတ်ထွက်နေတယ်ပေါ့"

"အမြတ်ထွက်ဖို့နေနေသာသာ . . သူတို့ဝိုင်းဆွဲကြလို့ လက်မှာ ပွန်းရာပဲ့ရာတွေ တွေ့လား၊ လက်သည်းနဲ့ထိုးမိလို့လေ . . ပြီးတော့ သီချင်းဆိုပြီး ပြန်ဆင်းလာရင် သတိက ထားရသေးတယ်"

"ဘာဖြစ်လို့လဲ"

"ဩော် . . လူကြားထဲမှာ စင်ပေါ် အာဘွား တက်ပေးတဲ့ ကောင်မလေးတွေရဲ့ ရည်းစားတွေ၊ ယောကျ်ားတွေများ ပါနေမလား ငါ့ကိုများ လာဆွဲထိုးမလားပေါ့ . . နောက်ကျောက တယ်မလုံချင်ဘူး"





"ရှင်က ဒီအလုပ်ကို တကယ်ဝါသနာပါလို့လားဟင်"

သက္ကရာဇ်မျက်နှာက ရယ်နေရာမှတည်သွားသည်။

"ဘယ်လိုမေးလိုက်တာလဲဗျာ . . တကယ် ဝါသနာမပါဘဲနဲ့ ရန်ကုန်မှာ လာနေပြီး ထမင်းအငတ်ခံပါ့မလား . . ဒီအလုပ်ကို လုပ်ချင်လွန်းလို့ ကိုယ့်အိမ်ကနေ ထွက်ပြေးလာရတာ၊ ကိုယ်စုထားတဲ့ငွေလေးတွေနဲ့ ဒီမှာ model သင်တန်းလာတက်တယ်၊ အဆက်အသွယ်တွေ ရှာရတယ် . . ကိုယ်က ဒီလောကထဲက မဟုတ်ဘူးဆိုတော့ . . အစမှာ အရမ်းပင်ပန်းခဲ့တာပေါ့၊ နောက်ဆုံးတော့ ကိုယ့်ဝါသနာက ဂိတ်ဆုံးနေပြီ၊ ဆေးမမီတော့ဘူးဆိုပြီး အမေက သူ့လယ်ကွက်ကို ထုတ်ရောင်းပြီး ကားရိုက်ပေးတာ"

"ခစ် . . ခစ် . . ဒါဆို ရှင့်အမေ လယ်ကွက်ပြောင်ပြီပေါ့"

"ကျွန်တော် ပြောထားတယ်လေ . . အောင်မြင်လာရင် ပြန်ဝယ်ပေးမှာပေါ့"

သူ့ အငတ်ခံဖူးတာတွေ၊ အဆင်မပြေတာတွေ သိရတော့ . . သနားစိတ်လေးတွေ တိုးတိုးလာသည်။

"ကြိုးစားရင် အောင်မြင်မှာပေါ့ရှင်၊ စိတ်ဓာတ်မကျပါနဲ့ . . ဝိုက်တင်း"

ကိုးရိုးယားရောဂါက မသေသေးတော့ ကိုးရိုးယားလို ကြိုး



www.burmeseclassic.com

www.burmeseclassic.com



စားဖို့ အားပေးပြီး -

"ဒီနေ့ကစပြီး ရှင့်မှာ ပရိသတ်တစ်ယောက်တိုးပြီလို့သာ မှတ်လိုက်ပေတော့၊ ရှင်ပါသမျှဇာတ်ကားတွေအားလုံး ကျွန်မ အပိုင်ဝယ်သိမ်းပြီးကြည့်မှာ သိလား"

အဲဒီအချိန်မှာ ဘသားချောက ကျွန်မလက်ကို ဘာမပြောညာမပြောနဲ့ ဆုပ်ကိုင်လာပြီး ကျေးဇူးတင်စကား အထပ်ထပ်ပြောပါတယ်။ သေချာတာက သူ့မျက်ဝန်းတွေက အင်မတန်မှတောက်ပနေတယ်. . ပျော်ရွှင်မှုတွေ ရစ်သိုင်းနေပါတယ်။

"အထင်ကရ. . မနက်ဖြန်ကျရင် ကျွန်တော့်ရှုတင်ကို လာခဲ့ပါလားဟင်၊ ကျွန်တော့်ရဲ့ပထမဆုံးကြော်ငြာရိုက်ကွင်းမှာ အထင်ကရကို တွေ့ချင်တယ်"

"ဘာဖြစ်လို့လဲ. . ရှင် အားငယ်နေလို့လား"

ပြောပြီးမှ. . သူ့စကား မှားသွားမလားဆိုပြီး ဆရာမကြီးက စိုးရိမ်သွားသည်။

"sorry နော်၊ ဒီလိုပဲ ကျွန်မက စိတ်ထဲရှိရာ သိပ်ပြောတတ်တာ"

"အထင်ကရပြောတာ အားလုံးမှန်နေတာပဲလေ. . ဘာစိတ်ဆိုးစရာရှိလို့လဲ၊ ကျွန်တော် မနက်ဖြန်ရိုက်ရမှာက ရေကူးဝတ်စုံကြော်





ငြာလေ. . မင်းသမီးက ရေကူးတတ်တယ်၊ ကျွန်တော်က ရေမကူးတတ်ဘူးလေ. . ဒီနေ့ကျမှ အသည်းအသန်သင်ရတာ၊ မနက်ဖြန်ကျရင် ရေကူးကန်ထဲမှာ မင်းသမီးကို ကယ်ရမယ်တဲ့. . စဉ်းစားကြည့်ဦး၊ ကျွန်တော်မှ စိတ်မလှုပ်ရှားရင် ဘယ်သူစိတ်လှုပ်ရှားမလဲ"

အယ်. . သူ တကယ်အားငယ်နေတာပဲ. . သူ့ပုံစံက ကျူကျူလုပ်နေတဲ့ပုံမှ မဟုတ်တာ။ အားငယ်သူကို အားပေးရဦးမှာပေါ့။

"ကဲပါ. . ရှင် ဒီလောက်စိတ်ညစ်မနေပါနဲ့. . မနက်ဖြန် ရှင့်ရှုတင်ရှိမဲ့နေရာကို ကျွန်မဆီ message ပို့လိုက်. . ကျွန်မ လာခဲ့မယ်လေ"

မိဝေး ဘဝေးနဲ့. . တစ်နယ်တစ်ကျေးမှာ ရုန်းကန်နေရတဲ့အတွက် တစ်ခါတစ်ရံမှာ အထီးကျန်တတ်တာပဲလေ။ အဲ့လိုအချိန်မျိုးမှာဆို တစ်စုံတစ်ယောက်ကို အနားမှာရှိနေစေချင်တာ သဘာဝပဲ။

သူ့ရင်ထဲက တောင်းဆိုတဲ့ အဲဒီတစ်ယောက်ဟာ အထင်ကရမေ ဆိုတဲ့ကောင်မလေးဖြစ်နေတာတော့ တော်တော် ထူးဆန်းသည်။

"သက္ကရာဇ်ရေ ကျွန်မတို့တွေ နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ တစ်ယောက်တစ်ပုဒ်စီ အပီဟဲပြီး ပြန်ကြတာပေါ့နော်"

သက္ကရာဇ်က ချစ်ဦးမေသီချင်းလေးကို feel အပြည့်ဖြင့် ဆိုသလို အထင်ကရမေက ခုတလောFMတွေမှာ ခဏခဏအတောင်း



www.burmeseclassic.com

www.burmeseclassic.com



ခံနေရတဲ့ အိုင်ရင်းဇင်မာမြင့်ရဲ့ သီချင်းလေးကို ပီပီပြင်ပြင်ကြီး ဆိုပြ လိုက်တော့ မင်းသားက ပိုပြီး ကြွေသွားပုံရသည်။

(မှတ်ချက်။ ။ ဆရာမကြီးစိတ်ထဲမှာ အဲဒီလိုပဲ ထင်လိုက်တာ)

ဒီလူသာ သူ့အနားမှာရှိရင် . . နာရီတွေ လည်တာကိုလည်း မေ့ထားလို့ရသည်။

ဒါပေမယ့် . . သူမေ့ထားလို့မရတာက . . .

♦



(၇)

သက္ကရာဇ်နေတဲ့ တိုက်ခန်းရှေ့မှာ ကားကိုရပ်လိုက်တော့ သူက ဆင်းသွားပြီး သူမ ကားမောင်းတဲ့ဘက်ခြမ်းမှာ လာရပ်ကာ ကိုယ်ကို ညွတ်ပြီး

"ကျေးဇူးပဲ အထင်ကရ၊ ကျွန်တော်က ဒီတိုက်ရဲ့ ခုနစ်လွှာမှာ နေတာ . . အမှန်အတိုင်းပြောရရင် သူငယ်ချင်းအိမ်မှာ ကပ်နေရတာ ပေါ့လေ"

မရှက်မကြောက်ပြောရဲတာကိုက သူ့ရဲ့ ရိုးသားတဲ့ဂုဏ်တစ်ခုမို့ ဒါကို မလွဲမသွေ အသိအမှတ်ပြုရပေလိမ့်မည်။

"မနက်ဖြန် ဆက်ဆက်လာခဲ့ပါနော်"

"လာပါမယ်ဆိုမှပဲ . . အရမ်းမိုးချုပ်နေပြီ၊ ကျွန်မ ပြန်တော့မယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



နောက်ကြည့်မှန်ထဲမှာ ပေါ်နေတဲ့ သူ့ပုံရိပ်ကို ကားမောင်းရင်း တစ်ဝကြီးကြည့်နေမိသည်။

သူက အပေါ်မတက်သေးဘဲ လက်ကလေးပြပြီး ရပ်ကျန်ခဲ့ရာသည်။ ရင်ထဲမှာ တစ်မျိုးကြီးခံစားသွားရသည်။

ကားမှာပြနေတဲ့နာရီက ညဆယ့်နှစ်နာရီ။

သွားပြီ. .

အိမ်ရောက်ရင်တော့ ရှော့ရိုက်ပြီထင်ပါရဲ့။

ကားလီဗာကို ဖိနင်းမိသည်။ အထင်ကရမေရဲ့ကားလေးက ပြည်လမ်းမပေါ်မှာ အရှိန်နှင့်ပြေးနေသည်။

ခြံဝမှာ ကားရပ်ပြီး အခြေအနေကိုကြည့်သည်။ အခြေအနေက သိပ်ပြီး မကောင်း။ ကေနွှ ရာသီဥတုက သူ့ဘက်မှာရှိပုံမရချေ။

အိမ်မှာ ဘာပါဝါမှ မရှိတဲ့ လေးလေးသက်၊ သူ့ထက်ပိုပြီး ပါဝါရှိတဲ့ မေမေ ရွှေငုဝါ၊ အိမ်မှာ အာဏာအကြီးဆုံး ဂိုဏ်းချုပ်ကြီး ဘွားရွှေဥ။

သုံးယောက်သား အိမ်ရှေ့မှာ တန်းစီ ရပ်ပြီး အလေးပြုနေကြသည်။ အဲလေ. . သူ့ကိုစောင့်နေကြသည်။ အိမ်ပြင်အထိတောင်ရောက်လာပြီဆိုတော့ ပြဿနာက အကြီးကြီးဖြစ်နေပြီထင်သည်။ ဒီတောင်မှ ကားဟွန်းမတီး၊ ရှေ့မီးမထွန်းဘဲ အသာလေးဝင်လာပေလို့။





အထင်ကရမေက ကားပေါ်မှဆင်းဆင်းချင်း မျက်နှာချိုသွေးလိုက်သည်။

"အဘွား. . မအိပ်သေးဘူးလား. . အိမ်ရှေ့မှာ ဘာရပ်လုပ်နေတာလဲ. . မေမေရော ဘာလုပ်နေတာလဲ"

လေးလေးသက်က ငေါ့ပြီး

"တူတူပုန်းတမ်းကစားနေတာဟေ့. . ရှင်းပြီလား"

"ဒါ. . မိန်းမကောင်းတွေ အိမ်ပြန်တဲ့အချိန်လား ဆရာမကြီး၊ ပြောစမ်းပါဦး. . စည်းမရှိကမ်းမရှိ ညည်း ဘယ်တွေလျှောက်သွားနေတာတုန်း"

ဒါက ဘွားရွှေဥရဲ့ပုံးကြဲတဲ့အသံ။

"ဘွားကလဲ. . သမီးက သူငယ်ချင်းတွေနဲ့ရှိုးပွဲကြည့်ချင်လို့ လိုက်သွားမိတဲ့ဟာကို အမေလည်း သိတဲ့အတိုင်းပဲလေ. . နာမည်ကြီး အဆိုတော်တွေက နောက်ဆုံးမှဆိုကြတော့ သမီးက သူတို့ကို စောင့်ကြည့်နေရလို့ နောက်ကျသွားတာပေါ့. . အမေတို့ ဆူချင်ရင် သမီးကို မဆူနဲ့. . သူတို့ကို သွားဆူ. . ဟွန်း"

"ဟဲ့. . ဆရာမကြီး၊ နင် လာဖြီးမနေနဲ့. . နင်ဖြီးချင်ရင် နင့်အဘွားနဲ့ အမေပဲ ဖြီးလို့ရမယ်၊ ငါ့ကို ဖြီးလို့မရဘူး နားလည်လား၊ ဒီနေ့ ဘာပွဲမှမရှိဘူး"



www.burmeseclassic.com

www.burmeseclassic.com



လေးလေးသက်က ဝင်ပြီးထောင်တော့

"လေးလေးက ပွဲကန်ထရိုက်မို့လား. . ဘာမှလည်း မသိ
နဲ့. ."

"ဒီမယ် သမီး. . အမေပြောမယ်။ သမီး ရှုံးပွဲသွားကြည့်တ
အမေ အပြစ်မပြောဘူး. . အိမ်ပြန်နောက်ကျမယ်ဆိုရင်တော့ အိမ်
လူကြီးတွေကို အကြောင်းကြားသင့်တာပေါ့. . အခုဟာက ဖုန်းလည်
မဆက်၊ ဖုန်းဆက်ပြန်တော့လည်း ဖုန်းမကိုင်နဲ့. . အမေတို့မှာတေ
တောင်တွေး မြောက်တွေးနဲ့"

အမေဖြစ်သူရဲ့စကားကို ဆရာမကြီးက

"ဘာတွေတွေးနေကြလဲ"

"ဩော်. . ငါ့သမီးလေး လင်နောက်များ လိုက်သွားပြီလား
ဘယ်သူက ကားတင်ပြေးသွားလဲ၊ ဘယ်အဖွဲ့ကများ ပြန်ပေးဆွဲသွာ
လဲ. . . အမျိုးစုံပဲကွယ်"

"အဟိ. . အထင်တွေကြီးနေလိုက်ကြတာ. . အမေတို့ထင်
သလို သမီးကလည်း ဖြစ်ချင်နေတာ"

"ဟား. . ဟား. . ဟား. . ဟား. . ဟား. . ဟား. ."

လေးလေးသက်က ဗိုက်နှိပ်ပြီး အော်အော်ရယ်နေလို့ ဘွား
ရွှေဥက ဗိုက်ခေါက်ကိုဆွဲလိမ်ရင်း





"ဟဲ့အကောင်၊ ဒါ သက်ကြီးခေါင်းချချိန်ဟဲ့၊ ပတ်ဝန်းကျင်ကို
ည်းနည်းပါးပါး အားနာဦး၊ ဘယ့်နှယ် အာပြဲပါးလာလုပ်နေတာလဲ"

"အမေကလဲဗျာ. . လူကြီးတွေ အိပ်လို့ ကျွန်တော်တို့လူငယ်
တွေ ကမြင်းကြောထတာပေါ့. . အမေ့မြေး ပြောတာလည်း ကြည့်ဦး
လေ. . သူ့အဖြစ်မရှိတာကို လာပြီး ကြော်ငြာဝင်နေတယ်"

"ကဲပါ. . လာ. . အိပ်ကြတော့၊ နင့်သမီး အိမ်ပြန်ရောက်လာ
ပြီပဲ ဥစ္စာ၊ လာကြ. . အထဲဝင်မယ်"

အထင်ကရ ဘွားရွှေဥရဲ့ခါးတုတ်တုတ်ကြီးကိုဖက်ပြီး ကလေး
လို တွတ်ထိုးသွားသည်။ အိမ်မှာတော့ သူမက ကလေးပါပဲ. . အပြင်
ာသာ. .

ကလေး. . ကလေး. . . အထင်မသေးနဲ့ဆိုသလိုမျိုးပေါ့။

◆



www.burmeseclassic.com

www.burmeseclassic.com

(၈)

မနက်စောစောစီးစီး အမေ့ဆီက ဖုန်းလာတော့ နှိုးစက်မလို ဘဲ သူနိုးသွားသည်။

"အမေ. . ပြော"

"သားရေ. . တောရုံနဲ့ကောက်ရကို ငါပို့ပေးလိုက်ပြီနော်. . အဲဒါ လောလောဆယ်တော့ မင်းတို့ဆီမှာ ခဏခေါ်ထားလိုက်ဦး"

"ဟာဗျာ. . အမေကလဲ. . ဒီမှာ မိန်းမပျိုလေးတွေလည်း နေတဲ့ဥစ္စာ. . သူတို့တွေနဲ့ဆို အနေကျုံ့နေမှာပေါ့. . ရတယ်. . ရတယ် သား ကြည့်ပြီးစီစဉ်လိုက်မယ်"

"အေး. . အေး. . ဒါဆို နောက်မှ အမေ့ဆီ ဖုန်းပြန်ဆက် နော် သား. . "

"ဟုတ်"





ဖုန်းချပြီး ဘယ်လောက်မှတောင် မကြာပါဘူး. . အမေ ပို့လိုက်တဲ့ ရွာက တောရုံနဲ့ကောက်ရက Taxi တစ်စီးနဲ့ အိမ်အောက်မှာ ရောက်နေပြီ။

ဒီနေရာမှာ သူတို့ပုံစံကို ပြောပြရဦးမယ်။

တောသားမြို့တက်ဆိုပြီး. . လူအထင်သေးမှာစိုးလို့နဲ့ တူပါရဲ့။ တစ်ယောက်က ဂျင်းဘောင်းဘီနဲ့လန်ထွက်နေသလို၊ နောက်တစ်ယောက်ကလည်း D II ရှပ်နဲ့ အပီလုပ်ချလာတာ။ နေကာမျက်မှန်လည်း ပါသေး။

"ဟေ့ကောင်တွေ. . စောလှချည်လားကွ၊ ရောက်လာတာ"

"စောဆို အိမ်ကားနဲ့ ကားကြုံလိုက်လာတာကိုး၊ ဒီမှာ အစ်ကို ကြီးစားဖို့ ကြီးဒေါ်က ဟင်းတွေ စီစဉ်ပေးလိုက်တယ်"

ခြင်းထဲမှာ ငပိကြော်က ဘူးကြီးတစ်ဘူး၊ အညာငပိထောင်းက တစ်ဘူး၊ ကြက်ကြော်တွေလည်း ပါလာသေးသည်။ တစ်ပတ်စာ လောက်တော့ ကောင်းကောင်းဖူလုံပြီပေါ့။

"ဒါနဲ့ မင်းတို့ ဘာစားလာပြီးပြီလဲ"

"ဘယ်က စားရမှာလဲ အစ်ကိုရာ. . ကားက လမ်းမှာ တစ်ချက်မှမရပ်ဘူး။ တန်းပြီး မောင်းလာလို့ ရှူးပေါက်ချိန်တောင်မရပါဘူး ဆို. . လူလည်း ဆီးဖြူသီးလိမ့်သလိုပဲ လိမ့်ပြီးပါလာတာ၊ ဗိုက်လည်း



www.burmeseclassic.com

www.burmeseclassic.com



ပေါင်းလောင်းဖြစ်နေပြီ၊ လုပ်ပါ အစ်ကိုရာ၊ မုန့်လေးဘာလေး ဝယ်ကျွေးပါဦး"

ကောင်းရော၊ ကိုယ့်ဟာကိုယ်တောင် ခြိုးခြံချွေတာပြီး စားနေရတဲ့ဥစ္စာ။ ဒီနှစ်ကောင်ကိုပါ ကျွေးရဦးမယ်ဆိုတော့ . .

"လာ . . လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကိုသွားကြမယ်"

"ဒါဆို ဗီအထုပ်တွေအပိုးတွေက ဘယ်လိုလုပ်ရမလဲ"

"သယ်ခဲ့ကွာ . . ငါလည်း ခုနစ်လွှာကို ပြန်မတက်နိုင်တော့ဘူး . . ပြန်မှ တစ်ခါတည်းယူသွားကြတာပေါ့"

လမ်းထိပ်က လက်ဖက်ရည်ဆိုင်ရောက်တော့ တောရုံက

"ညီလေး . . ဒီဝိုင်းကို ရှိတဲ့မုန့် အကုန်ချမယ်၊ ပေါက်စီပါ ချပေး . . လက်ဖက်ရည်ကျဆိမ့် တစ်ခွက်၊ ရှမ်းခေါက်ဆွဲတစ်ပွဲ"

သူ့ပါးစပ်နဲ့သူ မှာချသွားတာ။ ကောက်ရကလည်း အားကျမခံ။

"နန်းကြီးသုပ်တစ်ပွဲ၊ နပ်ကော်ဖီတစ်ခွက်"

တောသားဆိုတော့ Nes ကော်ဖီပြောတာ မပီတော့ စားပွဲထိုးလေးက

"အစ်ကို . . ဒီဆိုင်မှာ နပ်ကော်ဖီမရှာဘူးခင်ဗျ။ Nesကော်ဖီပဲ ရှိတယ်"

*အောင်ညာဆီအေးပေ*



"ဟုတ်တယ် . . ဟုတ်တယ် . . မင်းပြောတဲ့ကော်ဖီပဲ"

ဘုရား . . ဘုရား . . ဒီနှစ်ကောင်ကို အိမ်ပေါ်တင်ပြီး တစ်နေ့သုံးကြိမ် ဘယ်လိုကျွေးရပါ့။

တော်သေးတာပေါ့ . . မနေ့က ကြော်ငြာအတွက် ငွေလေးနည်းနည်းပါးပါး ကြို့ရထားလို့။ သူတို့အတွက် သူတို့မှာချသွားတာ။ သုပ်ဖို့လာတာက မင်းသားနောက်လိုက်။ ဘာတစ်ခုမှလည်း သိတတ်ပုံ မရပါလား။

နောက်ဆုံးတော့ ကိုယ့်ပါးစပ်နဲ့ကိုယ်ပဲ မှာရတော့တာပေါ့။

"ညီလေး . . အစ်ကို့ကို ပဲနံပြားတစ်ပွဲနဲ့ လက်ဖက်ရည်တစ်ခွက် ချပေး"

"ကိုညှောက်တောက် . . ခင်ဗျားက ရန်ကုန်သားဖြစ်သွားလို့ထင်တယ် . . အစားနည်းလှချေလားဗျ"

"ဟေ့ကောင် . . ဟေ့ကောင် . . မင်းကို ငါကြိုပြောထားမယ်နော် . . ရွာကနာမည် ဒီမှာ လာမခေါ်နဲ့၊ အထူးသဖြင့် ရှုတင်မှာ လာခေါ်နဲ့၊ ကြားလား"

"ဘာဖြစ်လို့လဲ . . အစ်ကိုကလည်း အစ်ကို့နာမည် လှနေရဲ့သားနဲ့၊ ရွာမှာဆို သက္ကရာဇ်လို့သွားမေးကြည့်လိုက်၊ ဘယ်သူမှ မသိဘူး၊ ညှောက်တောက်လေးဆိုမှ သိကြတာ"

*အောင်ညာဆီအေးပေ*

www.burmeseclassic.com

www.burmeseclassic.com



"မခေါ်နဲ့ဆို မခေါ်နဲ့ကွာ. . အဲဒီနာမည် လာခေါ်ရင် မင်းတို့တွေ ရွာပြန်ဖို့ အထုပ်ပြင်တော့"

အဲဒီထော့မှ သကောင့်သားနှစ်ကောင်က မျက်နှာငယ်လေးတွေနဲ့

"ရွာတော့ မပြန်ပါရစေနဲ့ အစ်ကိုရယ်၊ ခုနလေးကမှ ရောက်လာတာလေ"

"အေး. . ဒါဆို အပြောအဆိုဆင်ခြင်လေကွာ"

ဟိုနှစ်ကောင် တစ်ဖြန့်စ်ဖြုမျိုဆို့နေတာ ကြည့်ပြီး စေတနာ တောင် နည်းနည်းပျက်ချင်လာသည်။

"ကဲ. . စားမှာဖြင့် မြန်မြန်စားကြ၊ ကိုးနာရီထိုးရင် ငါ ရှုတင် သွားရတော့မယ်၊ မင်းတို့လည်း အဆင်သင့်ပြင်ထား. . ငါယူသွားမယ့် ပစ္စည်းတွေ ပြမယ်. . သေချာယူခဲ့ကြ"

ဒီလိုမှ မဆော်ဩရင် ဆိုင်မှာ ရှိသမျှမုန့်တွေ အပြောင်စားမယ့် သဘောမှာ ရှိသည်။

◆





Taxi ကားပေါ်မှာ ရှုတင်ယူသွားမယ့် ခုံ၊ အဝတ်အိတ်၊ခြင်းထဲမှာတော့ ရေဘူးတွေ၊ မုန့်တွေ၊ ဘီးတွေ၊ ယပ်တောင်က မပါမဖြစ်ပေါ့။ သူက အရမ်းအိုက်တတ်တာဆိုတော့ နည်းနည်းလေးလှုပ်ရှားလိုက်တာနဲ့ ချွေးက ကျလာပြီ။ အားလုံး စုံပြီဆိုတော့. . သူတို့အုပ်စု ရှုတင်ကို ထွက်လာကြသည်။

သူ့မှာ ကားပေါ်ကနေ အထင်ကရဆီ message လှမ်းပို့ရသေးသည်။

"နိုးပြီလား. . ဒီနေ့ ရှုတင်က ချမ်းသာကွန်ဒိုမှာ၊ ဆက်ဆက်လာခဲ့နော်"

ဟိုတောသားနှစ်ကောင်က ဖုန်းမြင်တော့ ဖုန်းကို ကလိချင်လာပြန်ပြီ။

"အစ်ကို့ဖုန်းမှာ သရဲစီးပါလားဟင်"

"ပါတော့ မင်းတို့က ဘာလုပ်မလို့လဲ"

"ဆော့ချင်လို့. . ရွာမှာဆို သူများတွေ ဆော့နေတာ မြင်ဖူးတယ်။ ဂိမ်းဆိုင်တွေမှာလည်း ရှိတယ်ဆိုပဲ၊ ကြီးဒေါ်က ပိုက်ဆံမပေးလို့ သွားမဆော့ရပါဘူး"

သားရှေ့မှာ ပြောင်ပြောင်တင်းတင်းနဲ့ အမေ့အတင်း တုပ်နေလိုက်ကြတာ။



www.burmeseclassic.com

www.burmeseclassic.com



"အေး. . ဆော့ချင်ရင် စည်းနဲ့ ကမ်းနဲ့ ဆော့ကြ၊ ဒီဟန်းဆက်က ငါးသိန်းကျော်တန်တယ်. . နားလည်လား"

ရှုတင်ရောက်တော့ ရေကူးကန်နားမှာ မင်းသမီး မရောက်သေးလို့စောင့်နေရသေးသည်။ တစ်နာရီလောက် စောင့်အပြီးမှာတော့ မင်းသမီး မလာဘဲ သူ့ရဲ့နတ်သမီးလေး ကြွလာလေသည်။ ရှုတင်အဖွဲ့ကလူတွေက အရမ်းလန်းနေတဲ့ ကောင်မလေးကို ဝိုင်းပြီးငမ်းကြောထူနေကြသည်။ အထင်ကရမေ ဆိုတဲ့မမကလည်း ဝတ်ချလာလိုက်တာ ကမ်းခြေဒီဇိုင်းနဲ့။ မင်းသမီးချင်းမှားလောက်ပါပေရဲ့။

ဒါရိုက်တာကတောင်

"မင်းသမီးမလာရင် သူ့ပဲ ခေါ်ရိုက်လိုက်ရအောင်"

ဆိုပြီး ပြောနေသေးသည်။ သက္ကရာဇ်က စပ်ဖြီးဖြီးရုပ်နဲ့.

"အဟီး. . ဒါလေးတော့ မလုပ်ပါနဲ့၊ ဒါ ကျွန်တော့်သူငယ်ချင်းပါ"

လိမ္မော်ရောင်လက်ပြတ်အကျီလေးနဲ့ အောက်မှာ ပဝါအပါးစလေးကို ထဘီလိုပြန်ပတ်ထားတာဆိုတော့ လေတိုက်လိုက်တိုင်း လွင့်ခနဲ၊ လွင့်ခနဲ. . အသည်းတွေတောင် အေးသွားသလိုပဲ။

အထင်ကရမေက သူမကို လူတွေ ပြူးပြဲပြီးကြည့်နေလည်း ဂရုစိုက်ပုံမရချေ။ အနည်းဆုံးတော့ မိန်းကလေးအတော်များများမှာရှိ





တတ်သည့် ရှက်ကိုးရှက်ကန်းအမူအရာမျိုး သူမဆီမှာ မတွေ့ရ။ ကိုယ့်ကိုယ်ကို ယုံကြည်မှုအပြည့်ရှိသည့်ပုံစံမျိုးဖြင့် တပ်ထားသောမျက်မှန်ကို ခေါင်းပေါ်ပင့်တင်ကာ

"မောနင်း သက္ကရာဇ်. . ရှင် ရေကူးမကျင့်ဘဲ ဘာထိုင်လုပ်နေတာလဲ"

သူ့ဝသီအတိုင်း နည်းနည်းတော့ ဆရာမကြီးလုပ်လိုက်သေးသည်။

"မင်းကိုစောင့်နေတာ"

"ဒါဆို. . အခု ကျွန်မ လာပြီပဲ ရှင်ရေကူးတော့လေ. . ဒါမှ မင်းသမီးလာရင် ရယ်ဒီဖြစ်မှာပေါ့"

"အခု ဆင်းရမှာလား"

"ဆင်းပေါ့"

ဘေးနားမှာ ဒါရိုက်တာကြီးက ငုတ်တုတ်။ မဆီမဆိုင် ဆရာကြီးက ဝင်ပြီး ဩဇာပေးနေသည်။ မင်းသားက ရေထဲကို တကယ်ဆင်းမလို့ပြင်နေပြီ။

ရေကူးတာက မကျွမ်းမကျင်ဆိုတော့ ကြောက်စိတ်လေးကနောက်ပြန်ဆွဲနဲ့. သက္ကရာဇ်ရဲ့မျက်လုံးတွေက ရေထဲမှာ မိကျောင်းကြီးရှိလို့ မဆင်းရဲဘဲ ကြောက်နေသလိုလိုဖြစ်နေသည်။ရှုတင်မန်နေဂျာက



www.burmeseclassic.com

www.burmeseclassic.com



"မင်းသား ရေထဲဆင်းလို့မရသေးဘူးလေ၊ ဆံပင်တွေ ရေစို ကုန်မှာပေါ့"

"ရေစိုလို့ မရဘူးလား"

"ဘယ်လိုလုပ်ရမလဲ၊ မင်းသားနဲ့ မင်းသမီး ရေကူးကန်နံဘေး မှာ Love scene ရိုက်ရဦးမယ်၊ ပြီးတော့မှ မင်းသမီးက ရေဆင်းကူး မယ်. . ခြေထောက်ကြွက်တက်တော့မှ မင်းသားက ဆင်းကယ်ရမှာ"

သဏ္ဍာရာဇ်က ဆရာမကြီးရဲ့မျက်နှာကို အားနာသလို မျက်နှာ ပေးလေးနဲ့ ကြည့်လာပြီး

"သူတို့က မဆင်းနဲ့တဲ့၊ စိတ်မဆိုးနဲ့နော် အထင်ကရ"

အထင်ကရမေရဲ့ နှုတ်ခမ်းလေး စူထော်လာချိန်တွင် ဒါရိုက် တာရဲ့တပည့်ကျော် ဘုန်းကြီးကျောင်းသားလေးက သိန်းထောင့်ငါး... ဆု ပေါက်သလို ထပြီးအော်သည်။

"မင်းသမီးလာပြီ မင်းသမီးလာပြီ"

မင်းသမီး ဝတ်ရည်ရွှေမှုန်က လကမ္ဘာပေါ် မှာ လမ်းလျှော... နေသလို တိမ်တွေပေါ် မှာလွင့်မျောလာတဲ့ဒီဇိုင်းနဲ့ ကြွကြွရွရွလေး ... လှုပပမျက်နှာပေးနဲ့ လျှောက်လာလေရဲ့။

ပြီးတော့ အပြုံးချိုချိုလေးနဲ့ ဒါရိုက်တာကြီးကို လှမ်းပြီးနှု... ဆက်သည်။





"ဆရာ. . သမီး နည်းနည်းနောက်ကျသွားတယ်၊ ညတုန်းက သုံးနာရီမှ အိပ်ရလို့လေ"

မင်းသမီးရဲ့တယောသံလေးကို အကြားမှာတော့ ခုနတုန်းက ...င်းသမီးမလာလို့ ပေါက်ကွဲနေတဲ့ ဒါရိုက်တာကြီးက လုံးဝဆန့်ကျင် ...ဘက်ဖြစ်သွားပြီး

"ဟာ. . အိပ်ရေးမဝရင် သမီး မူးနေမှာပေါ့. . လီပိုကလေး ...သောက်လိုက်ပါလား၊ ဟော့ကောင် မူးရစ်၊ မင်းသမီးအတွက် လီပိုအေး ...အေးလေးတစ်ဘူး ချက်ချင်းသွားဝယ်လာခဲ့"

သူ့တပည့်က မူးလာရင် ရစ်လွန်းလို့ မူးရစ်လို့အမည်တွင်နေ ...သာ။

ဒီဒါရိုက်တာပုံစံ ကြည့်ရတာ သဏ္ဍာရာဇ်ထက် နာမည်ကြီးမင်း ...သမီးကို ပိုပြီး အလေးပေး(တည့်တည့်ပြောရရင် ဖား)နေသလိုပဲ။

ဆရာမကြီးမျက်စိထဲမှာ cross ဖြစ်နေပြီဆိုတော့ သဏ္ဍာရာဇ် ...းကိုကပ်ပြီး တိုးတိုးလေး ပြောသည်။

"ဒီမှာ ရှင့်ကျတော့ စောင့်နေရတာ နှစ်နာရီတောင်ရှိနေပြီ၊ ...ဒီပိုမပြောနဲ့ Blue Mountain လေးတစ်ဘူးတောင် တိုက်ဖော်မရ ...ဘူး. . မင်းသားနဲ့မင်းသမီး ဘာကွာနေလို့လဲဟင်"

"ဩော်. . အထင်ကရ သောက်ချင်လို့လား၊ ကိုယ့်မှာ အအေး



www.burmeseclassic.com

www.burmeseclassic.com



ဘူးတွေ ပါ ပါတယ်. . တောရှုံနဲ့ ကောက်ရဆီမှာ သွားတောင်းပေး မယ်လေ"

"နေပါ. . မသောက်ချင်ပါဘူး၊ ကျွန်မအိမ်က ရေခဲသေတ္တာ ထဲမှာ အအေးဘူးတွေ အပြည့်ရှိပြီးသား"

သူ့အတွက် ပြောလို့ပြောမှန်းမသိဘူး။

"အထင်ကရ. . တောရုံတို့နားမှာ သွားစောင့်နေလေ၊ သူတို့ ဆီမှာ ထိုင်ခုံလည်း ပါတယ်၊ ဆီးထုပ်တွေ နေကြာစေ့တွေလည်း ပါ တယ်"

အထင်ကရမေက အငေါ်တူးပြီး

"နေပါဦး. . ရှင်က ရှုတင်လာတာလား၊ ဈေးဆိုင်တည်မလို့ လား"

"ဟဲ. . ဟဲ. . ငယ်ငယ်တုန်းက သင်ရတယ်လေ၊ အိမ်နောက် ဖေး ဈေးဆိုင်တည်တဲ့၊ အခု အထင်ကရပြောတော့မှ ကျွန်တော်လည်း idea ရသွားပြီ၊ ရှုတင်မှာ ဈေးဆိုင်တည်ရင် တွက်ချေကိုက်လော တယ်နော်"

ဘယ်လိုလူမှန်းကို မသိတာ။ ရွဲ့လို့လည်း ရွဲ့မှန်းမသိ။ စော လို့လည်း စောင်းမှန်းမသိ။ သူ့ကို indirect ပြောရင် သူက အတ ပြန်ပြီး တုံ့ပြန်တတ်တော့ ပြောတဲ့လူပဲ ငပေါမကြီးလုံးလုံးဖြစ်လို့၊





"မင်းသားရေ. . ရိုက်ဖို့ခေါ်နေပြီ"

မင်းသမီးဝတ်ရည်ရွှေမှုန်က ရေကူးဝတ်စုံလှလှလေးဝတ်ပြီး ထွက်လာပါသည်။

လှလိုက်တာ။ အသားရောင်လေးက ဖွေးပြီး အိနေသည်။ မင်းသမီးဆိုတော့ body make-up လိမ်းထားလို့ ဖြူတယ် အောက် မေ့နေတာ။ ဒီမင်းသမီးကျတော့ natural ကိုက လှနေတာ။ ရှုတင် တစ်ဖွဲ့လုံး အလှူကြီးပေးနေသလား အောက်မေ့ရတယ်။ မျက်စိစားပွဲ ဆိုင်နေကြတာပြောပါတယ်။

အင်းပေ့ါလေ. . မိန်းမချင်းတောင် ငေးနေရတဲ့ဥစ္စာ။

အမယ်. . သက္ကရာဇ် ဆိုတဲ့ ကိုယ်တော်လေးက ကြည့်ရမှာ အားနာလို့နဲ့တူပါရဲ့၊ တစ်ဖက်ကိုလှည့်ပြီး မျက်နှာလွှဲနေတာ။ အထင် ကရမေစိတ်ထဲမှာ အဲဒီမင်းသားကို အမှတ်တစ်မှတ်တော့ ပေးမိသွား သည်။

ဒါရိုက်တာရဲ့အသံက တိုးတိုးလေးမို့ ရိုက်ကွင်းမှာ လော်တစ် ခုတော့ ငှားပေးရမည်ထင်သည်။ မင်းသားမင်းသမီးအနားကိုကပ်ပြီး တိုးတိုးလေး သင်ပေးနေတာ။ ဘာတွေပြောနေမှန်းလည်း မသိဘူး။ ကြားမှမကြားရတာ။ မကြားရတဲ့အကြောင်းရင်းကို တကယ်တမ်း သူ ကိုယ်တိုင်ရိုက်တော့မှပဲ သိရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်းသမီးက ဘီကနီပေါ်မှာ ပဝါပိုင်း ပတ်ပြီး အအေးခွက်လေးကိုင်ကာ မင်းသားဆီ လျှောက်လာသည်။ သူမရဲ့ဆွဲဆောင်မှုအ ဆုံး နှုတ်ခမ်းဖူးဖူးလေးနဲ့

"ဒါလင်"

ဟု ခေါ်ပြီး ရွှန်းလဲ့စိုလက်နေတဲ့ မျက်လုံးလှလှလေးနဲ့ မင်းသားကို ကြည့်နေစဉ် မင်းသားက

"Thanks...ဟန်နီ"

လို့ ပြောပြီး မင်းသမီးရဲ့နဖူးလေးကို ငုံ့ပြီး နမ်းလိုက်သည် ထိုမြင်ကွင်းကြောင့်ပဲ ဆရာမကြီးမှာ shock ရသွားသည်။ ကြည့်စမ်း ကြည့်စမ်း။ လူမြင်ကွင်းမှာ နမ်းနေလိုက်တာ။ လူပုံကြည့်တော့ နိုး နိုးလက်နဲ့. ကျုကျုမလုပ်တတ်တဲ့ပုံနဲ့။ (ဆင်ဆာထိပါစေတော်။) စိတ် ကောင်းလေးမွေးပြီး ဆုတောင်းပေးလိုက်သည်။

ဆက်တောင် မကြည့်ချင်တော့ဘူး။ ဂျေဝင်နေတာလား ကိုယ့်ကိုယ်ကို ပြန်ပြီး ဆန်းစစ်မိသည်။ ဒီအလုပ်က သူ့ရဲ့ professional ပဲလေ. . သူ့အလုပ် သူလုပ်နေတာပဲ။ ကိုယ်နဲ့ ဘာဆိုင်တ မှတ်လို့။

Love scene ရိုက်နေတော့ ထိုမြင်ကွင်းကို ဆက်ပြီးကြ ချင်စိတ်မရှိသဖြင့် အထင်ကရမေက တောရဲတို့အနားကို ထွက်လ





လိုက်သည်။ မင်းသားရဲ့နောက်လိုက်နှစ်ယောက်က တော်တော်လည်း အဆင့်မြင့်သား။

တစ်ယောက်က ရှုတင်မှာ မင်းသား၊ မင်းသမီးတွေ ထိုင်လေ့ ရှိတဲ့(ခေါက်ပြီး သွားလေရာယူသွားလို့ရတဲ့)ခုံပေါ်မှာ အခန့်သားထိုင် ပြီး ဖုန်းတစ်လုံးဖြင့် ဂိမ်းဆော့နေသည်။

အဲ. . ကျန်တဲ့နောက်တစ်ယောက်ကတော့ နံဘေးမှာရပ်ပြီး ယပ်တောင်တစ်ချောင်းဖြင့် ယပ်ခတ်ပေးနေလေရဲ့။

အဲဒီအချိန်မှာပဲ ဖုန်းက ဝင်လာပုံရသည်။ ဘသားချောက ဂိမ်းဆော့နေရာမှဖုန်းကို ဖွင့်ပြီး နားထောင်ကာ မှုရသွားတဲ့ မျက်နှာ ပေးဖြင့် -

"ဩော်. . ဟုတ်ပါတယ်၊ ကျွန်တော် သက္ကရာဇ်ပါ. . ပြောပါ ညီမ"

"....."

"ဟာ. . အဝေးကြီးကနေ ဆက်နေတာလား၊ ရှမ်းပြည်ဘက် ဘဆိုတော့ ရှမ်းမလေးဖြစ်မှာပေါ့နော်၊ အစ်ကိုကြားဖူးတာတော့ ရှမ်းမ လေးတွေက အရမ်းလှတာပဲတဲ့. . ပါးအို့လေးတွေက နီရဲလို့ဆို"

အမယ်. . အမယ်. . ဒင်းက သက္ကရာဇ်နေရာဝင်ပြီး မိန်းက လေးပရိသတ်တွေကို ကျုကျုလုပ်နေတယ်ပေါ့လေ။



www.burmeseclassic.com

www.burmeseclassic.com



တောရုံက အရှိန်ကောင်းကောင်းနဲ့ ဆက်ပြီး လိမ့်နေလေသည်။

"ဟာ . . ရတာပေါ့ဗျာ၊ ညီမလေးသာ ဆက်မယ်ဆိုရင် နေ့နေ့ညည အချိန်တိုင်းပါဗျာ။ အစ်ကိုလည်း နှိုးစက်မလိုတော့ဘူးပေါ့၊ ဥပမာ လူခြေတိတ်တဲ့ညဖက်တွေဆို ပိုပြီးအဆင်ပြေတာပေါ့၊ ကိုယ်ကသရဲကြောက်တတ်တယ်လေ"

နှာဘူး။ လူအိပ်ချိန်ဆက်ခိုင်းပြီး သားပြောမယားပြော ပြောမလို့၊ မသိတာလိုက်လို့။

"ဒါနဲ့ ညီမလေးက အပျိုဟုတ်ပါတယ်နော်"

". . . . . . . . ."

"ဟာ . . နေပါစေ၊ ရပါတယ်။ မှတ်ပုံတင်ထုတ်ပြစရာမလိုပါဘူး . . အပျိုစစ်ရင် ပြီးတာပါပဲ"

စကားထဲက ဇာတိပြနေပြီ။ တော်တော် IQ နိမ့်သေးတာပဲ၊ မှတ်ပုံတင်ထဲမှာ အပျိုစစ် မစစ် ပါနေတာကျလို့။

တောရုံဆိုတဲ့ကောင်ကို ကြည့်ပြီး အထင်ကရမေ အသည်းတွေ ယားလာသည်။

"ညီမ ရန်ကုန်လာမယ် . . အစ်ကို့ဆီ လာမလို့ ဟုတ်လား . . ဟာ . . အဲဒါမှဒုက္ခပဲ။ အစ်ကိုက ရွှေလဆို တစ်လလုံးလုံး နယ်တွေ





မှာ သီချင်းဆိုဖို့လက်ခံထားပြီးပြီ၊ ညီမနာမည် အစ်ကိုသိနေပြီပဲ။ ဖုန်းနဲ့ပဲ ပြောကြတာပေါ့"

ဆရာမကြီးဆိုတဲ့အတိုင်း ကိုယ့်ရှေ့မှာ ကိုရိုးကားရားတွေ လုပ်ပြနေတော့ သိပ်ပြီး ကြည့်မရချင်တော့။ တောရုံလက်ထဲက ဖုန်းကို ဆတ်ခနဲကောက်ယူလိုက်ပြီး တစ်ဖက်က ကောင်မလေးကို ပြောပြလိုက်သည်။

"ဒီမှာ ညီမ၊ အခုပြောနေတာ မင်းသားသင်္ကြာစိ မဟုတ်ဘူး၊ မင်းသားတပည့် တောရုံတဲ့ . . ရှင်းတယ်နော်၊ ထပ်ပြီး အညာခံရမှာ စိုးလို့ ပြောပြတာ"

တောရုံမျက်နှာ ဆီးရွက်လောက် ဖြစ်သွားသည်။

အထင်ကရမေက

"ကဲ . . ငါထိုင်မယ်၊ နင် ထပေးတော့"

လို့ လေသံခပ်ပြတ်ပြတ်နဲ့ပြောတော့ တောရုံက မတ်တတ်ဆရပ်ပြီး အူကြောင်ကြောင်ပုံစံနဲ့ ဆရာမကြီးကို ပြန်ကြည့်နေသည်။

"ကိုယ့်ဆီလာတဲ့ ဖုန်းမဟုတ်ဘဲ သူများဖုန်းကို ယူပြောတာ သိပ်ပြီး အောက်တန်းကျတယ် သိလား"

"ဟုတ်ကဲ့ အစ်မ၊ နောက်တစ်ခါ မပြောတော့ပါဘူး . . အစ်ကို သျှောက်တောက်နဲ့ ပြန်မတိုင်ပါနဲ့နော် . . အဲလေ . . ဒီပါးစပ်ကလည်း

www.burmeseclassic.com



ဒီနာမည် ခေါ်မိပြန်ပြီ”

မင်းသားငယ်နာမည်က ဩဘာက်တောက် ဆိုပါလား။

“တိုင်တော့ ဘာဖြစ်လဲ”

“မလုပ်ပါနဲ့ဗျာ. . ကျွန်တော်တို့နှစ်ယောက် ဒီနေ့မှ နယ်က တက်လာတာ၊ ရန်ကုန်မြို့အနံ့ လျှောက်မလည်ရသေးဘူးလေ. . အိမ် မပြန်ချင်သေးဘူး. . နော်. . ဟော့ကောင် ကောက်ရ ပိုင်းပြောဦးလေ”

တောရုံက တေမိလုပ်နေတဲ့ ကောက်ရကို တံတောင်နဲ့တွတ် ပြီး အဖော်ညှိသည်။

“အစ်မရယ်. . ကိုယ်ချင်းစာတရားလေးထားပြီး ပြန်စဉ်းစာ ကြည့်စေချင်ပါတယ်၊နှစ်ဦးနှစ်ဖက်အကျိုးမရှိတဲ့ကိစ္စဆို ဘာလို့ရှေ့ဆက် ဦးမလဲ၊ မတူတာတွေဘေးဖယ်ပြီး တူတာလေးတွေပဲ ညှိယူကြတာပေ့”

ဆရာမကြီးခမျာ ကောက်ရစကားကြောင့် မျက်လုံးကြီး ပြူ သွားသည်။

“ဟဲ့. . နင့်စကားတွေက မြင့်လှချည်လား၊ အမယ်လေး. . တောက တက်လာပေလို့ပဲ”

“ဟဲ. . ဟဲ. . ကျွန်တော် ဂျာနယ်တွေထဲမှာ ဖတ်ဖူးတာ မြန်ပြီး ပြောပြတာပါ”

ဘယ်လိုလူတွေကိုများ ခေါ်ထားပါလိမ့် မင်းသားရယ်။





အဲဒီ အချိန်မှာပဲ -

“ကဒ်. . ကဒ်. . ကဒ်. . မှားနေပြီလေ. . မင်းသားက မင်း သမီးကို ဆယ်ရမှာ. . ဘယ့်နှယ် မင်းသမီးက ဆယ်လာရတာလဲ”

ဒါရိုက်တာကြီးက monitor ထိုင်ကြည့်ပြီး ထအော်တော့ မင်းသမီး ဝတ်ရည်ရွှေမှုန်က ပြန်ပြောတာ ရှင်းရှင်းလေး။

“သူက သမီးကို မဆယ်တော့ သမီးက သူ့ကိုပြန်ဆယ်ခဲ့တာ ပေ့ါ. . သူ ဆယ်နေတာလည်း ကြည့်ဦးလေ”

“မင်းသားက ရေမကူးတတ်ဘူးလား”

မျက်နှာကလေး ငယ်ပြီး အဖြေပြန်မပေးနိုင်တဲ့ သက္ကရာဇ်ကို ကြည့်ပြီး အထင်ကရ အရမ်းသနားသွားမိသည်။ ကိုယ်နဲ့မဆိုင်ပေမယ့် သည်း ပါရဦးမှာပေ့ါလေ။

“မ. . တတ်. . ဘူး”

အထင်ကရမေရဲ့စကားအဆုံးမှာတော့ အားလုံးက သူမဆီ ကို အကြည့်ရောက်လာကြသည်။

“သူ့ခမျာ ဒီကြော်ငြာလေးရိုက်ချင်လို့ မနေ့ကမှ ရေကူးသင် ပြီး ညဉ့်နက်တဲ့အထိ ရေကူးလေ့ကျင့်ထားရတာ၊ မင်းသမီးကလည်း နည်းနည်းပါးပါး စိတ်ရှည်ပေးမှပေ့ါ. . ကိုယ်လည်း ဒီလောကထဲကို အသစ်ဘဝကနေ လာရတာပဲလေ. .မဟုတ်ဘူးလား”



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးရဲ့ထီမထင်တဲ့မျက်နှာပေးနဲ့ ခပ်ထေ့ထေ့စကား ကြောင့် မင်းသမီးမျက်နှာလေးက ချက်ချင်းပင် ရဲတက်လာခဲ့သည်။

"နေစမ်းပါဦး . . သူက ဘယ်သူလဲ၊ ဘာကိစ္စ မဆီမဆိုင်ဝင် ပြောနေရတာလဲ"

ဒါရိုက်တာကြီးက မင်းသမီးကို သူ ဘာမှမသိဘူးဆိုတဲ့ ပုံစံ နဲ့ နိုင်ငံခြားကားတွေထဲကလို ပခုံးတွန့်ပြလေသည်။ အဲဒီမှာ ဆရာမ ကြီးက ပိုပြီးပေါက်ကွဲသွားသည်။

"သဏ္ဍာရာဇ် . . ရှင့်မှာ ပါးစပ်မပါဘူးလား . . ပြောပြလိုက်ပါ လား . . ရေကူးမကျွမ်းရင် မကျွမ်းတဲ့အကြောင်း"

သဏ္ဍာရာဇ် ခေါင်းတွေ နောက်လာသည်။

အထင်ကရမေ လုပ်ပုံနဲ့တော့ ရှုတင်မှာ သူ့အရှက်တွေ ပြန် ပြန်းကွဲကုန်ပြီ။ ရစရာကိုမရှိတော့တာ။ ဒါရိုက်တာကြီးကလည်း ရှင်း ရှင်းပြောမှ ဘွင်းဘွင်းကြီးသဘောပေါက်တော်မူလေသည်။

"ဒါများကွာ . . စောစောက ပြောရောပေါ့ . . လူစားထိုးပြီး ရိုက်လို့ရနေတာပဲ"

မင်းသမီးကတော့ ဆရာမကြီးကို သိပ်ပြီးကြည့်ပုံမရချေ။ နှာ ကြောင်နိုးဝှက်နဲ့ မျက်စောင်းထိုးနေတာ။ သူတစ်ချက်ထိုးရင် ဆရာမ ကြီးတို့က နှစ်ချက် ပေါ်တင်ထိုးပစ်လိုက်သည်။





ဒီရှုတင်မှာ ကြာကြာထိုင်ကြည့်တော့မှ ဒီလောကရဲ့အထာ တွေကို သဘောပေါက်လာရသည်။ monitor ရှေ့မှာ ခုံတစ်လုံးချပြီး ထိုင်နေသောသူကို ဒါရိုက်တာဟုခေါ်သည်။

ကင်မရာမှာ အပေါက်ချောင်းနေတဲ့သူကို ကင်မရာမင်းဟု ခေါ်သည်။ ရှုတင်မှာ ဟိုလူ့မြှောက်လိုက်၊ ဒီလူ့ငေါက်လိုက် လုပ်နေ တာက ရှုတင်မန်နေဂျာဆိုပဲ။

နေပူကြီးထဲမှာ အလှတွေပြင်၊ မိတ်ကပ်တွေလိမ်းပြီး မီးထိုး မှန်ထိုးခံနေရတဲ့သူတွေက မင်းသားနဲ့မင်းသမီးတဲ့။

ရေကူးကန်ထဲမှာ လူစားထိုးရိုက်ပြီး မင်းသားက မင်းသမီး ကို ရေထဲမှပွေ့ချီလာကာ ထုံးစံအတိုင်း(ဗီဒီယိုကားတွေထဲမှာ ကြည့်ဖူး နေကျမို့ ပြောပြတာပါ) ကန်ပေါင်ပေါ်မှာချပြီး ဟိုဒင်းဟိုဟာပြုဖို့ ပြင် နေသည်။ (ရေတွေအန်အောင်လုပ်ပေးတာကို ပြောတာ)

ရပ်ကြည့်နေတဲ့ ဆရာမကြီးအနားကို တောရုံနဲ့ ကောက်ရက မုန့်ထုပ်တွေနဲ့ ရောက်လာကြသည်။

"အစ်မ စားဖို့"

"ဒီမှာ အအေး . . သောက်လိုက်ပါဦး"

"အမယ်လေး . . ခုမှလာပြီး အသည်းအသန်ဖားမနေကြနဲ့ ဟေ့"



www.burmeseclassic.com

www.burmeseclassic.com



"ကတိနော် ကတိ. . အစ်မ ကတိတည်ရမယ်နော်"

"လာ. . လာ၊ အစ်မ အိုက်နေပြီ၊ ခုံမှာ လာထိုင်၊ ကျွန်တော် ယပ်ခတ်ပေးမယ်"

အထင်ကရမေ ဒီရိုက်ကွင်းမှာ ဆက်ပြီးလည်း မနေချင်တော့။ ဆက်ပြီးလည်း ကြည့်နိုင်တဲ့အစွမ်းမရှိတော့သလို ခံစားရသည်။ သူတို့ ထပ်ရိုက်တဲ့အခန်းတွေက သာမန်ထက်ပိုပြီး over တွေ ဖြစ်နေသလား လို့။ ဒီလိုနဲ့ပဲ မွန်းတည့်လာတော့ ထမင်းစားဖို့ နားကြသည်။

သက္ကရာဇ်က ဆရာမကြီးဆီ ရောက်လာပြီး

"sorry ပဲ အထင်ကရရယ်. . ခေါ်ပြီး ဒုက္ခပေးမိပြီထင်တယ် ခုနကကိစ္စ မင်းသမီး တင်းသွားရင် သွားပြီနော်. . တော်သေးတယ် ဘာမှမဖြစ်လို့"

"ဘာလဲ. . ကျွန်မ ပြောလို့လား. . အမြင်မတော်ရင်တော့ ပြောရမှာပဲ. . သူ့ဟာသူ ဘာပဲဖြစ်ဖြစ်"

အထင်ကရမေက ဂျေဝင်ပြီး ဘုတောတော့ သက္ကရာဇ်မှာ မျက်လုံးမျက်ဆံတွေ အကုန်ပြူးကာ

"မလုပ်ပါနဲ့ အထင်ကရရယ်. . ကျွန်တော့်မှာ သူနဲ့တွဲရိုး က မလွယ်ဘူးလေ. . ဒီကြော်ငြာလေးတောင် ကံကောင်းလို့ ရိုက်ခွင့် ရတာ"





အထင်ကရမေရဲ့မျက်စောင်းက သက္ကရာဇ်ဆီ ဒိုင်းခနဲရောက် လာခဲ့သည်။

"အထင်ကရ ဗိုက်ဆာပြီလား. . ရှုတင်ထမင်း စားဖူးတယ်ရှိ အောင် စားသွားဦးလေ"

သူ့ကြည့်ရတာ ချမ်းနေပုံပဲ။ ပြောသာပြောနေတာ သွားချင်း ခိုက်တော့မလား မသိဘူး။ လက်နှစ်ဖက်ကိုလည်း ခပ်တင်းတင်းပိုက် ထားသေးသည်။

သူ့တပည့်တွေ အလိုက်သိပုံများပြောပါတယ်။ ဒီအတိုင်းကို ရပ်ကြည့်နေကြတာ။

အမြင်မတော်တော့ သူမပဲ ဝင်ပြောရပြန်ပြီပေါ့။

"ဟဲ့. , ဟိုမှာ နင်တို့ဆရာ ချမ်းနေပြီလေ၊ မျက်နှာသုတ်ပဝါ ယူပြီး သုတ်ပေးကြပါလား. . ဆံပင်တွေ သေချာသုတ်ပေး၊ အေးလိုက် ပူလိုက်နဲ့ နှာတွေစေးကုန်တော့မှာပဲ"

ဒီကောင်မလေး ဘုယ်ဆိုးလို့လဲ။ အသက်သာ ငယ်တာ. . အကုန်လုံး ထောင့်စေ့နေအောင်တော့ ခိုင်းတတ်သား။

တောရဲ့ သုတ်ပေးနေတာကို ကြည့်ပြီး စိတ်တိုင်းမကျတော့ အထင်ကရမေက တောရဲ့လက်ထဲမှမျက်နှာသုတ်ပဝါကို ဆိုးဆိုးဆတ် ဆတ် ဆွဲယူလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"နင်သုတ်နေတာကလဲဟယ် . . ဒီမှာ ကြည့် . . ဟောဒီလို သုတ်ရတယ်"

သူမ အရုပ်မမှိတမီလေးနဲ့ ခြေဖျားထောက်ပြီး သုတ်ပေးရှာသည်။ ဘာ perfume လဲတော့ မသိဘူး . . သင်းသင်းလေးနဲ့ ရင်ထဲ တန်းရောက်သွားတာ။

အပြုအစုတော်တဲ့ ကောင်မလေး ရထားတယ်ဆိုပြီး ရှုတင်က လူတွေတော့ သူ့ကို ဝိုင်းပြီးအထင်ကြီးကြတော့မှာပဲ။

ဟိုနှစ်ကောင်က စပ်ဖြဲဖြဲရုပ်တွေနဲ့ အနားမှာ ရပ်ပြီး ကြည့်နေကြလို့ သူက ပ,ထုတ်ပစ်လိုက်သည်။

"ထမင်းသွားယူတော့လေကွာ . . မင်းသား စားမလို့ လေး ယောက်စာလို့ပြော . . ကြားလား"

တောရုံတို့ထွက်သွားတော့ အထင်ကရမေက

"သက္ကရာဇ်ရယ် . . ရှင့်လူတွေက ပုံမကျပါဘူး . . သူတို့ကို ကောင်းကောင်း training ပေးရဦးမယ်"

"မင်းသားရေ . . မင်းသမီးက ခေါ်ခိုင်းလိုက်တယ် . . သူနဲ့ အတူတူ ထမင်းလာစားပါတဲ့"

မင်းသမီးရဲ့အလှဖန်တီးရှင် မာမီက သက္ကရာဇ်ကို သူတို့နဲ့ အတူ ထမင်းလာစားဖို့ ခေါ်သည်။

ဆောင်းညပြာသိစာပေ



ဒါကို ဘသားချောကလည်း မငြင်းရှာ။

"ဪ . . လာခဲ့မယ်နော် မာမီ"

"ဟယ် . . မာမီတဲ့လား သားရယ်၊ သူစိမ်းတွေလိုပါပဲလား . . တို့နာမည်ကလေ မကြီးနန်းတဲ့ . . ခေါ်ကြည့်ပါလားဟင်"

အရေးထဲ မာမီကြီးက သူငယ်လာဖမ်းနေသေးတယ်။ သက္ကရာဇ်ဆိုတဲ့ ကျွန်မရဲ့မင်းသားကလည်း ချက်ချင်းပဲ မကြီးနန်းဖြစ်သွားပါရော။

"ဟုတ်ကဲ့ခင်ဗျ . . နောက်ဆို ကျွန်တော် မကြီးနန်းလို့ပဲ ခေါ်မယ်နော်"

မာမီကြီးက သဘောတော်ကျပြီး သက္ကရာဇ်ရဲ့မေးဖျားလေးကို ဆတ်ခနဲကိုင်ကာ ဘယ်လိုအသံကြီးနဲ့ပြောလိုက်မှန်း မသိပါဘူး။

"ချစ်စရာလေးတော့"

အဲဒီအသံကြီးကို အထင်ကရမေ အသည်းတွေ ယားလိုက်တာ . .

"သွားပြီ . . လာခဲ့နော်"

လမ်းလျှောက်တာ တစ်ကိုယ်လုံးကို ခါနေတာပဲ။ တောရုံနဲ့ ကောက်ရ ထမင်းပန်းကန်၊ ဟင်းပန်းကန်တွေကိုင်ပြီး ပြန်ရောက်လာသည်။

ဆောင်းညပြာသိစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဆရာနဲ့ အစ်မ စားလို့ရပါပြီ"

"အထင်ကရ စားနှင့်နော် . . ကျွန်တော် ခဏသွားပြီး ပြန်လာခဲ့မယ် သိလား"

ခွင့်တောင်းသံလား၊ အသိပေးသံလားတော့ မသိပါဘူး။

အထင်ကရမေက -

"ရှင်ကလေ . . အခြောက်မကြီး လာခေါ် လည်း လိုက်တာပဲနော် . . မိန်းကလေးတွေဆို မပြောတော့ပါဘူး"

"ဩော် . . ဒါကတော့ ကိုယ်က မင်းသားအသစ်ဆိုတော့ တွေ့တဲ့နေရာမှာ promotion ဆင်းရတာပေါ့ . . ခဏပဲနော် . . ဒီမျက်နှာလေး ခဏသွားပြပြီး ကျွန်တော် ပြန်လာခဲ့မယ်"

ပြောပြောပြေးပြေးနဲ့ သူကတော့ သွားပြီ။ ကျန်ခဲ့တဲ့သူ့မှာတော့ ဘယ်သူ့ကိုပေါက်ကွဲလို့ကွဲရမှန်း မသိ။ ဒါနဲ့ နီးရာလူကို ကောက်မဲပစ်လိုက်တာပေါ့။

"သွား . . ပြန်ယူသွား၊ ဒီထမင်းတွေ ငါမစားဘူး"

"ဒါဆို ဘာစားမှာလဲဟင် . . ကျွန်တော်တို့မှာ ငှက်ပျောသီးပါတယ် . . စားပါလား"

"အယုတ်တမာကောင်၊ နင်တို့ငှက်ပျောသီး ငါက ဘာလုပ်ရမှာလဲ . . နင်တို့ဆရာလာမှ အဝကျွေးလိုက်သိလား"





ဒေါသထွက်ထွက်နဲ့ တောရှုံနဲ့ကောက်ရကို အော်ငေါက်ပစ်ပြီး ဆရာမကြီး အိမ်ပြန်လာခဲ့သည်။ တစ်လမ်းလုံးလည်း သက္ကရာဇ်ဆိုတဲ့ မင်းသားကို ပါးစပ်သေနတ်ပစ်ကာ ပြောက်အိုးတွေ ဖောက်လာခဲ့သည်။

"နှာဘူး . . မျက်နှာရှူး . . ဟွန်း . . ကောင်မလေးတွေ မြင်ရင်တော်သလင်းလရောက်တဲ့ ဟိုဒင်းလိုပဲ . . အမြီးလေးကို နှန့်လို့"

ကားကို စိတ်ရှိတိုင်း အရှိန်မြှင့်ကာ မောင်းနေမိသည်။ နံဘေးမှာ ကားတစ်စီး ကပ်ပါလာပြီး ကားထဲက ကောင်လေးနှစ်ယောက်က အထင်ကရမေကို ဖွန်လိုက်ကြောင်ခြင်းဖြစ်သည်။

ကောင်လေးတစ်ယောက်က

"ကောင်မလေးက မဆိုးဘူးဟ . . ကားကို ဖော်မြူလာဝမ်းပြိုင်ပွဲတွေထဲကလို မောင်းပေမယ့် ပါးစပ်ကတော့ ဘုရားစာတွေဘာတွေရွတ်လို့"

ဖွန်ကြောင်တဲ့သူက ကြောင်မြဲ။ သက္ကရာဇ်က အထင်ကရမေဆီ ဖုန်းခေါ်နေသည်။ ကောက်တေးမလေးကို ပြန်ချော့ချင်ပေမယ့် မကောက်တေးက ငါးကြိမ်လုံးလုံး ဖုန်းမကိုင်ပေ။

နောက်ဆုံး ဖုန်းပါ ပိတ်ချသွားသေးသည်။

သက္ကရာဇ်က တောရှုံနဲ့ကောက်ရကို ဆူသည်။



www.burmeseclassic.com

www.burmeseclassic.com



"သူပြန်သွားတော့ မင်းတို့က မတားဘူးလား"

"မသိပါဘူး ဆရာရယ်၊ ပထမတော့ သူက အကောင်းကြီးပါ. . ထမင်းစားမလားဆိုတော့ မစားဘူးတဲ့၊ ဒါနဲ့ ဟိုကောင်က သူ့ ငှက်ပျောသီးကိုသွားကျွေးတာ. . အဲဒီမှာ စိတ်ကောက်ပြီးပြန်သွားတော့တာပဲ. . ပြီးတော့ ပြောသွားသေးတယ်. . နင်တို့ငှက်ပျောသီး နင်တို့ ဆရာလာမှကျွေးတဲ့. . ဆရာ စားမလားဟင်"

သက္ကရာဇ်က တောရှုံခေါင်းကို ဒေါက်ခနဲခေါက်ထည့်လိုက်ပြီး -

"ငတုံးတွေ. . ငအတွေ. . ဟင်. . အရိုပ်သုံးပါးလည်း မသိ၊ အလိုက်ကန်းဆိုးလည်း မသိ၊ ဘာမှသုံးစားလို့မရဘူး။ သွား. . နောက် တစ်ဆင်းနံအတွက် လဲမယ့်အကျီတွေ သွားယူ"

အဲဒီနေ့က အထင်ကရမေပြန်သွားပြီးတဲ့နောက်မှာ သူ့အာရုံတွေက စုစည်းလို့မရတော့ဘဲ ရှတင်မှာ ဖရိုဖရဲဖြစ်နေလေသည်။

◆



(၉)

အိပ်မပျော်လို့ ညက အိပ်ဆေးသောက်ပြီး အိပ်လိုက်ရသည်။ အိပ်ဆေးအရှိန်နဲ့ လူက ထချင်ပေမယ့် မျက်လုံးက မဖွင့်နိုင်ဘဲဖြစ်နေလို့ ဆက်ပြီး မှိန်းနေတုန်း လေးလေးသက်ရဲ့ငှက်ဆိုးထိုးသံကြီးက အိပ်မက်တွေကို လာဖျက်ဆီးနေသည်။

"ဆရာမကြီးရေ. . ထတော့ဟေ့၊ အောက်မှာ နင့်ရဲ့mother နဲ့ grandmother စောင့်နေတော်မူတယ်၊ မြန်မြန်ကြွခဲ့ပါတဲ့"

ဒီအိမ်မှာ အာဏာအရှိဆုံးနှစ်ယောက် ဆိုတော့ မထချင်လည်း အတင်းပြုံးပြပြီး ထလာခဲ့ရသည်။ သွားမတိုက် မျက်နှာမသစ်နဲ့ ဆင်းလာပြီး မျက်လုံးတွေ မှေးစင်းကာ ဘွားရွှေဉရှေ့က ဆိုဖာပေါ်မှာ မှီပြီးထိုင်ချလိုက်သည်။

ဒေါ်ရွှေငုဝါက သမီးရဲ့ပုံစံကို အကဲဖမ်းကာ



www.burmeseclassic.com

www.burmeseclassic.com



“မနေ့ညက game ဆော့ပြန်ပြီ မဟုတ်လား၊ အိပ်ချိန်မမှန် စားချိန်မမှန်နဲ့ နင် ကလေးမဟုတ်တော့ဘူးနော် အထင်ကရမေ”

“သိပါတယ် အမေရဲ့ . . ကလေးမဟုတ်လို့ အပျိုဖြစ်နေတာ ပေါ့”

ဘွားရွှေဥက ဝင်ပြီး

“အေး ညည်းကိုယ်ညည်း အပျိုမှန်းသိတော့ ကောင်းတာပေါ့ အေ၊ အဘွားနဲ့နင့်အမေ တိုင်ပင်နေတာ ငါ့မြေးလေးကို အိမ်ထောင် ဖက်တွေ့ပေးမလို့”

“ဟမ်”

ဆရာမကြီးရဲ့အသံက အံ့သြပြီး အကျယ်ကြီးထွက်လာလေ သည်။

“ဟဲ့ ဘာဖြစ်တာတုန်း အလန့်တကြားနဲ့”

“ဟင့်အင်း မတွေ့ဘူး လုံးဝမတွေ့ဘူး သမီးမှ ယောကျ်ား မလိုချင်သေးတာ”

ဒေါ်ရွှေငုဝါက သမီးကို ရွှေပြည်အေးတရားဟောလေသည်

“သမီးရယ် ခုတွေ့ ခုယူခိုင်းတာမှမဟုတ်တာ အဲဒီလူနဲ့ တွေ့ ကြည့်ပြီး ကိုယ့်အကြိုက်နဲ့ကိုက်ညီတယ်ဆိုမှ အမေတို့က စီစဉ်ပေးမှာ လေ ခုတော့ တွေ့ရုံပဲတွေ့ကြည့် ဟုတ်ပြီလား”





ဘွားရွှေဥက တစ်မျိုး။

“မိန်းကလေး ဆိုတာမျိုးက သီးချိန်တန်သီး ပွင့်ချိန်တန်ပွင့်ရ တယ် သမီးရဲ့ . . နော် အရွယ်လွန်သွားရင် ရွေးစရာက ရှားသွားရော”

“ဒါဆို သမီးက ငယ်နေသေးတယ်လေ အဘွားရဲ့သား လေး လေးသက်ကို အရင်အိမ်ထောင်ဖက်ပေးတွေ့လိုက်ပါလားဟင်”

“ပြောလိုက်ရင် အတွန့်တွေ အတက်တွေနဲ့ ဖိုးက ယောကျ်ား လေး မိန်းမမရလည်း အချိန်တန် ရှာစားလို့ရတယ်”

ဘွားရွှေဥရဲ့ ဟိုမရောက်ဒီမရောက် စကားကြောင့် ဆရာမ ကြီးရဲ့အမေက

“အမေ့စကားက ဘာကြီးလဲ ကလေးရှေ့မှာ”ဟု နားရှက်ဟန် နဲ့ ဝင်ပြောသည်။

“သြော် ယောကျ်ားလေးတွေက အချိန်တန်ရင် သူတို့ထမင်း သူတို့ရှာစားလို့ရတယ်လေ ငါပြောတာမဟုတ်လို့လား အဲဒါကြောင့် ကောင်ရွှေသွေးနဲ့ ဒီနေ့ပဲတွေ့လိုက်တော့ သမီးရေ”

“ရတယ်လေ အခု ဒီပုံအတိုင်းသွားတွေ့လို့ဖြစ်တယ်မို့လား”

မိုက်ကယ်သက်က ဘေးကနေပြီးထအော်သည်။

“ဒီကောင်မလေး သွားမတိုက် မျက်နှာမသစ်ဘဲ သွားတွေ့ ရမယ်။ ဟိုကောင်ကတော့ လန့်ဖျပ်ပြီး ထွက်ပြေးသွားပါဦးမယ်”



www.burmeseclassic.com

www.burmeseclassic.com



ဆရာမကြီးက ဦးလေးဖြစ်သူကို စွာသည်။

"လေးလေးသက်က ဟိုင်းကြီးကျွန်းက မျိုးစေ့ မီးတို့က ရမ်ဖြကျွန်းက မျိုးစေ့ အပင်သန်ပြီးသား ဟင်း ဟင်း"

"ပေါက်ကရလေးဆယ်တွေ လျှောက်ပြောမနေနဲ့ သမီးမေ မောင်ရွှေသွေးနဲ့တွေ့ရင်သာ လူကြီးတွေ မျက်နှာပျက်စရာဖြစ်အောင် မလုပ်လာနဲ့ ကြားလား"

ဒေါ်ရွှေငုဝါရဲ့စကားကို ဆရာမကြီးက စာဒကတက်ပေ သည်။

"သူ့သဘောနဲ့သူ နောက်ဆုတ်သွားရင်ကော"

"အမယ်လေး ငါ့သမီးလို ရုပ်ရည် ငါ့သမီးလို အဆင့်အတန် မျိုးကိုမှ နောက်ဆုတ်မယ်ဆိုရင် ဒီကောင်က ထမင်းစားတဲ့သူမဟုတ် တော့ဘူး"

"သူ့ဘက်က ဖောင်းဘောကန်ရင် သမီးဘက်က ပွဲသိမ်းခေ မှတ်ပြီးသားနော်အမေ နောက်မှ သမီးကို အပြစ်လာမပြောနဲ့"

လေးလေးသက်က သူ့တူမကို အမြင်ကတ်ကတ်ဖြင့်

"ပင်နယ်တီလေးတော့ ပေးကန်လိုက်ပါလားဟယ် ဒါမှ က ကြည့်လို့ကောင်းတာ"

"အရေးထဲ ဒီဘောရူးကတစ်မျိုး"

ဆောင်းညပြာ သိုစာပေ



ဒေါ်ရွှေငုဝါက မိုက်ကယ်သက်ကို ပွစိ ပွစိပြောပြီး သမီးဖြစ်သူကို မျက်နှာချိုလေးသွေးကာ

"ဒီည မေမေ စီစဉ်လိုက်တော့မယ်နော် သမီးသာ လှလှလေး ပြင်ဆင်ပြီး သွားတွေ့ပေတော့"

"ဟုတ်ကဲ့ပါမေမေ"

လေသံလေးက ချိုပြီးနွဲ့နေသည်။ အဲဒါဆို သတိအကြီးကြီး ထားပေတော့။

ဆရာမကြီးရဲ့ စိတ်ထဲမှာ ဉာဏ်နီ၊ ဉာဏ်နက်၊ ဉာဏ်ဝါ၊ ဉာဏ်ခရမ်းရောင် အရောင်စုံသုံးကာ ဉာဏ်ထုတ်နေတော့သည်။

◆

ဆောင်းညပြာ သိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁၀)

ဆရာမကြီးသည် သူ့အမေ ကျေနပ်စေရန်၊ ဖြည့်ပြလှစေရေ
ရောင်းပန်းပွင့်စေရန် မှန်တင်ခုံရှေ့မှာ တစ်နာရီကြီးများတောင် အန
ယူကာ ကိုနီးယားမလေးတွေရှုံးလောက်အောင် စိတ်တိုင်းကျ ပြင်ဆ
နေမိသည်။ အလှပြင်ရင်းကပဲ သက္ကရာဇ်ဆီကဖုန်း ဘယ်အချိန် လာ
လဲလို့ နားက စွင့်တော်မူရသေးသည်။

"သမီးရေ ပြီးပြီလားဟေ့ ခြောက်နာရီထိုးတော့မယ်နော်"

ဒေါ်ရွှေငုဝါက သမီး ဖြစ်သူကို တပ်လှန့်ပြီး ဝင်လာသည
အလှဆုံးပြင်ထားတဲ့ အထင်ကရက dinner သွားမည့် ဝတ်စုံလှ
လေးဖြင့် ပြုံးပျော်ရွှင်မြူးစွာ ကိုယ်ကို တစ်ပတ်လှည့်ပြပြီး

"I'm ready မာမီ ဒီမှာကြည့် သမီး လှရဲ့လားဟင်"

" Oh! my God လှလိုက်တာ သမီးရယ်၊ ဒီပုံအတိုင်း
မောင်ရွှေသွေးတို့ ငါ့သမီးကို အိမ်မှ ပြန်လွှတ်ပါ့မလားမသိဘူးကွ

*ဆောင်းညပြာသို စာပေ*



ဟင်း. . ဟင်း"

"မေမေ သမီးတို့က နှစ်ယောက်တည်းတွေ့ရမှာလားဟင်"

"ဒါပေါ့ သမီးရဲ့၊ သမီးတို့ချင်း လွတ်လွတ်လပ်လပ် အဲလေ
တစ်ယောက်အကြောင်းတစ်ယောက် ခရေစေ့တွင်းကျလေ့လာကြပေါ့"

"သမီးလည်း ဒါပဲပြောမလို့ မေမေရဲ့ သမီးက သူနဲ့တွေ့ကြည့်
ပြီး သမီးလက်ခံနိုင်တဲ့ယောကျ်ားမျိုးဆို လုံးဝအချိန်မဆွဲတော့ဘူး ချက်
ချင်းအဖြေပြန်ပေးမလို့ စဉ်းစားထားတာ မေမေပါနေလို့ရှိရင် မလွတ်
လပ်ဘူးလေ အဟင်း"

ဒေါ်ရွှေငုဝါက သူမရင်ဘတ်ကိုလက်ဖြင့်အသာဖိကာ

"အမယ်လေး ပြောတော့ဖြင့် မတွေ့ချင်ဘူးဆို၊ ခုတော့. .
ညည်းပဲ ကဲနေတာ တွေ့တောင်မတွေ့ရသေးဘူး နေဦး နင့်အဖေဆီ
သူ့သမီးကဲနေတဲ့ပုံ ဓာတ်ပုံရိုက်ပြီး viberနဲ့ ပို့ပေးလိုက်ဦးမယ်"

"သွားမယ် သွားမယ် သမီးနောက်ကျနေရင် ရွှေသွေးလေး
တစ်ယောက်တည်းစောင့်နေရဦးမယ်"

ဆတ်ကော့ လတ်ကော့ဖြင့် တက်ကြွနေတဲ့ သမီးဖြစ်သူကို
ဆေးများ မှားစားမိသလား ဟု နည်းနည်းတော့ သံသယဝင်ချင်လာ
သည်။ ဒေါ်ရွှေငုဝါက ကားကို သတိထားမောင်းနေရင်းမှ သမီးဖြစ်
သူကို မိန့်ခွန်းတွေ ချွေရသေးသည်။

*ဆောင်းညပြာသို စာပေ*

www.burmeseclassic.com

www.burmeseclassic.com



"သမီး ထမင်းစားရင် သူ့ကိုအရင်ဦးချပြီးမှ စားနော်"

"ဟုတ်"

"မိန်းကလေးပီပီသသ စားနော် သမီး. . . ပါးစပ်က ပလပ်ပလပ်နဲ့ အသံမထွက်စေနဲ့ ကြားလား"

"ဟုတ်"

"အရေးကြီးဆုံးဟာ ပြောရဦးမယ် ခုမှအိမ်ထောင်ဘက်တွေ့တာ ဆိုပေမယ့် ပထမအကြိမ်မှာပဲ သူက ကိုယ့်ကို အပြတ်ငြိသွားစေဖို့က သမီးရဲ့အစွမ်းအစပဲ. . ချေးဦးပေါက်မှာ ချေးဦးမလန်စေနဲ့ ကြားတယ်နော်"

"ဟမ်. . အမေ့စကားက ဘာကြီးလဲ ချေးဦးပေါက်တွေရော ချေးဦးလန်တာရော ရှုပ်ယှက်ခတ်နေတာပဲ"

"စကားကောင်းနေတာနဲ့ ဆိုင်ရှေ့တောင် ရောက်လာပြီ"

'Western Park ဆိုင်ရှေ့မှာ ကားရပ်ပြီး ဒေါ်ရွှေငုဝါက သမီးကို နှုတ်ဆက်စကားပြောသည်။

"ကဲ. . သမီး. . သတင်းကောင်း ကြားချင်တယ်နော် မေမေ သွားပြီ ရှစ်နာရီခွဲမှ ပြန်လာခေါ်မယ်"

"နေဦး မေမေ ကားပေါ်က ဗိုးချဲလေး ချရဦးမယ်"

အထင်ကရမေက ကားနောက်ခန်းထဲမှာ ဘယ်အချိန်က





တည်းက လာထည့်ထားမှန်းမသိတဲ့ ဗိုးချဲကြီးကို တံခါးဖွင့်ပြီး ချနေပြီ။

"ဟဲ့ အဲဒါကြီးက ဘာလုပ်ဖို့လဲ"

"ဩော် သမီးသူငယ်ချင်းရဲ့ အဘွားလေး ရေချိုးခန်းမှာချော်လဲပြီး လမ်းမလျှောက်နိုင်လို့ သမီးက ဒါနပြုမလို့ပါ။ ဒီမှာပဲ လာယူမယ်ဆိုလို့"

ဒေါ်ရွှေငုဝါက စိတ်မသက်မသာပုံစံဖြင့် သမီးကိုကြည့်ကာ

"ရှုပ်ရှုပ်ယှက်ယှက် သမီးရယ်. . . အိမ်မှာ လာယူခိုင်းလိုက်ရင် ပြီးရော"

"သူတို့က ဒီနားလေးတင်နေတာ မေမေ. . . အပန်းမကြီးပါဘူး။ မေမေ သွားတော့လေ"

"အေး အေး သွားပြီနော် သမီး"

အမေ ထွက်သွားတာနဲ့ အထင်ကရတို့ စိတ်ရှိတိုင်း လုပ်ပါတော့သည်။ စိတ်တာကောင်လေးတွေက အထင်ကရမေ့ကို ပြူးပြီးကြည့်ကြသည်။ မကြည့်ဘဲ နေနိုင်ပါ့မလားလေ။ လမ်းလည်း လျှောက်နိုင် အကောင်းတိုင်းရှိနေတဲ့ ခြေထောက်တွေနဲ့ကောင်မလေးက ခေါက်ထားတဲ့ ဗိုးချဲကိုချကာ ဗိုးချဲပေါ်မှာ ခပ်တည်တည်ဝင်ထိုင်ပြီး စိတ်တာကောင်လေးကို လှမ်းခေါ်သည်။

"အစ်မ ကျွန်တော် ဘာလုပ်ပေးရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကောင်လေးက ယဉ်ယဉ်ကျေးကျေးလေး ပြောလာသည်။

"ကိုရွှေသွေးရှိတဲ့အခန်းကို လိုက်ပို့ပေးပါ မောင်လေး"

နားမလည်အံ့ဩတဲ့မျက်လုံးတွေနဲ့ ကောင်လေးက အထင် ကရကိုကြည့်ပြီး

"ဟုတ်ကဲ့ . . ဟုတ်ကဲ့"

ဟုဆိုကာ ပိုးချဲကို စပြီး တွန်းပါတော့သည်။ ရွှေသွေးရှိတဲ့ အခန်းရှေ့ရောက်တော့ တံခါးကို အသာလေးဖွင့်လိုက်စဉ် မျှော်လင့် ခြင်းများစွာနဲ့မျက်လုံးတစ်စုံဟာ တံခါးဝဆီမှာ တဝဲလည်လည်ဖြစ်နေ သည်။ ရွှေသွေးဟာ သူနဲ့လာတွေ့မည့် အိမ်ထောင်ဖက်ကောင်မလေး ကို အိပ်မက်ထဲက နတ်သမီးကလေးလို အစွမ်းကုန် မျှော်လင့်ထားပုံ သည်။ ထိုင်ရာမှမတ်တတ်ထရပ်ပြီး ကြိုနေသည်။ လက်ထဲမှာလည်း ပန်းစည်းလေးနှင့်။

ကြိုတင်ကြံစည်ထားတာကတော့ သူ့ရင်ထဲ တန်းပြီးရောက် လာတဲ့ကောင်မလေးဆို အူးထောက်ပြီးတော့ ပန်းစည်းကိုပေးမည်ပေါ့

ဝင်လာတဲ့ကောင်မလေးက ပိုးချဲနဲ့မို့ ရှေ့မှာကိုင်ထားတဲ့ ပန်း စည်းလေးက မသိမသာနဲ့ နောက်ကိုရောက်သွားသည်။ ရွှေသွေးက

"ညီမ အခန်းမှားနေပြီထင်တယ်"

ဟု လှမ်းပြောတော့ ဆရာမကြီးက





"မမှားပါဘူး။ ကျွန်မက ဒေါ်ရွှေငုဝါရဲ့သမီး အထင်ကရမေ ပါရှင်"

"ခင်ဗျာ"

ရွှေသွေး ဆိုတဲ့ သကောင့်သားက အထင်ကရမေကို တစ် လှည့်၊ ပိုးချဲကိုတစ်လှည့် ကြည့်နေသည်။ မျက်လုံးတွေက ဇီးကွက်လို ပြူးလို့။ ရုပ်ကလည်း ပုံမလာ ပန်းမလာ။

"ဟိုလေ ကျွန်မက ဒုက္ခိတမို့လို့ မတွေ့တော့ဘူးဆိုလည်း ရ တယ်နော် ကျွန်မကို အားမနာပါနဲ့"

"ဟာ မဟုတ်ပါဘူး။ ရုတ်တရက်ဆိုတော့ ကျွန်တော် နည်း နည်းအံ့ဩသွားလို့ပါ"

ရွှေသွေးက ဝိတ်တာလက်ထဲမှ ပိုးချဲကိုပြောင်းယူကာ စားပွဲ ရှေ့မှာ နေရာချပေးလိုက်သည်။ သူကတော့ အထင်ကရမေရဲ့ မျက်နှာ ချင်းဆိုင်မှာ ဝင်ထိုင်လိုက်သည်။ စားပွဲပေါ်မှာတော့ ရေသန့်ဘူးတစ်ဘူး ကလွဲလို့ ဘာဆိုဘာမှ မတွေ့ရ။ ကြည့်ရတာ ဒုက္ခိတမို့ ကျွေးချင် မွေး ချင်စိတ်ကုန်သွားတာလား မသိပါဘူး။

"ကိုရွှေသွေး . . ကျွန်မ ဗိုက်ဆာပြီ . . menuလေး တစ်ချက် လောက် ပေးပါဦး . . အမှန်ဆို ရှင်က ကြိုပြီး မှာပေးထားရမှာ"

လက်က menu ကို လှမ်းယူပြီး ပါးစပ်က သေနတ်ပစ်နေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရွှေသွေးဆိုတဲ့ မှန်ကြောင်ကြီးက အူတူတူအတတနဲ့ သူ့ကိုပြန်ကြည့်နေသည်။ အထင်ကရမေက သူမ စားချင်သော ဈေးကြီးမှဲ့ဆိုသည့် ဟင်းလျာများကို တစ်ပွဲပြီးတစ်ပွဲ မှာချနေသည်။

"ဘဲကင်"

ရွှေသွေး မျက်နှာညိုသွားသည်။

"ပုစွန်တန်ပူရာ"

ပိုပြီး ညိုသွားသည်။

"ဝက်စတူးပေါက်စီ"

ညိုရာမှ မည်းလာသည်။

"ဂဏန်းပျော့ချဉ်ငံစပ်"

မည်းရာမှ နီလာသည်။ ပြီးတော့ သူ့ပိုက်ဆံအိတ်ထဲကို မသိမသာလေး ဟပြီး ကြည့်သည်။ ကောင်မလေးနဲ့ လာတွေ့ပါတယ်ဆိုမှ အိတ်ထဲမှာ ဖောင်းနေအောင် ပါရမှာပေါ့။ အိတ်ဖောင်းမှ ကောင်မလေးက စိတ်ပြောင်းမှာလေ။ ခုတော့ သူ့အိတ်ကပ်က ပြားပြားလေးရယ်။ အထင်ကရမေက အမြင်ကတ်ပြီး ဆက်မှာနေသည်။

"ဒီ • • ဒီမှာ"

ရွှေသွေးအသံက တုံးပိနေတဲ့ ဟားအော်သံလိုဖြစ်နေသည်။

"ကျွန်မကိုခေါ်တာလား၊ ကျွန်မနာမည် အထင်ကရမေလေ"





"ခင်ဗျား မှာတာတွေ အရမ်းများနေပြီ • • ကျွန်တော်တို့ နှစ်ယောက်တည်း စားမှာလေ။ ဘယ်လိုမှ ကုန်မှာမဟုတ်ဘူး"

"မကုန်ရင် အိမ်ထုပ်သွားမှာပေါ့။ ဒီဟင်းတွေဆို အမေရောအဘွားပါ ကြိုက်မှကြိုက်"

ပြောလို့မရမှန်းသိတော့ ရွှေသွေးက နောက်တစ်မျိုးပြောင်းပြီး ပြောသည်။

"ဒါဆို American System ပဲနော်"

အမေပြောတော့ဖြင့် ကျိုကျိုတက်ချမ်းသာတဲ့ သူဌေးသားဆိုပဲ။ အခုတွေ့နေရတာတော့ တစ်ပြားကိုနှစ်ပြားခွာပြီး နှပ်ချေးကို ငပိလုပ်စားမည့် လူမျိုး။

မြန်မာပြည်ထဲမှာတော့ တော်တော်ရှားပါးမည့် ယောကျ်ားမျိုးပင်။

"မရှင်းနိုင်ဘူး။ ရှင်ကစပြီး တွေ့ဖို့ခေါ်တာ ရှင်ပဲ ရှင်း။ ဒါနဲ့နေစမ်းပါဦး ရှင်က ကျွန်မအကြောင်း ဘယ်လောက်သိလို့လဲ"

"သိပ်တော့မသိပါဘူး။ ဓာတ်ပုံတစ်ပုံ လာပြတယ်။ ဓာတ်ပုံထဲမှာတော့ လှသလိုလိုပဲ၊ ခက်တာက ဓာတ်ပုံထဲမှာဆိုတော့ ဒုက္ခိတမှန်းမှ မသိရတာ။ ပြီးတော့ သူဌေးသမီး၊ တစ်ဦးတည်းသောသမီးတဲ့။ အဒေါ်ဆီကလည်း အမွေတွေ ရဦးမယ်တဲ့။ ပွဲစားက အလုပ်ဖြစ်ရင်



www.burmeseclassic.com

www.burmeseclassic.com



ပွဲခ သိန်းတစ်ရာတောင် တောင်းတာဗျ။ ကျုပ်မှာ ငါးဆယ်နဲ့ မနည်း ဆစ်ထားရတယ်။ တော်သေးတာပေါ့ဗျာ ခုတော့ ငါးဆယ်လည်းမကုန် တော့ဘူး။ အောက်ပိုင်းကြီးသေနေမှတော့ ရွှေထွက်နေပါစေ မယူတော့ ပါဘူး။ ဟုတ်တယ် မဟုတ်လား သုံးစားလို့မှ မရတာ"

ရွှေသွေးရဲ့ပိုးစိုးပက်စက်အပြောကို အထင်ကရမေက ရွှန်း ရွှန်းဝေအောင် ထောက်ခံလေသည်။

"ဟုတ်တာပေါ့ရှင် ဟုတ်တာပေါ့. . အောက်ပိုင်းသေနေတဲ့ ဒုက္ခိတမကို ယူမိရင် ရှင့်ရဲ့မျိုးဆက်ပြတ်ပြီလို့သာ မှတ်ပေတော့။ အဲဒီ တော့. . ရှင်. . ကျွန်မကို မယူတဲ့ အထိမ်းအမှတ်အနေနဲ့ မှာထားတဲ့ ဟင်းတွေ ဗိုက်ဝအောင်စားပြီးမှ ပြန်မယ်။ ကျေးဇူးပဲ ကိုရွှေသွေးရေ"

သူများမသထာရေစာ စားရလို့လားမသိဘူး။ စားလို့ကောင်း မှကောင်း။ ရွှေသွေးက ဝိတ်တာကိုခေါ်ပြီး ကျသင့်ငွေတော့ ရှင်းပေး သွားသေးသည်။

"ကျွန်တော် နောက်တစ်ယောက်နဲ့တွေ့ဖို့ ချိန်းထားလို့ သွား လိုက်ဦးမယ်နော်"

"အချိန်ရှိတုန်း မြန်မြန်သွား ကိုရွှေသွေးရေ ကျွန်မအထင်ပြော ရရင် အဲဒီတစ်ယောက်ဆို ချိုင်းထောက်နဲ့လာမလား မသိဘူးနော်"

ရွှေသွေးက အယူသီးပုံရသည်။ ပါးစပ်မှ





"ဖွဟဲ့. . ဖွ. . ဖွ. . လွဲပါစေ ဖယ်ပါစေဗျာ။ ခင်ဗျားနဲ့တွေ့ရ ဘာတင် ကျွန်တော် ကံဆိုးလှပြီ"

ရွှေသွေးထွက်သွားတော့မှ အထင်ကရမေက ဗိုက်နှိပ်ပြီး အူ ဘက်မတတ် အော်ရယ်လေသည်။ ထိုင်နေတဲ့ ဝှီးချဲပေါ်မှ ထကာ. . ဝိတ်တာကောင်လေးကို ဝှီးချဲလက်ဆောင်ပေးဖို့ စဉ်းစားမိပြီး

"မောင်လေး. . ဒီဟာကြီး မမ အသုံးမလိုတော့ဘူး၊ မောင် လေး ယူသွားတော့နော်"

စေတနာဗရပွဲနဲ့ ပေးကာမှပဲ ကောင်လေးက ခေါင်းတခါခါ နဲ့ အတင်းငြင်းပါတော့သည်။

"နိမိတ်မရှိ နမာမရှိ အစ်မရယ်. . ဒါကြီးတော့ မယူပါရစေနဲ့ ဗျာ ကျွန်တော့်မှာ ခြေထောက်တွေ အကောင်းကြီးရှိပါသေးတယ်ဗျ"

"ဟဲ့ . . နင်ထိုင်ဖို့ပေးတာမှ မဟုတ်တာ၊ နင်တို့ရပ်ကွက်ထဲ က အသုံးလိုတဲ့သူကို ပေးလိုက်ပေါ့. . ဒါကြီး အိမ်ပြန်ယူလို့ မဖြစ်လို့ ပါဟယ်။ ရော့. . မုန့်ဖိုးငါးထောင် ယူသွား"

ကောင်လေးလက်ထဲ ပန်းရောင် ဆင်တစ်ကောင် ထည့်ပေး လိုက်မှ ဈေးတည့်သွားသည်။ အထင်ကရမေရဲ့ဖုန်းထဲမှာ သက္ကရာဇ်ပို့ ထားတဲ့ messageတွေ တန်းစီနေသည်။

"အထင်ကရ ဖုန်းခေါ် ရင် ကိုင်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အထင်ကရ ထပ်ပြီးတွေ့ချင်တယ်"

"အထင်ကရ တို့ကို အထင်မလွဲပါနဲ့"

ကောင်မလေး ဘယ်နှယောက်ကို ကျူကျူလုပ်ထားသလဲ တော့ မသိပါဘူး။ ချော့တဲ့နေရာမှာတော့ ဆရာကြီးပဲ။ နောက်ဆုံး message မှာတော့ အထင်ကရမေဟာ ဘယ်လိုမှ တင်းမခံနိုင်တော့ဘဲ ပစ်ကျသွားတော့သည်။ မင်းသားက အထင်ကရမေကို

"Chit Tal"

ဆိုပဲ။ အဲဒီလို ပွင့်ပွင့်လင်းလင်းပြောလာမှတော့ တစ်ဆင့်တော့ လျှော့ပေးရမှာပေါ့လေ။ အထင်ကရမေက သင်္ကြန်ဆီ ဖုန်းခေါ်ပြီး missed callပေးလိုက်သည်။ တစ်ဖက်က ချက်ချင်းပဲ ဖုန်းပြန်ခေါ်လာသည်။

"ဟိတ် ကောင်မလေး စိတ်ဆိုးပြေပြီလားဟင်"

ဒီနေ့နဲ့ဆို သူ့ကို စိတ်ကောက်တာ နာရီလေးဆယ်လောက်ရှိပြီ။

"ဘာလို့ ပြေရမှာလဲ"

"ပြေပါကွာ. . . အထင်ကရ အဲလိုကြီး စိတ်ဆိုးပြီး ပြန်သွားတော့ ကိုယ်လုံးဝနေလို့မရဘူး။ တကယ်ပြောတာ. . ညကလည်း အိပ်လို့ မပျော်လို့ ကိုယ် messageတွေ ပို့ထားတာ တွေ့လားဟင်"





အထင်ကရမေရဲ့အသံက ဘုဆတ်ဆတ်လေး ထွက်လာသည်။

"တွေ့သားပဲ"

"အားလုံးကို တွေ့တာလား"

"တွေ့ပါတယ်ဆိုမှ ဘယ်လိုဖြစ်နေတာလဲ"

"အထင်ကရ မနက်ဖြန်ကျရင် တွေ့မယ်လေနော်. . . 365 မှာ ကိုယ်စောင့်နေမယ်"

ဆရာမကြီးက အထာကြီးနဲ့ ပဲနည်းနည်းတော့ ကျွေးသေးသည်။

"အခြေအနေအရပဲ. . ဒါနဲ့. . ရှင့်ကိုမေးစရာရှိသေးတယ် ရှင်က ကောင်မလေးတွေဆီ ဟိုနှစ်လုံးကို ပို့နေကျလား"

အရင်းမရှိ အဖျားမရှိဘဲ မေးချလိုက်တော့ သင်္ကြန်ခမျာ လန့်သွားပုံရသည်။

"ဗျာ. . ဘာနှစ်လုံးလဲ"

"ဟိုအောက်ကဟာလေ"

ပြောကာမှ ပိုရှုပ်ကုန်ပြီ။ အထင်ကရမေက အစဖော်ရမှာကို ရှက်နေပုံရသည်။

နှစ်လုံးတည်းနဲ့ တိုင်ပတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဩော် . . သိပြီ . . သိပြီ၊ ချစ်တယ်လို့ရေးထားတာ မဟုတ်လား"

"အင်း"ဟု အသံထွက်လာသည်။

"ကျွန်တော့်မှာ အချစ်တွေ အဲသလောက် မပေါပါဘူး . . . အထင်ကရတစ်ယောက်တည်းကိုပဲ စွဲစွဲလန်းလန်းချစ်ဖူးတာပါ"

"မဖြစ်နိုင်တာ . . ရှင်က မင်းသမီးကိုတောင် လူရှေ့သူရှေ့မှာ နမ်းရဲသေးတဲ့ဥစ္စာ . . ကွယ်ရာမှာဆို ဘယ်လောက်တောင် ခြေရှုပ်လိုက်မလဲ မသိဘူး"

"အမယ် . . အမယ် . . သူများကိုပဲ အပြစ်ပြောမနေနဲ့ အထင်ကရကို မေးရဦးမယ် . . ဘယ်တွေလျှောက်သွားနေလို့ ဖုန်းမကိုင်တာလဲဟင်"

ကြွားဝွင်လေးတော့ ရသွားပြီ။ ဆရာမကြီးက ခေါင်းလေးငုံ့မော့ကာ

"အိမ်က စီစဉ်ပေးလို့ အိမ်ထောင်ဘက်သွားတွေ့တာလေ"

"ဘာ . . ဘယ်လို . . ဘယ်သူနဲ့လဲ ဘယ်မှာတွေ့တာလဲဟင် အထင်ကရကရော သူ့ကို သဘောကျလား၊ သူကရော အထင်ကရကို ပြုံးပြပြီးငမ်းသလား။ လက်ထပ်ဖို့အထိ ဆုံးဖြတ်လိုက်ပြီလား . . . ဟာ . . ခေါင်းတွေတောင် မူးလာပြီ ရင်ပူလိုက်တာကွာ"





အထင်ကရမေက သက္ကရာဇ်ဖြစ်ပျက်နေတာတွေကြည့်ပြီး တဟင်းဟင်းနှင့် ကျေနပ်စွာ ရယ်နေသည်။

"အသက်လေးဘာလေးရှုပါဦးလား သက္ကရာဇ်ရယ် . . ကျွန်မက ကိုယ်ချစ်တဲ့သူကိုပဲ ယူမှာ၊ ကိုယ် မချစ်လို့ကတော့ ကမ္ဘာ့အချမ်းသာဆုံးပုဂ္ဂိုလ်ဖြစ်နေပါစေ မစဉ်းစားဘူး"

"ဟူး . . တော်သေးတာပေါ့ကွာ . . ကိုယ်ဖြင့် ရင်ထဲ ထိတ်သွားတာပဲ။ ကိုယ့်အတွက် ပါရမီဖြည့်ဖက်က အထင်ကရပဲဆိုတာ လုံးဝသေချာသွားပြီ . . . အဲဒီတော့ အထင်ကရဘက်က အဖြေပြန်ပေးဖို့ပဲ ကျန်တော့တယ်။ ကဲ ပြော . . ဘယ်တော့ အဖြေပေးမှာလဲ"

ရုက်လိုက်တာနော် မိန်းကလေးပီပီ အခုပဲ အဖြေပေးလိုက်ရင် ကောင်းမလား။ ဖုန်းက second call ဝင်နေပြီမို့ အထင်ကရက

"သက္ကရာဇ်ရေ . . အမေ ဖုန်းဆက်နေပြီ . . ပြန်လာခေါ်နေပြီလား မသိဘူး။ ဒါပဲနော် . . နောက်မှ ပြန်ဆက်လိုက်မယ်"

second call ကို ကိုင်လိုက်တော့ အမေက ရွှန်းရွှန်းဝေအောင် မေးပါတော့သည်။

"သမီးရယ် . . ဘယ်သူနဲ့ပြောနေတာလဲ၊ မောင်ရွှေသွေးရော ပြန်သွားပြီလား . . ဘယ်လိုလဲ အိုကေတယ်မို့လား"

ဆရာမကြီးက ဆိုင်းမပါဗုံမဆင့်နဲ့ ငိုပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"အီး . . ဟီး . . "

"ဟဲ့ . . သမီး၊ သမီးလေး . . ဘာဖြစ်လို့ ငိုနေတာလဲ၊ ဘာ ရွှေသွေးက သမီးကို အာဘွားပေးလိုက်လို့လား"

"အာဘွားပေးရင် ဒီလိုငိုပါ့မလား မေမေရဲ့ . . သူကလေ . . သမီးကို သမီးကို . . ဟီး . . "

"ဩော် . . အရေးထဲ ငိုကြောက ရှည်နေရသေးတယ်ကွယ်

"အဲဒီမှန်ကြောင်ပုလင်းဖင်ကြီးကလေ သမီးကို ရွှေထွက် ရင်တောင် မယူဘူးတဲ့ မေမေရဲ့ . . ဟီး"

"သမီးက သူ့ကို ဘာသွားပြောလိုက်လို့လဲ . . . သူ စိတ် အောင် သွားစမိလို့လား သမီးရယ်"

"ဟင့်အင်း . . မေမေပြောသလို သမီးလည်း အစွမ်းကုန် စားတာပဲ . . ထမင်းစားရင်လည်း အသံမထွက်ဘူး၊ နှုတ်ခမ်းလေး တောင့် မင်းသမီးတွေလို ဖူးဖူးလေးဖြစ်အောင် စားတာ၊ ထမင်း လုတ်စားတိုင်း သူ့ကို မျက်စတစ်ချက်ပစ်ပြတယ် မေမေ၊ နှုတ်ခမ်း ပေနေတဲ့ ဆီတွေကို သမီးက လျှာလေးနဲ့တောင် သပ်ပြလိုက် တယ် . . အဲဒါကြောင့်ထင်ပါရဲ့ မေမေရယ် . . သူက သမီးကို ဣ မရဘူးဆိုပြီး မယူတော့တာ"

ရွှေငုဝါက သမီးငိုသံလေးကိုကြားပြီး အသည်းထဲက တ

အောင်ညမြာ သိုစာပေ



ဆတ်နာလာလေသည်။

"လာ . . သမီး . . အိမ်ပြန်မယ်၊ ဒင်းလိုကောင်မျိုးကို မလွမ်း လောက်ပါဘူး . . အမယ်လေး ငါ့သမီးကိုများ ဒင်းက ငြင်းရတယ်သို့ ငါ့ပါးစပ်နဲ့တော့ တွေ့ဦးမှာပါ"

ကားပေါ်ရောက်တော့ အထင်ကရမေက

"မေမေ . . . သမီးကို နောက်တစ်ယောက်နဲ့တော့ ထပ်ပေး တွေ့ပါနဲ့တော့နော် . . သမီး မခံစားနိုင်တော့လို့ပါ"

"အေးပါ သမီးရယ် . . ငါ့သမီးလေး စိတ်တိုင်းကျသာ ရွေး ချယ်ပေတော့ . . ဒါပေမယ့် မေမေသဘောကျတဲ့သူမျိုးမှ လက်ခံနိုင် မယ်နော်"

သားအမိနှစ်ယောက် အပေးအယူတွေ တည့်သွားကြသည်။

သက္ကရာဇ်ရေ . .

ရှင့်ကို ကျွန်မတစ်ယောက်တည်း ကြိုက်လို့ မရတော့ဘူး။ ကျွန်မအမေပါ ကြိုက်အောင် ရှင်ကြိုးစားလိုက်ဦး။

အဲ . . ကျွန်မအဘွားလည်း ကြိုက်ဖို့လိုသေးတယ်ရှင့်။

◆

အောင်ညမြာ သိုစာပေ

www.burmeseclassic.com

www.burmeseclassic.com

## (၁၁)

အဘိုး၊ ဘွားရွှေ၊ လေးလေးသက်နှင့် မေမေတို့ တီဗီထိုင်ကြည့်နေကြသည်။

ခုတလော ရေပန်းစားနေတဲ့ 'အိပ်မက်ဆုံရာ' အစီအစဉ်ကို သူတို့ တစ်အိမ်လုံး အစွဲကြီးစွဲနေကြသည်။

စနေ၊ တနင်္ဂနွေဆို ပြိုင်ပွဲမို့ ကိုယ်ကြိုက်တဲ့သူတွေ အမှတ်များများ ရအောင် ဆုတောင်းရတာလည်း အမော။ လေးလေးသက်ကပါ အဲဒီအစီအစဉ်ကိုစွဲနေတာ။

ဘွားရွှေက စပြီး

"ဖြူဖြူကျော်သိန်းက လန်ထွက်နေတာပဲနော်. . တစ်နေ့တခြား ရိုးကိုမရိုးနိုင်ဘူး. . ဒီကနေ့ ငါကြိုက်တဲ့ ဒီကာလေးကို အမှတ်များများပေးလိုက်စမ်းပါ ဖြူဖြူရယ်"





အဘွားယောက်ျား အဘိုးက လည်ချောင်းမယားဘဲ ချောင်းကို တမင်ဟန့်ကာ

"အဟမ်း. . အဟမ်း. . အမေကြီးရေ. . စိတ်ပုတီး ကိုင်ပြီး တရားအားထုတ်ရမယ့်အရွယ်ရောက်နေပြီနော်. . ဝင်လေ ဒီကာ၊ ထွက်လေ ဆော်လမွန် လုပ်မနေနဲ့"

"အမယ်လေး. . အမယ်နှလေး. . . ကျွန်မကိုကျတော့ ပြောတယ်. . ရှင်ကျတော့ ဟိုတစ်နေ့က Miss Universe ပြိုင်ပွဲအခွေ ငယ်ကြည့်တယ်လေ. . ဘာတဲ့ အဲဒီကောင်မလေးနာမည်. . "

အဘွားက မေ့နေတော့ အဘိုးက ထောက်ပေးသည်။

"သိလည်း မသိဘဲနဲ့ကွာ. . မိုးစက်ဝိုင်တဲ့ မှတ်ထားဦး၊ နန်းခင်ဇေယျာတို့ ခင်ဝင့်ဝါတို့လည်း လှတာပဲ၊ ခင်ဝင့်ဝါလေးဆို Miss တွေထဲမှာ အလှဆုံးအယောက်တစ်ရာထဲမှာ ပါနေတာကွ"

အဘွားက အဘိုးပေါင်ကို တစ်ချက် ဆော်ထည့်လိုက်ကာ ပေါင်တွင်းကြောကို မိမိရရလိမ်ရင်း

"တွေ့လား သမီး. . ညည်းအဖေ နှာဘူးထနေတာ"

သူတို့ရန်ပွဲထဲကို အထင်ကရမေက လက်ဖက်ပန်းကန်လေးကိုင်ကာ ဝင်လာပြီး(ဖျန်ဖြေတယ်လို့ မထင်ပါနဲ့) ထောင်သည်။

"ကဲ. . လက်ဖက်သုပ်လေး စားလိုက်ကြဦး၊ ဒါမှ ရန်ဖြစ်လို့



www.burmeseclassic.com

www.burmeseclassic.com



အားရှိသွားမှာ. . သမီး အဘိုးကိုမေးရဦးမယ်၊ အဘိုးက နန်းခင်ဖေယျာတို့၊ ခင်ဝင့်ဝါတို့၊ မိုးစက်ဝိုင်တို့ကို ဘာလို့သိနေတာလဲဟင်"

"သိဆို သူတို့က အတွင်းခံဝတ်လို့လေ"

"အဟိ. . ခစ်. . ခစ်"

"ဟား. . ဟား. . အဖေတို့က လုပ်ပြီ"

မိုက်ကယ်သက်နှင့် အထင်ကရမေ ပွဲကျနေကြသည်။ ဧကူးဝတ်စုံဝတ်တာကို အဘိုးပြောလိုက်မှ အဘွားက ဘုမသိဘမသိနဲ့

"ကြည့်စမ်း၊ ကြည့်စမ်း၊ အဲဒီကလေးမတွေ အတွင်းခံဝတ်တာကအစ ရှင် သွားချောင်းတယ်ပေါ့ ဟုတ်လား. . အဘိုးကြီးနော်၊ သေချင်နေပြီလား ပြောစမ်း"

"ရှောနော်. . ငါ သွားချောင်းစရာမလိုဘူး၊ သူတို့ပုံတွေ အင်တာနက်ထဲမှာ တွေ့လို့ပြောပြတာ"

"ဟော ကြော်ငြာက ကောင်းတုန်းဆို ဝင်လာပြီ"

အထင်ကရ ကြည့်လိုက်တော့ သက္ကရာဇ်ရဲ့ကြော်ငြာလေးဖြစ်နေသည်။

အဲဒီမင်းသမီးနဲ့သရုပ်ဆောင်တာ သိပ်ကိုပီပြင်လွန်းနေတော့ ဒီကြော်ငြာ ပေါက်ဦးမှာပါ။

"သမီး. . အဲဒီကောင်လေးက ဘယ်သူလဲဟင်"





အမေမေးတော့မှ အားလုံးက ကြော်ငြာကို ပိုပြီးစိတ်ဝင်စားလာပုံရသည်။ အဘွားကပါ

"အေးဟဲ့. . ချောချောလေး။ ကောင်မလေးနဲ့လည်း လိုက်တယ်နော်"

"မလိုက်ပါဘူး. . ဘာလို့လိုက်ရမှာလဲ"

အထင်ကရမေက ဝင်ပြီး ကန့်ကွက်တော့ လေးလေးသက်က

"အမယ်. . လိုက်လိုက် မလိုက်လိုက် နင်နဲ့ဘာဆိုင်လို့နာနေရတာလဲ"

လို့ ဝင်ပြောသည်။ ဆရာမကြီးက မခံချင်စိတ်နဲ့. .

"ဘာလို့မဆိုင်ရမှာလဲ. . သူ့နာမည်က သက္ကရာဇ်၊ မင်းသားသစ်လေးပေါ့. . နယ်က လာတာ. . အရမ်းလည်း ရိုးတယ်၊ သူက သမီးကို propose လုပ်ထားတာ မေမေ"

"ဟင်"

"ဟေ"

"ဘုရားရေ"

အာမေဋိတ်သံတွေ တန်းစီပြီးထွက်လာသည်။ ကြော်ငြာဝင်ပြီးသွားတော့ သီချင်းတောင် ပြန်ဆိုနေပြီ။

လေးလေးသက်က သူကြိုက်တဲ့ ယူရီ ဆိုနေပြီဆိုတော့ အာရုံ



www.burmeseclassic.com

www.burmeseclassic.com



က ဟိုဘက်ရောက်သွားပေမယ့် ဘွားရွှေဥနဲ့ မေမေကတော့ အထင်ကရကို စစ်လားဆေးလားလုပ်ကြပါသည်။

"သမီး . . အဲဒီကောင်လေးက ချမ်းသာလားဟင်"

"ညီအစ်ကို မောင်နှမများလား"

"သူတို့အမေက သဘောကောင်းလား"

"မေမေကလည်းလေ ငဝါသမီးလေးကို ယောက္ခမအိမ်မှာ ပေးနေမှာမှ မဟုတ်တာ၊ သဘောကောင်းကောင်း မကောင်းကောင် ဂရုစိုက်စရာမှ မဟုတ်တာ"

သူတို့ဟာသူတို့ မေး၊ သူတို့ဟာ သူတို့ဖြေနဲ့ ဟုတ်နေကြတာ ပဲ။ အဘိုးက နားရှုက်လာလို့လား မသိပါဘူး။ မသိမသာလေး ထထွက် သွားပြီ။

"ကောင်လေးက အလားအလာ ကောင်းမယ့်ပုံပဲ . . သမီး ဘယ်လိုမြင်လဲ"

"အောင်မြင်နေပါပြီ . . နောက်ဆို သူ့ဝင်ငွေက မနည်းဘူး မှာ . . ဒါပေမယ့် သမီးက အဲဒါတွေကိုမမက်ပါဘူး . . သမီးအပေါ် တကယ်ချစ်ရင် ကျန်တာတွေ ဘာမှမလိုဘူး . . နော်မေမေ . . မေမေ ပဲ သမီးတို့ကို အိမ်ပေါ်မှာ ခေါ်ထားမှာဆို"

"ဒါပေါ့ . . ငါ့သမီးလေးကို ငါမှမခွဲနိုင်တာ"





"ငါ့မြေးက . . ဒီကောင်လေးကို သဘောကျနေပုံရတယ် . . ဟုတ်တယ် မဟုတ်လား . . အဟင်း . . ဟင်း . . အဘွားတို့လည်း ငယ်ရာက ကြီးလာတာပါနော်"

အထင်ကရမေက ရှက်ပြုံးလေးနဲ့ ခေါင်းငုံ့သွားသည်။ လေးလေးသက်က အာပြဲကြီးနဲ့ထအော်သည်။

"ငါတော့ တူတစ်ယောက် အရှင်လတ်လတ်ကြီး ရှုံးမယ် ဟေ့၊ ဆရာမကြီးရေ . . နင်တို့ဝင့်လည်ဖို့သာ ပြင်ထားနော် . . ငါ့ကို နိုင်စားထားသမျှ နင် ခံရမယ်သာမှတ် . . ဟွန်း"

"သမီးရေ . . သမီးတို့ချင်း အဆင်ပြေရင် အိမ်ကို တစ်ရက်လောက်ခေါ်ခဲ့လေ . . မေမေတို့ဝိုင်းပြီး အကဲခတ်ကြတာပေါ့"

"ဟုတ်ကဲ့ပါ မေမေ"

ပျော်လိုက်တာ။

ဒီမိသားစုမှာ လူဖြစ်ရတာ အရမ်း ကံကောင်းတာပဲ။ လွတ်လွတ်လပ်လပ်နဲ့ ရင်ဖွင့်လို့ရတယ်။ တိုင်ပင်လို့ရတယ်။ ဘယ်လောက်ကောင်းသလဲ။

လှေကားထစ်ပေါ် ပြေးတက်လာတဲ့ အထင်ကရမေရဲ့ခြေလှမ်းတိုင်းဟာ မြူးကြွနေသည်။ သွက်လက်နေသည်။ ဒါဆို သူ့ကို ချစ်မိနေတာ ၁၀၀% သေချာနေပြီပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ပတ်သက်သမျှ ပျော်ရွှင်ခြင်းတွေကိုလည်း မျှဝေချင်တယ် . . .

ဝမ်းနည်းနာကျင်စရာတွေကိုလည်း ဝေမျှပြီး အတူခံစားချင်တယ်။

ဒါဆိုရင်တော့ ရှင်နဲ့ကျွန်မ ချစ်သူတွေ အမြန်ဖြစ်မှာပါပဲ။

♦



(၁၂)

ချစ်သူ . . ကိုယ့်ချစ်သူက ဟိုးဝေးလံတဲ့ မိုးကုပ်စက်ဝိုင်းဆီမှာလည်း မဟုတ်ဘူး။ ဝင်ရိုးစွန်းဆီမှာလည်း မဟုတ်ဘူး . . ကိုယ် ရှိနေတဲ့ ရိုက်ကွင်းနေရာနဲ့ မိနစ်နှစ်ဆယ်လောက် သွားရင် ရောက်နိုင်တဲ့ ရွှေတောင်ကြားထဲက ခြံကြီးတစ်ခြံမှာ ရှိနေတာပါ။

ဒါဖြင့် ကိုယ် သူ့ကို ဘာလို့လွမ်းနေတာလဲ . . လွမ်းတာကို လွမ်းတယ်လို့ပဲ ပြောပါရစေ . . အထင်ကရရယ် . . သိပ်မကြာခင်မှာ ခရစ္စမတ်ကို ရောက်တော့မယ်။ ဆောင်းခိုဖို့အတွက် ဆောင်းခိုငှက်လေးတွေကို ဟိုးတိုက်ခေါင်မိုးနီတွေအပေါ်မှာ တွေ့နေရပြီ။

ဟင့်အင်း . . ကိုယ်က သူတို့နဲ့အတူ ဆောင်းမခိုချင်ဘူး၊

ချစ်သူလေးနဲ့ပဲ ဆောင်းခိုချင်တာပေါ့။ ရွှေဖြစ်မယ့်အရေးတွေးပါဆိုရင်တောင် ဦးနှောက်ထဲက memory card က လက်ခံညှိမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအရေးထက် ခုချိန်မှာ ပိုပြီးအရေးပါနေတာက ကိုယ့်ရဲ့အထင်ကရမေလေးပေါ့။

"ဆရာ. . ရိုက်တော့မယ်တဲ့ ခေါ်နေပြီ"

"လွမ်းတယ်ကွာ"

"ဗျာ"

တောရုံက အဆက်အစပ်မရှိပြောလိုက်တဲ့ စကားကြောင့် အံ့သြပြီး ဗျာထွက်သွားသည်။

"မင်း မကြားဘူးလား၊ လွမ်းလို့လွမ်းတယ်လို့ ပြောနေတာလေကွာ"

"သိဘူးလေ၊ ဆရာ့ဆီ ဖုန်းဆက်တဲ့ကောင်မလေးတွေက အများကြီးဆိုတော့ ဘယ်တစ်ယောက်ကိုလွမ်းနေတာလဲ. . ရှင်းရှင်းလင်းလင်းပြောမှပေါ့ဗျာ"

"တော်ပါပြီကွာ၊ မင်းလိုကောင်မျိုးကို အလွမ်းငိုကာချဲ့ပြနေလို့လည်း ကျွဲပလာတာကျွေးသလိုဖြစ်နေမှာပေါ့"

ရိုက်ကွင်းမှာ စိတ်နဲ့ကိုယ်မကပ်တော့ ဒိုင်ယာလော့(ခ်)တွေ ခဏခဏမှားနေသည်။ ခဏခဏမှားတော့ စိတ်သိပ်ရှည်တဲ့ ဒါရိုက်တာသူကြီးသျှိုက လော်ကြီးနဲ့အော်ပြီး တုတ်တော့တာပေါ့။

"ဟိတ်ကောင်. . မင်းက ပြောတော့ မင်းသားတဲ့။ ဘာမင်း





သားလဲ. . ဒိုင်ယာလော့(ခ်)တောင် ပိုင်အောင်မပြောနိုင်မှတော့ ဖတ်ဖတ်ရဲတောင် လုပ်ဖို့ မကောင်းတော့ဘူးကွ. . ဒီရှုတင် တစ်ခုလုံးမှာ မင်းကလွဲရင် အားလုံးကောင်းတယ်၊ မင်းတစ်ကောင်ပဲ ခေါက်သုံးကျတာ"

သူ့ပြောနေကျ လက်သုံးစကားမို့ သက္ကရာဇ်လည်း အရေထူနေပါပြီ။

မထူနိုင်တဲ့ တစ်ယောက်သောသူကတော့

"ရှင့်ကို အသုံးမကျဘူးလို့ တစ်ပြားမတန်အောင်ပြောနေတာနော်ဘူးလား. . ဘာလို့ ခဏခဏမှားနေတာလဲ၊ ပြန်ရိုက်. . ဒီတစ်ခါအရင် ချက်ချင်းလှည့်ပြန်မှာနော်"

ဘယ်သူရှိရမလဲ။ သူ့ရဲ့အထင်ကရမေပေါ့။ မမက ရိုက်ကွင်းအရင်ကြီးကိုတောင် အမိန့်ပြန်ပေးရဲတာ နည်းတဲ့သတ္တိမဟုတ်ဘူး။

"အန်ကယ်. . သူ့ကို စိတ်ရှည်ရှည်ထားပြီးပြန်ရိုက်ပေးလိုက်. . ဒီတစ်ဆင်းန်မှာ အဆင်မပြေရင် အန်ကယ့်လော်ကြီး သမီးကိုသာ ပေးပေတော့၊ အန်ကယ့်အစား သမီးပဲ အော်ပေးလိုက်တော့မယ်၊ အန်ကယ် ပါးစပ်ညောင်းမှာစိုးလို့နော်"

ရှုတင်ကို အားဆေးလေးရောက်လာပြီဆိုတော့ မင်းသားကပြီး အသက်ဝင်လာသည်။ အရင်က မင်းသမီးကို ဖက်ရမှာ အားနာ



www.burmeseclassic.com

www.burmeseclassic.com



နေတဲ့သူက ခုကျတော့ အထင်ကရအားကိုးနဲ့ မင်းသမီးကို ဖက်ရဲလာသည်။

One cut one scene ဆိုတော့ ဒါရိုက်တာကြီးလည်း အော်စရာမလိုတော့ဘူးပေါ့။ အော်ချင်လို့လည်း မရတော့ဘူးလေ။ သူ့ရဲ့ လော်ကြီးက ဆရာမကြီးလက်ထဲ ရောက်နေပြီကိုး။

သူ့အိမ်မှာ သူ ဆရာလုပ်တာ အားမရလို့ သူများရှုတင်အထိ လာပြီး ဆရာ လုပ်တာက ဆိုးသည်။ ရှုတင်မှာက လူပေါင်းစုံတော့ ကွယ်ရာမှာ အထင်ကရမေအကြောင်းကို ပုံကြီးချဲ့ပြီး နာနာ အတင်းအုပ်လေတော့သည်။ ဇာတ်ပို့ကောင်မလေးတစ်ယောက်က

"သူက အကောင်သမီးလား မသိဘူးနော်၊ မင်းသားအပေါ်မှာ အတော်ဩဇာညောင်းတာ. . တို့ဒါရိုက်တာကြီးတောင် မီးသေ တာ ကြည့်ပါလားဟဲ့"

နောက်တစ်ယောက်ကတော့

"ဖြစ်နိုင်တယ်ဟဲ့. . ပုံစံကိုက ဆရာမကြီးအထာနဲ့ ဘဝင် ဟပ်နေတာ"

"အမယ်လေး. . အကောင်သမီးမဟုတ်ရင်တောင် ခရိုနီသ တော့ ဟုတ်မှာပဲ"

ပြောချင်တာ ပြောကြပါစေလေ။ ဆရာမကြီးတို့က ဘာမှ





ဘာမှ မဟုတ်တာ။ သူသိတာက သက္ကရာဇ်ကို ကာကွယ်ဖို့။ သူများ အနိုင်မခံရဖို့. . . ဒါပဲ။

သူ့ကိုထိရင် ကိုယ့်ကိုပြောနေသလိုပဲ နာသည်။ အဲဒါ ဘာကြောင့်လဲဆိုတာ သူမလည်း မသိဘူး။ ရိုးရိုးလေးတွေးရင် တိုးတိုးလေး အဖြေထွက်လာသည်။

အဲဒါ. . . အချစ်ပေါ့။

သက္ကရာဇ်က ဒါရိုက်တာနားမှာ monitor ထိုင်ကြည့်ပြီး ဆရာလုပ်နေတဲ့ အထင်ကရမေကို သဘောအကျကြီးကျနေသည်။

"အန်ကယ်. . နှစ်ကျပ်ကွက်လေး ဆွဲပြပါလား. . . အဲဒါဆို င်းသားရုပ်လေးက ပိုပြီးကြွလာမှာ"

"ဟဲ့. . မင်းသားက ကြွလာပေမယ့် မင်းသမီးက ဝါးသွားမှာ ပေါ့. . ငါလိုချင်တာက နှစ်ယောက်စလုံးရဲ့မျက်နှာပေါ်က moodတွေ ာစ်ပြိုင်တည်းလိုချင်တာ"

"အန်ကယ်. . သမီးကို စိတ်ဆိုးတာလားဟင်. . စိတ်ဆိုးရင် အော်ရဘူးလေ. . အော်လိုက်ခြင်းအားဖြင့် ကိုယ့်ရဲ့ကျက်သရေ ရှိ ားသား ရုပ်ကြီးက ပိုပြီးအိုစာလာတယ်။ သမီးပြောတာက ဟိုမင်းသမီး ာ နံပါတ်နှစ်နေရာမှာ ဂဏန်း ငြိမ်နေပြီလေ. . အန်ကယ့်တပည့်က နေရာမှမရသေးတာ"



www.burmeseclassic.com

www.burmeseclassic.com



ခုပဲ သတ်လိုက်၊ ခုပဲ လေပြည်လေးသွေးလိုက်၊ ခုပဲ အခ
ကျွေးလိုက်၊ခုပဲ အချိုကျွေးနဲ့ တတ်ပဲ တတ်နိုင်လွန်းသည့်ကောင်မလေ

သူ ကြည့်နေတာမြင်တော့ ကောင်မလေးက monitor
မှထလာသည်။

"မောနေပြီလား မင်းသား"

"ဟာ. . ကိုယ့်ကို အဲလိုကြီးမခေါ်ပါနဲ့ကွာ၊ ကိုယ်က မင်းသ
မဖြစ်ချင်ဘူး. . သရုပ်ဆောင်ပဲ ဖြစ်ချင်တာ. . အထင်ကရ ပင်ပန်း
ပြီနော်. . ဒီကပြန်ရင် ကိုယ်နဲ့ ညစာအတူစားမယ်လေနော်"

ပန်းနုရောင်မျက်နှာလေးက သူ့ကို ဆွဲဆောင်နေသည်။

အထင်ကရမေက သူ့လက်ကိုင်ပဝါလေးကို လှမ်းပေး

"ရော့. . ချွေးတွေသုတ်လိုက်ဦး၊ ဘယ်မှာ သွားစားမှာ

"အထင်ကရ စားချင်တဲ့နေရာမှာ ကျွေးမယ်လေ. . တ
တော့ရှိတယ်. . ကျွေးပြီးရင်တော့ အဖြေပြန်တောင်းမှာနော်"

မျက်လုံးချင်းဆုံအောင် စိုက်ကြည့်ပြီး အတည်ပေါက်နဲ့
လိုက်တော့ ကောင်မလေးရှက်သွားပုံရသည်။

"dinner တစ်ပွဲနဲ့ တစ်သက်လုံးလဲရမှာ မတန်ပါဘူး

သက္ကရာဇ်က ပါးချိုင့်လေးတစ်ဖက်ပေါ်အောင် ပြုံးပြီး

"နောက်ဆို တစ်သက်လုံးလုပ်ကျွေးပါ့မယ်ဗျာ"





"အမယ်. . အမယ်. . သူ့ကို ဘယ်သူက အဖြေပေးသေးလို့
လဲ. . တစ်ယောက်တည်း သေချာနေလိုက်တာ"

"ညကျရင် အခန်းပိတ်ပြီး အစည်းအဝေးကျင်းပမယ်လေ. .
အဖြေမပေးရင် အိမ်ပြန်မလွှတ်တော့ဘူး"

တောရုံက သူတို့နှစ်ယောက်အနားကို အမောတကောပြေး
လာကာ -

"မလွှတ်လို့မရတော့ဘူး ဆရာရေ၊ ဒီကောင့်ကို ပြန်လွှတ်မှ
ကို ရတော့မှာ၊ ဟိုမှာ ကွိုင်အကြီးကြီး တက်နေပြီ၊ ကောက်ရလေ. .
မင်းသမီးဖုန်းကိုသွားကိုင်ပြီး အောက်ကျသွားလို့ ဖုန်းပျက်သွားလား၊
ကွဲသွားလားမသိဘူး၊ မင်းသမီးအမေကတော့ ရေလည်ပွဲကြမ်းနေတာ"

"ဟာ. . ဒီကောင်တော့ လုပ်ချလိုက်ပြန်ပြီကွာ၊ အဲဒါမှကွိုင်
ပဲ. . အဲဒီမင်းသမီးအမေက ရပ်ကွက်ထဲက စရိုက်ကွ၊ ပါးစပ် အရမ်း
ကြမ်းတာ. . နေဦး. . ငါသွားကြည့်လိုက်ဦးမယ်"

သက္ကရာဇ်နောက်မှာ အထင်ကရမေက ကပ်ပြီးပါလာသည်။
ထင်သည့်အတိုင်းပင် မင်းသမီးအမေက အတော်ကြီးကို ပွဲကြမ်းနေပါ
သည်။

"ဒီဖုန်းတစ်လုံးရဲ့တန်ဖိုးကို မင်းသိသလား. . ရွှေတစ်ကျပ်
သားဖိုးလောက်ရှိတယ်ဟဲ့. . နားမလည်ပါးမလည်နဲ့ ငါ့သမီးဖုန်းကို



www.burmeseclassic.com

www.burmeseclassic.com



ခွဲပစ်တဲ့အကောင် . . ခုချက်ချင်း လာလျော်ပေး . . မလျော်နိုင်လို့က တော့ ငါ့အကြောင်းသိပြီသာ မှတ်တော့"

"အန်တီ . . သူ့အစား ကျွန်တော် တောင်းပန်ပါတယ်ဗျာ . . သူက အူကြောင်ကြားလေးမို့ပါ"

သဏ္ဍာရာဇ်က လေချိုလေးသွေးတော့ အဘွားကြီးက ပိုဆို လာသည်။

"ပါးစပ်နဲ့ တောင်းပန်တာတော့ လူတိုင်းလုပ်တတ်တာပေ မင်းသားရယ် . . ဒီမှာက ကွဲသွားပြီ၊ ပျက်စီးသွားပြီလေ . . အကောင် အတိုင်းမှပြန်မရနိုင်တော့တာ"

"ဒီဖုန်းအတွက် ဘယ်လောက် လျော်ပေးရမလဲ . . ပြော အန်တီ"

မနေနိုင် မထိုင်နိုင် ဝင်ပြောမိသူက အထင်ကရမေ ဖြစ် သည်။

"ဘာလဲ . . လျော်ပေးမလို့ မေးနေတာလား"

အထင်ကရမေက သူမ ကိုင်လာတဲ့ COACH တံဆိပ်အိတ် လှလှလေးကိုဖွင့်ကာ ဆင်တစ်အုပ်နဲ့ထောင်တန်တစ်အုပ်ကို ဆွဲထု ပြီး အလျော်ပေးလာသည်။

"ရော့ . . အားလုံး ခြောက်သိန်း"

*ဆောင်းညပြာသိစ္စာဝေ*



အားလုံးက အထင်ကရမေကို ကြောင်ပြီး ကြည့်နေကြပေ မယ့် မင်းသမီးအမေကတော့ ပိုက်ဆံခြောက်သိန်းကို သူ့အိတ်အကြီး ကြီးထဲထည့်ဖို့ ပြင်နေလေပြီ။

"အန်တီ့ကို ကျွန်မ ဖုန်းအသစ်တစ်လုံးဖိုး လျော်ပြီးပြီဆိုတော့ အန်တီ့လက်ထဲကဖုန်း ကျွန်မကို ပြန်ပေးခဲ့ပါ"

အထင်ကရမေက ဖုန်းကို ပေါ်တင်ကြီး တောင်းခြင်း ဖြစ် သည်။ မင်းသမီးအမေကလည်း ပါးလိုက်တာမှလုပ်လို့။

"ချက်ချင်းပေးလို့တော့ ဘယ်ရမလဲကွဲ၊ ဒီဖုန်းထဲမှာ သမီးရဲ့ ပုံတွေ အများကြီးပဲ"

အဲဒီအချိန်မှာ အာဝင်ချောင်တာက တောရုံ။

"ဘာပုံတွေလဲ အန်တီ၊ အင်တာနက်ပေါ်က ပုံတွေမျိုးလား"

မင်းသားက တောရုံပါးစပ်ကို လိုက်ပိတ်ပေမယ့် မမီတော့။ မင်းသမီးအမေက ဘီလူးဆိုင်းတီးပြီး ဝင်လာပြန်ပြီပေါ့။

"နင်က ဘာကောင်မို့လို့ ငါ့သမီးကို စော်ကားနေရတာလဲ ဟင် . . ပဲစားတဲ့ တောသားကများ စကားပြောရင် လူပါးဝလို့၊ ငါ ပါး ရိုက်လိုက်ရင် ပေါင်ကျိုးသွားဦးမယ်"

အဘွားကြီးစွာတေးလန်နေတာက ရယ်ချင်စရာကြီးမို့ အထင် ကရမေမှာ မအောင့်နိုင်တော့ဘဲ အသံထွက်အောင် ရယ်မိလေသည်။

*ဆောင်းညပြာသိစ္စာဝေ*

www.burmeseclassic.com

www.burmeseclassic.com



"ခစ် . . ခစ်"

"ဟဲ့ . . ညည်းက ဘာရယ်တာလဲ"

"ရယ်ချင်လို့ပေါ့ . . အန်တီ့စကားက ရယ်ချင်စရာကြီးကိုး . . ပါးရိုက်တဲ့ကိစ္စ ပေါင်ကျိုးရတယ်လို့ . . အဟိ . . တစ်ခါမှမကြားဖူးဘူး"

သက္ကရာဇ်က အခြေအနေမဟန်မှန်းသိလို့ အားလုံးရဲ့ရှေ့က နေဝင်ပြီး တောင်းပန်ရသည်။

"အန်တီရယ် . . အားလုံးကိုယ်စား ကျွန်တော် တောင်းပန်ပါတယ်နော် . . သူတို့တွေက အပြောအဆိုမတတ်လို့ပါ စွဲမယူပါနဲ့"

"မင်းမျက်နှာထောက်နေလို့ ငါစိတ်လျှော့ထားတာနော် . . နောက်တစ်ခါ ဒီလိုကောင်တွေ ပါလာရင်တော့ မင်းနဲ့ငါသမီးတွဲရိုက်ဖို့ ငါစဉ်းစားရလိမ့်မယ်"

အမယ်လေး . . အမယ်လေး ဖြစ်ပျက်နေလိုက်တာ။ သူ့သမီးက ရွှေထွက်နေတာကျလို့။ အထင်ကရမေကလည်း သေးသေးတင်မခံတတ်တဲ့အစားထဲကဆိုတော့ ပက်ခနဲပြန်ပြောပြီးသား။

"အင်းပေါ့လေ . . ခုတော့ ပြောအားရှိမှာပေါ့ . . နောက်ဆိုသက္ကရာဇ်နာမည်ကြီးသွားရင် တွဲချင်လွန်းလို့ ရက်ပေးပါ . . ရက်ပေးပါနဲ့ ပြန်လိုက်မတောင်းပါနဲ့"

"ဟဲ့ . . ဒီတစ်ယောက်က ရိုင်းလှချည်လား . . နေစမ်းပါဦး





သူက မင်းနဲ့ ဘယ်လိုပတ်သက်တာလဲ . . အီစီကလီလား အအီပြေလား"

အထင်ကရမေရဲ့ဒေါသတွေ ထောင်းခနဲထွက်လာသည်။ လူကိုများ သမီးချင်းမစာမနာ အပျော်တွဲနေတယ်ထင်နေသလားမသိဘူး။

"ဒီရုပ်ကို သေချာကြည့်ပြီးမှပြောပါ အန်တီ၊ အီစီကလီရုပ်မဟုတ်ဘူး . . ကျွန်မက သက္ကရာဇ်ရဲ့ချစ်သူ"

သူ နားကြားမလွဲပါဘူး။ အထင်ကရမေက သူ့ရဲ့ချစ်သူလို့ပြောလိုက်သလားလို့။

ဘေးနားကနှစ်ကောင်ကို သေချာအောင် ထပ်ပြီးမေးရသေးသည်။

"သူ . . သူ ဘာပြောလိုက်တာလဲဟင် . . မင်းတို့လည်း ကြားတယ်မဟုတ်လား"

"ကြားတယ်လေ . . သူက ဆရာ့ရည်းစားလို့ပြောလိုက်တာ"

ကောက်ရက ဝင်ပြောတော့ တောရုံက ကောက်ရခေါင်းကို တစ်ချက်ခေါက်ပြီး

"ဘာရည်းစားလဲ . . ချစ်သူလို့ပြောလိုက်တာကွ"

"ဩော် . . အရေးထဲ မင်းတို့က တစ်မျိုး၊ ချစ်သူနဲ့ရည်းစား အတူတူပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com



သေချာပြီဆိုမှ သတ္တရာဇ်က မင်းသမီးအမေဆီမှာ ခံဝန်ချက်ကို ပါးစပ်နဲ့ထိုးလေသည်။

"ဟုတ်ပါတယ် အန်တီ၊ သူက ကျွန်တော့်ကောင်မလေးပါ၊ ကျွန်တော်တို့ကို သွားခွင့်ပြုပါဦးနော်"

သတ္တရာဇ်က အထင်ကရမေလက်လေးကိုဆွဲပြီး ထွက်ပြေးလာခဲ့သည်။ ကားနားကိုရောက်တော့မှ ကောင်မလေးရှေ့မှာ မျက်နှာချင်းဆိုင်ရပ်ပြီး တိုးတိုးလေး မေးသည်။

"ကိုယ့်ချစ်သူဆိုတာ သေချာတယ်နော်"

အထင်ကရမေက နီးကပ်လွန်းနေတဲ့ သူ့မျက်နှာကို . . မဲ့မကြည့်ရဲဘဲ

"သိ . . ဘူး"

ဟု ဖြေသည်။

မင်းသားက ပိုပြီးအသည်းယားလာပုံရသည်။

"တကယ်မသိဘူးလား၊ ခုနက ဟိုအဘွားကြီးကို မထ္တုပ်တိုးတက်ပြတာ ဘယ်သူလဲ"

"သိရင်လည်း ပြီးရောပေါ့၊ ဘာလို့ . . ခဏခဏ လာမေးနေတာလဲ"

"ကြားချင်လို့"





ရှုတင်မန်နေဂျာက အရေးကောင်း ဒိန်းဒေါင်း လာလုပ်ပြန်သည်။

"မင်းသားရေ ရိုက်မယ်တဲ့ဟေ့"

"လာပြီ"

မလာလို့လည်း မရတော့ဘူးလေ။ ဒီဒါရိုက်တာကြီးတော့ သူကြောက်ရသည်။ ဒီမှာကလည်း ကောင်မလေးဆီက အဖြေကို သူ့နားနဲ့ဆတ်ဆတ်ကြားချင်သေးသည်။

"ကဲ . . ပြောလေ၊ ချစ်တယ်လို့ . . နှစ်လုံးတည်းခစ္စာ"

"ပြောရင် သွားမှာလား"

"သွားမယ် . . တကယ်သွားမှာ"

အထင်ကရမေက မျက်လုံးလေးကို စုံမှိတ်ကာ နှုတ်ခမ်းလေးစူပြီး

"ချစ်တယ် . . ချစ်တယ်"

ဟု အရှက်သည်းစွာပြောတော့ သူ့မှာ ဝမ်းသာလွန်းလို့ ထပဲ ခုန်ရမလား။ ခုန်ရအောင်ကလည်း ရှုတင်မှာဆိုတော့ လူတွေကအများကြီး။ ကိုယ့်စိတ်ကိုယ် မနည်းချုပ်ထိန်းပြီး လေထဲကို လက်သီးတစ်ချက်ဝှေ့ပြီး ထိုးပစ်လိုက်သည်။

"သွားတော့လေ"



www.burmeseclassic.com

www.burmeseclassic.com



"နေဦး. . မျက်နှာလေး ကြည့်လို့မဝသေးလို့. . စောင့်နေမှာလား"

"စောင့်နေမှာပေါ့. . သူပဲ dinner ကျွေးမယ်ဆိုပြီးတော့"

"ဒါဆို နောက်တစ်ခုထပ်ပြီး တောင်းဆိုမယ်လေ၊ ကိုကိုလို့ခေါ်မှ dinner ကျွေးမယ်"

"တောင်းဆိုတာတွေက ပြီးလည်း မပြီးနိုင်တော့ဘူး. . သွားပါတော့ ကိုကိုရယ်. . တော်ကြာ ကိုကို့ဒါရိုက်တာကြီးက လော်နဲ့အော်နေဦးမယ်"

သွားပြီဆိုပြီးတော့ မခွဲနိုင်မခွာရက် ဖြစ်နေသေးသည်။ အဲဒီပုံစံလေးကိုပဲ အထင်ကရမေတ္တံ့ စွဲသွားပြီ။

အိမ်ပြန်ရောက်ရင် ဘွားရွှေဥကို ကြွားလို့ရပြီ။

မေမေ့ကိုလည်း ကြွားလို့ရပြီ။

လေးလေးသက်ကိုတော့ ပိုပြီးကြွားရတာပေါ့။

ဆရာမကြီးမှာ ရည်းစားရပြီလို့. . .

♦



## (၁၃)

သမီးကညာ၊ အခါမလင့်စေနဲ့ တဲ့။ ခုတော့ သမီးလေးက အလားအလာအများကြီးရှိတဲ့ ရုပ်ရှင်မင်းသားတစ်ယောက်ကို အရွယ်လွန်မီ အချိန်ကောင်းလေးမှာ ဆွဲစိလိုက်ပြီဆိုတော့ ဒေါ်ရွှေငုဝါတစ်ယောက် ပါးစပ်မအားရတော့ဘူးပေါ့။ တွေ့သမျှလူကို မုန့်ကျွေးပြီး ကြွားရလွန်းလို့လေ။

ဒီနေ့လည်း အိမ်မှာ မုန့်ဟင်းခါးတစ်အိုးချက်ပြီး သူ့ရဲ့ဆွေမျိုးတစ်အုပ်လုံးကို ဖိတ်မန္တကပြုကာ ကြွားပွဲကြီးကျင်းပပါတော့သည်။

လာတဲ့အမျိုးတွေက ယောကျ်ားဘက်က တစ်ယောက်မှမပါဘူး။ ငှက်ငါးထောင်ပဲ နားလို့ရတာဆိုတော့ အကုန်လုံး သူတို့ဘက်ကချည်းပဲ။ တူက မွေးတဲ့ ကလေးတွေရော၊ တူမ မွေးထားတဲ့ ခွေးတွေရော။ စုံပလုံနေသည်။

ဒေါ်ရွှေငုဝါရဲ့အသံက စာစာ စာစာနဲ့ညံလို့။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ . . ပိတောက် ထည့်စားလေ။ ဧည့်သည်လုပ်မနေနဲ့ . . ဒီမှာ နင်ကြိုက်တဲ့ ဘူးသီးကြော်နဲ့ အိုးဘဲဥ . . နင့်အိမ်ဦးနတ်ကြီး မပ ဘူးလား"

"သိတဲ့အတိုင်းပဲ မမရယ်၊ သူ့မှာ တစ်နေ့တစ်နေ့ appointment ယူတဲ့လူတွေ များလွန်းလို့ ပိတောက်လည်း သူနဲ့တွေ့ဖို့ appointment ယူရမလို ဖြစ်နေပြီ"

ဘွားရွှေဥက အမျိုးတွေစုံလို့ ပြုံးပြုံး ပြုံးပြုံးနဲ့ ပျော်နေသည်

"ညည်းတို့တွေနော် . . ငါ့သမက်မကောင်းကြောင်း ဘာတွေ ပြောနေကြတာလဲ"

ဒေါ်ရွှေငုဝါနဲ့ ဒေါ်ရွှေပိတောက် ညီအစ်မ နှစ်ယောက်က တစ်ယောက်ကို တစ်ယောက် မျက်စပစ်ကာ

"သိတင်းကျွတ်တုန်းက ဆယ်သိန်းကန်တော့ထားလို့ သမက် ကောင်းနေတာ မဟုတ်လား အမေ"

"ငါ့သမက် သုံးယောက်လုံး မကောင်းတာ တစ်ယောက် မရှိဘူးဟဲ့ . . ရှင်းပြီလား . . ဟော . . ငုဝါယောက်ျား ငါ့သမက်ကြီးလ လည်း သင်္ဘောပေါ်ကနေ တစ်မျိုးပြီးတစ်မျိုး ပို့ပေးနေတာ"

အမျိုးတွေက ဝိုင်းပြီး ဘွားရွှေဥက ကံကောင်းလိုက်တာ ပြောပေးကြသည်။





အဲဒါနဲ့ပဲ သမီးပေးလို့တော်ရတဲ့ သမက်ကနေ မြေးသမက် ရတော့မယ့်အကြောင်း တစ်ဆက်တည်း ကြော်ငြာဝင်ပါတော့သည်။

"ရွှေဥတို့ ကံကောင်းချက်ကတော့ မြေးသမက်ထိပဲဟော့ . . ခဏနေရင် ငါ့ရဲ့မြေးသမက် ချောချောလေး လာတော့မယ် . . အဲဒါ ငါတို့အမျိုးတွေနဲ့ မိတ်ဆက်ပေးမလို့ . . နင်တို့တွေကို လှမ်းခေါ်ထား တာ"

မုန့်ဟင်းခါးစားနေတဲ့ အမျိုးတွေက ဇွန်းတွေကို ပြန်ချထား ပြီး စပ်စုပါတော့သည်။

"အထင်ကရမေ ယောက်ျားယူတော့မှာလား"

"သူ့ကောင်လေးက ဘယ်ကလဲဟင်"

"ဘာအလုပ်လုပ်တာလဲ"

"ဘွားရွှေသမီးတွေတုန်းက အကုန်ဘောစိတွေနဲ့ရတာနော်၊ အခု မြေးမလေးရော အဲလိုပဲလား"

ရွှေငုဝါတို့ ဂွင်ထဲကို ဝင်လာပြီပေါ့။

"ဒါပေါ့အေ . . ငါ့သမီးက ဆရာမကြီးပဲ ဥစ္စာ . . အခု သူ့ ကောင်လေးက ရုပ်ရှင်မင်းသားသက္ကရာဇ်လေ၊ သိတယ် မဟုတ်လား"

"ဩော် . . သိတာပေါ့ . . မင်းသမီး ဝတ်ရည်ရွှေမှုန်နဲ့ ရိုက် ထားတဲ့ ရေကူးဝတ်စုံကြော်ငြာထဲက ကောင်လေးမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ပါ့တော်. . ဟုတ်ပါ့။ ဘယ့်နှယ်လဲ ချောတယ် မဟုတ်လား"

"ချောမှချောပေါ့. . အဲဒီကောင်လေးဆို ငါတို့လည်း ကြိုက်တယ်"

အထင်ကရမေက သက္ကရာဇ်လက်ကိုဆွဲပြီး ဝင်လာသည်။

"ဘွားရေ. . သမီးတို့လာပြီ၊ ဟယ်. . လူစုံတက်စုံပါပဲလား ကိုကို. . ဒါ အသည်းလေးတို့အမျိုးအကုန်ပဲ၊ မိတ်ဆက်ပေးမယ်နော်"

"ဟုတ်ကဲ့ခင်ဗျ. . တွေ့ရတာ ဝမ်းသာပါတယ်. . ကျွန်တော့်နာမည်က သက္ကရာဇ်ပါ၊ ရုပ်ရှင်နဲ့ဗီဒီယိုသရုပ်ဆောင်ပါ"

သက္ကရာဇ်က သူ့ကိုယ်သူ မိတ်ဆက်ရင်း တစ်ခါတည်း ကြော်ငြာတန်းဝင်သည်။ လေးလေးသက်က မတော်ရသေးသည့် တူတော်မောင်ကို လက်ဆွဲနှုတ်ဆက်ပြီး

"My name is မိုက်ကယ်သက်၊ ဆရာမကြီးရဲ့ဦးလေးတော်ပါတယ်"

သက္ကရာဇ်ကလည်း ဦးလေးဆိုတဲ့ အရှိန်အဝါနဲ့ပြားပြားဝပ်ပြီး -

"ဟုတ်ကဲ့ပါ အန်ကယ်. . ကျွန်တော့်ကိုလည်း ကိုယ့်တူလိုသားလို သဘောထားပြီး ဆုံးမပေးပါ"





"ဒါနဲ့. . နေစမ်းပါဦး. . ငါ့တူမ ဆရာမကြီးက နာမည်တွေဘာတွေ ပြောင်းသွားတာလားလို့ , ခုနကြားလိုက်ပါတယ် အသည်းလေးတဲ့. . ဟဲ့. . ဆရာမကြီး နင်နာမည်ပြောင်းရင် မုန့်လေးဘာလေး ကျွေးဦးလေ"

ဘွားရွှေဥက မိုက်ကယ်သက် လက်မောင်းကို တဖြန်းဖြန်းရိုက်ပြီး

"နင်ဟာလေ. . သူများချစ်သူတွေ ချစ်စနိုးနဲ့ခေါ်တဲ့ဥစ္စာ. . ဒါလေးတောင် မသိဘူးလား. . နေဦး. . ငါ့ကိုယ်ငါ မိတ်ဆက်ရဦးမယ်၊ အဘွားက ဒီအိမ်မှာ အသက်အကြီးဆုံး၊ ဒါပေမယ့် ရုပ်က အနုဆုံး. . နော်. . ဟုတ်တယ် မဟုတ်လား"

အားလုံးက မုန့်ဟင်းခါးတန်ခိုးနဲ့ ပိုင်းပြီး ထောက်ခံကြသည်။

"ဟုတ်တယ်. . ဟုတ်တယ်"

သက္ကရာဇ်ကပါ ဝင်ပြီးထောက်ခံပေးရသည်။

"အဘွား နုပျိုနေတာ ကျွန်တော် ဝင်လာကတည်းက တွေ့တယ်. . အသည်းလေး ပြောထားတဲ့ အသက်နဲ့ဆို တကယ်ကို မယုံချင်စရာကြီးပဲ"

ဘွားရွှေဥ ကျေနပ်သွားသည်။ အထင်ကရမေက သူမအမေနဲ့ ဆက်ပြီး မိတ်ဆက်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါက သည်းလေးအမေ ဒေါ်ရွှေငုဝါတဲ့"

"တွေ့ရတာ လှလိုက်တာ မာမီရယ်"

"ဟယ်. . ငါ့သမက်လောင်းလေးက ချစ်စရာကောင်းလိုက်တာ၊ ဟဲ့. . ပိတောက် ကြားတယ်နော်"

ဆယ့်ခြောက်နှစ်သမီးတွေလို ဖလန်း ဖလန်းထပြီး ညီမကပါ လှည့်ပြီး ကြွားရသေးသည်။ တစ်ဆွေလုံး၊ တစ်မျိုးလုံး သက္ကရာဇ်ကို ဝိုင်းပြီးချစ်နေကြသည်မို့ မင်းသားခမျာ နေရထိုင်ရ နည်းနည်းခက်လာပါသည်။

ဆရာမကြီးရဲ့နှစ်ဝမ်းကွဲညီမတွေဆို အသေကဲတာ။

"မျက်နှာလေးက အစက်အပြောက်တောင် မရှိဘူးနော်၊ နည်းနည်းလောက် ကိုင်ကြည့်မယ်နော်"

ကိုင်ကြည့်မယ်ဆိုလည်း ရိုးရိုးသားသားကိုင်တာ မဟုတ်၊ ပါးကို ပယ်ပယ်နယ်နယ်ကြီးကို ဆွဲလိမ်ပစ်တာ။ နာလည်း အမျိုးတွေ ဖြိုးဖြိုးဖြင်ဖြင်မှာစိုးလို့ အောင့်ခံနေရတဲ့ဘဝ။ အထင်ကရမေက အော်သည်

"ဟဲ့. . ဟဲ့. . ဖြည်းဖြည်းကိုင်ကြပါဟဲ့. . ငါ့ကိုကိုဟာက နူးလေး"

အထင်ကရမေရဲ့နှစ်ဝမ်းကွဲမောင်တွေက ဝိုင်းပြီးလှောင်ကြသည်။

ဆောင်းညဖြာသီစာပေ



"ဘယ်နေရာက နုနေတာလဲဟင်"

"သေနာလေးတွေ. . စကားပြောတာ မဗိုက်ရိုင်းနဲ့နော်. . သာ. . ကိုကို၊ သူတို့နဲ့စကားမပြောနဲ့တော့၊ ခြံထဲမှာ သည်းလေးတို့သွားစကားပြောမယ်လေ"

သက္ကရာဇ်က အထင်ကရမေ ဆွဲခေါ်ရာနောက်ကို လိုက်သွားရင်း -

"အားလုံးပဲ ခွင့်ပြုပါဦးနော်"

ဟု နှုတ်ဆက်သွားသေးသည်။ ဒေါ်ရွှေငုဝါရဲ့သမက်တော်နိုးမွှမ်းခန်း ပြန်စပါတော့သည်။

"ကောင်လေးက သိပ်ပြီး ရည်မွန်တာပဲနော်၊ ငုဝါတော့လေနေ့ကောင်းရက်သာရွေးပြီး အမြန်သာ ပေးစားလိုက်ချင်တော့တာပဲ၊ ဒါမှ ငါလည်း နေ့တိုင်း ရှုတင်လိုက်လို့ရမှာ"

ဒေါ်ရွှေငုဝါရဲ့ညီမဝမ်းကွဲ စံပယ်က

"ဟယ်. . ကောင်းလိုက်တာ မမရယ်၊ စံပယ်တို့လည်း လိုက်ယ်လေ. . မကောင်းဘူးလား၊ ရှုတင်ထမင်း စားဖူးသည်ရှိအောင်"

ဟု ပြောသည်။ ဒေါ်ရွှေပိတောက်က သူမရဲ့တူမလိုတစ်မျိုး၊ သမီးလိုတစ်သွယ် ချစ်ရတဲ့ အထင်ကရမေလေးအတွက် စီမံကိန်းတွေ ချပြီး ဆွဲပါလေသည်။

ဆောင်းညဖြာသီစာပေ

www.burmeseclassic.com

www.burmeseclassic.com



"မမ . . ကိုကြီးဖေသက်အောင်ကို အမြန်ပြန်ခေါ် လိုက်တော့လေ . . တူမလေးက ပိတောက်တို့ညီအစ်မတွေ မှန်းလို့မမီခဲ့တဲ့ အနုပညာရှင်တစ်ယောက်ကို ဖူးစာဖက်အဖြစ် ရှာထားပြီးပြီပဲ . . သူတို့မင်္ဂလာပွဲကို အကြီးကျယ်ဆုံးဖြစ်အောင် လုပ်ပေးရမယ် . . ဟုတ်တယ်မဟုတ်လား၊ ဒါမှ တို့အမျိုးတွေအားလုံး နွဲလို့ရမှာပေါ့"

"ဟုတ်တယ် . . ဟုတ်တယ် . . ဟန်းနီးမွန်းထွက်ရင် အမျိုးတွေအားလုံးကို ခေါ် သွားခိုင်းရမယ်"

အမျိုးတစ်အုပ်လုံးက သဘောတော်ကျတယ်ဆိုတော့ ဆရာမကြီးတို့ ဘဝင်ကျပြီး . . စင်ပေါ် ကနေ အပြုံးနဲ့ပြုံးနိုင်ပြီပေါ့။

♦

ဆောင်းညပြာသိုစာပေ

(၁၄)

သူ့သား ညှောက်တောက်လေး ရည်းစားရသွားပြီတဲ့။

ကောင်မလေးဘက်က အလွန်အလွန်ချမ်းသာတဲ့အကြောင်း ကောက်ရတို့ပြောပြလို့ ဒေါ် ပေါက်စီမှာ တစ်ရွာလုံးလှည့်ပတ်ပြီး ကြွားရတာ အမောပါ။

အခုဆို သားက နာမည်လည်း အသင့်အတင့်ရနေပြီ။ သူ့ဝင်ငွေလေးနဲ့ သူ တစ်ခါတလေဆို နယ်မှာ သီချင်းသွားဆိုရင်းနဲ့ အမေ့ဆီ ဝင် ဝင်လာပြီး ကန်တော့သွားတတ်သည်။ သားနဲ့ပတ်သက်ပြီး စိတ်အေးလက်အေးဖြစ်နေတဲ့ ဒေါ် ပေါက်စီခမျာ သားဆီက ဖုန်းလည်း လာပြီးရော သွေးကျဆေးတွေ သောက်ရပါလေရော။ သွေးတိုးဘာလည်း မပြောနဲ့လေ။ သားတော်မောင်သက္ကရာဇ်က -

"အမေ သားကို ရှုတင်စရိတ် သိန်းတစ်ရာလောက် ထုတ်ပေးပါဦး" ဆိုပဲ။

ဆောင်းညပြာသိုစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ပေါက်စီနားထဲကို မိုးကြိုးအလုံးလိုက် ပစ်ထည့်လိုက်သလိုပဲ။

"အမယ်လေး ညှောက်တောက်ရယ်၊ အရှေ့မှာ ရိုက်ထားတဲ့ကားတွေ ငွေပြန်မရဘူးလား. . အမေ့မှာလည်း ရောင်းစရာ လယ်မရှိတော့ပါဘူး သားရယ်. . ငါ့ရဲ့ ရှိစုမဲ့စုလယ်ကွက်လေး ရောင်းပြန်ရင်လည်း နင့်အဖေနဲ့ ငါ ကျိုင်တက်ရဦးမှာ"

"အမေရယ်၊ ရှေ့က ကားတွေ မထုတ်သေးတာ အကြောင်းရှိလို့ဗျ. . အခုရိုက်မဲ့ကားက မင်းသမီးကို ပရိသတ်တွေ ပိုကြိုက်လို့ ဒီကားလေး ထုတ်ပြီးမှ ရှေ့က ကားတွေထုတ်မလားလို့. . နောက်ပြီးတော့ သားကောင်မလေးရဲ့အမျိုးတွေက သားရှုတင်ကို လိုက်ကြည့်ချင်နေကြတာ. . သူတို့ရှေ့မှာ ကောင်းကောင်းလေး ရိုက်ပြချင်လို့ပါ အမေရယ် နော်. . အမေ့ချွေးမလေးက ရေလည် ဘောစိနော်"

ဒေါ်ပေါက်စီလည်း မစားရ အညှော်ခံ လာကြွားပြနေလို့ စိတ်တွေ တိုလာပြီး

"ဒါဆိုရင်လည်း. . နင့်ကောင်မလေးဆီက ချေးပြီးရိုက်ပေါ့ဟယ်"

"အမေက မပိုက်ဘူးဗျာ. . ယူတောင် မယူရသေးဘူး၊ ကောင်မလေးရှေ့မှာ ကိုယ့်သား သိက္ခာကျအောင်လို့. . ဟိုလေ. . အမေ့ဆီ





မှာ မရှိရင် အဘိုးဆီက ခဏလှည့်ပေးပါလား၊ အမေက အဘိုးကို အတိုးပေးလိုက်ပေါ့"

အဘိုးဆိုတာ ဒေါ်ပေါက်စီရဲ့အဖေ ဦးစုံလင့်ကိုပြောတာပါ။ အသက်ခုနစ်ဆယ်ကျော်ပေမယ့် ငွေတိုးချေးစားတုန်း။

ဒေါ်ပေါက်စီက သက်ပြင်းကို အရှည်ကြီးချရင်း

"ဘယ်နှလ ယူမှာလဲ"

"အလွန်ဆုံး ငါးလပေါ့ အမေရယ်. . ဒီထက်ပိုမြန်ရင်လည်း မြန်မှာပေါ့"

"အေးလေ. . နင့်အဘိုးကိုပဲ မေးကြည့်ရမှာပေါ့"

"အဟီး. . အဲဒါကြောင့် အမေ့ကိုချစ်ရတာ၊ ရရင် အမြန်ဆုံး လွှဲပေးလိုက်နော် အမေ"

"အေး. . အေး. . ဒါပဲ မဟုတ်လား"

"Thank you အမေ. . ကျေးဇူး အမေ၊ ရှဲ့ရှဲ့ အမေ"

ဘာသာစကားမျိုးစုံဖြင့် ကျေးဇူးတင်ပြီးသကာလ ဒေါ်ပေါက်စီက -

"ဩော်. . အရှုလေးရဲ့ ဖုန်းချပါတော့၊ တော်ကြာ ဖုန်းကတ်ဘိုး တစ်ခါထပ်ပေးနေရဦးမယ်"

♦



www.burmeseclassic.com

www.burmeseclassic.com



ဒါရိုက်တာတွေ ရိုက်ကူးမှုအများဆုံးနေရာဖြစ်တဲ့ မျှော်စ
ကျွန်းထဲမှာ ဒီနေ့ ရှုတင်တည်ထားသည်။

အရင်ရိုက်ဖူးတဲ့ရှုတင်တွေမှာ လူအများဆုံးဆိုလို့ လေး-င
ဆယ်ထက် မပိုဖူးပါ။ ဒီနေ့ ရှုတင်မှာတော့ လူတစ်ရာကျော်နေသည
မို့ ရှုတင်မန်နေဂျာ ကျိုက္ကော်ထော်ထော်ခများ တော်တော်ဦးနှောက
ခြောက်နေရသည်။ ထုတ်ပေးထားတဲ့ ရှုတင် စရိတ်နဲ့လောက်ပါ့မလား

မင်းသားကတော့ မတော်ရသေးတဲ့အမျိုးတွေ တစ်အုပ်ကြ
နဲ့ လေပေးဖြောင့်လို့၊ ပျော်လို့ရွှင်လို့။

သက္ကရာဇ်က တောရိုးနဲ့ကောက်ရကို အလိုက်မသိလို့ ဆူ
သည်။

"မင်းတို့ကွာ. . ဒီမှာ ကိုယ့်အဘွားအရွယ်ကြီးက မတ်တင
ရပ်ပြီးကြည့်နေရတာ. . ခုံလေးဘာလေး ယူပေးလေကွာ"

ဒါရိုက်တာ သူကြီးလျှိုက အထင်ကရမေကို မြင်တာနဲ့ အလု
လုပ်ချင်စိတ်တွေ လျော့ကုန်သည်။ ဒီမိန်းမကို ကွယ်ရာမှာ နာမည်ပေ
ထားကြသည်၊ ဆရာမကြီးမှ တကယ့်ဆရာမကြီး။

သက္ကရာဇ်ဆိုတဲ့ သူ့တပည့်ကျော်ကတော့ ဒုက္ခလှလှကြီး တွေ
ပေဦးမည်။ သူကြီးလျှိုက ထုံးစံအတိုင်း ပါးစပ်မှာ လော်တပ်ပြီးအော
သည်။





"ဟော့ကောင်. . သက္ကရာဇ်၊ ဒီနေ့အဖို့ ရိုက်ဖြစ်ဦးမှာလား"

အထင်ကရမေက ဒါရိုက်တာကြီးကို အားကျမခံ အဆင်သင့်
ယူလာတဲ့ လော်နဲ့ပြန်အော်သည်။

"ရိုက်ဖြစ်လို့ ရှုတင်လာတာပေါ့ ဒါရိုက်တာကြီးရဲ့"

အမယ်. . ဒင်းကများ ငါ့ကို လော်နဲ့ပြန်အော်တယ်။ King
of the Setဆိုတဲ့ဒါရိုက်တာရာထူးတွေ ဘယ်ရောက်ကုန်ပြီလဲ။ ပြော
ပြန်ရင်လည်း မိန်းမတစ်ယောက်နဲ့ ရှုတင်မှာ အော်ကြီးဟစ်ကျယ်သတ်
တယ်ဆိုပြီး အင်တာနက်မှာ ပါလာဦးမယ်။ စိတ်ထဲမှာ တစ်ယောက်
တည်း ခံပြင်းနေတုန်း ဘွားရွှေဥက -

"ဟဲ့. . ဟိုဒါရိုက်တာ ခဏလာဦး"

ဆိုပြီး လှမ်းခေါ်သည်။ ဒါရိုက်တာကိုခေါ်တာလား၊ မုန့်သည်
ကို ခေါ်တာလားတော့ မသိဘူး။ လေသံက ခပ်ရင့်ရင့်ပဲ။

ကိုယ့်ထက် အသက်ကြီးတော့လည်း ရိုသေသမှုနဲ့သွားရတာ
ပေါ့။

"ဘာလုပ်မလို့လဲ အဘွား"

"ငါ့ရွှေမှာ ငါ့ရဲ့မြေးသမက်လေးကို ကောင်းကောင်းမွှန်မွှန်
ဆက်ဆံပါကွယ်. . ဖရှုသဝါစာတွေ ပြောရင်. . ကိုယ်စောင့်နတ်တွေ
မကြိုက်ဘူး မဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါခင်ဗျာ • • ဟုတ်ကဲ့ပါ၊ ကျွန်တော့်ပါးစပ်မှာ သကာ ရည်လောင်းပြီး ချိုချိုသာသာနဲ့ ဆက်ဆံပါ့မယ်"

အမယ်လေး • • တစ်မျိုးလုံးတစ်ဆွေလုံး ဆရာမကြီးတွေပ လား။ အဘွားဆရာမကြီး ပြီးတော့ အမေဆရာမကြီးက တစ်စခန်းထ လာသည်။

"ဒီနေ့ရိုက်မယ့် ဇာတ်ညွှန်း ကျွန်မ ဖတ်ပြီးသွားပြီ၊ ကျွန် သမက်လောင်းလေးကို ဆင်းရဲသားကား ပေးမရိုက်ပါနဲ့၊ အကျီမပ ဘာမပါနဲ့ရှင်"

ဒါရိုက်တာကြီး ကြောင်သွားသည်။

"ဗျာ • • အဲဒီအခန်းတွေ မပါပါဘူး • • ဆင်ဆာကလည်း ခွ မပြုဘူးလေ၊ ကျွန်တော့်တစ်သက်မှာ မအေနဲ့သား၊ မောင်နဲ့နှမ ကြည် ဖို့ မသင့်တော်တဲ့ကားမျိုး တစ်ခါမှမရိုက်ဖူးဘူးဗျ"

"ဒါကို ပြောတာ မဟုတ်ဘူး • • ရှင်က တစ်မျိုး၊ ကိုယ်ဝါသန ပါရာကို ကိုယ်ဆွဲပြီး တွေးတော့တာပဲ၊ ကျွန်မပြောချင်တာက မင်းသာ ကို အကျီအလန်းလေးတွေ ဝတ်စေချင်တာ • • သူဌေးသားလို အခန် မျိုးပေါ့ • • ခုတော့ရှင် မင်းသားက အကျီ မပါ ဗလာကျင်းပြီး ပုဆိ တစ်ထည်တည်းနဲ့ ရေခပ်ရတယ်ဆို • • ကောင်မလေးတွေ ဘယ်ကြိုက် ပါ့မလဲ"





"ဟာ • • ကြိုက်တာပေါ့ဗျာ • • ဘာလို့မကြိုက်ရမှာလဲ၊ ကောင် မလေးတွေက ဒါမျိုးမှကြိုက်တာ၊ မင်းသားက ဗလာကျင်းလေ • • သူ တို့က စိတ်ကူးတွေယဉ်ပြီး ရင်ခုန်လေပဲ"

"ဟင့်အင်း • • ရင်မခုန်စေနဲ့၊ ကိုကို့ကို ကျွန်မကလွဲပြီး ဘယ် သူမှ ရင်မခုန်စေရဘူး"

အထင်ကရမေက ပြတ်ပြတ်သားသား ရာဇသံပေးလာသည်။ ဒါရိုက်တာလည်း အနုပညာကြေးငွေမယူဘဲ ထွက်ပြေးချင်စိတ်ပေါက် လာသည်။

မြန်မြန်ရိုက်ပြီး ရှုတင်မြန်မြန်ပြီးမှ နားအေးမည်မို့ အမြန်ဆုံး နည်းနဲ့ ပန်းကန်လုံးစီးပြီး ရိုက်ပါတော့သည်။ သက္ကရာဇ်လည်း အဆင် သင့်ဖြစ်ပြီမို့ -

"ရယ်ဒီ • • ဗိုက် • • ဖိုး • • သရီး • • တူး • • ဝမ်း • • အက်ရှင်"

မင်းသမီး နယူးခင်ခင်က သက္ကရာဇ်ကို ပါးဆွဲချသည်။

"ဖြန်း • • တစ်ပြိုင်တည်း ငါးရံ့နှစ်ကောင်ဖမ်းချင်ဦး၊ ရှင့်လို မနုဿဗီဟ ဖင်နှစ်ခွနဲ့လူမျိုးက ကျွန်မလက်ဝါးနဲ့ပဲ တန်တယ်"

"မင်း ထင်ရာတွေ စွတ်မပြောနဲ့မေ၊ ငါ့မှာလည်း လူမှုရေး ဆိုတာ ရှိတယ် • • ပတ်ဝန်းကျင်ရှိတယ် • • မင်းအထင်လွဲမှာစိုးတာနဲ့ပဲ ရှိရှိသမျှ မိန်းမတွေနဲ့ မပတ်သက်ရတော့ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



မင်းသားက ဒီနေ့ကျတော့ သရုပ်ဆောင်တာ mood တွေ စင်ပြီး အရမ်း . . အရမ်းကို ကောင်းနေသည်။ အမျိုးတွေရှေ့မှာ ဆို တော့ အသေလုပ်ပြနေတာ။ ခံဘက်ကဆိုပေမယ့် ပြန်ချေတာတွေက လုံးဝအသက်ဝင်နေသည်။

အသက်ဝင်လွန်းတော့လည်း ဘေးနားက ကြည့်နေတဲ့အမျိုး တစ်အုပ်က ပဒ္ဒအုံကို တုတ်နဲ့ထိုးသလို ကြွလာပါလေရော။ အသံတွေ မျိုးစုံထွက်လာလို့ မနည်းတောင်းပန်ယူရသည်။

"ကဒ် . . ဘေးနားက လူတွေ ငြိမ်ငြိမ်နေပေးကြပါ၊ စကား မပြောပါနဲ့"

အရေးထဲ ဒါရိုက်တာကြည့်မယ့် monitor ရှေ့မှာ ကလေး တွေ တန်းစီပြီး ကြည့်နေကြလို့ ဒါရိုက်တာမှာ အပေါက်ပျောက်နေ သည်။

"ဟဲ့ . . ကလေးတွေ . . အရှေ့က ဖယ်ဦးလေ . . ဒါ . . ဦးဦး ကြည့်ရမယ့် အပေါက်ကွ"

"ဟီး . . ဟီး . . မင်းသမီးက အတွင်းခံလည်း မပါဘူး၊ အင် ကလည်း ပါးပါးလေး . . အားလုံးပေါ်နေတယ်"

အမယ်လေး . . အမယ်လေး . . အဲဒါ ကလေးပြောရမယ့် စကားလား။





"ဟော့ကောင်လေး . . မင်း ဘာတွေလျှောက်ပြောနေတာလဲ ကွ . . ဒါ ကလေးပြောရမယ့်စကား မဟုတ်ဘူး"

"သိပါတယ် . . ဦးဦးက အနီးကပ်ဆိုတော့ ကြည့်လို့ကောင်း နေတယ် မဟုတ်လား . . နှာဘူးကြီး"

ပြောကာမှ ပိုဆိုးလာသည်။ တစ်သက်လုံးထိန်းသိမ်းလာတဲ့ သိက္ခာတွေ သူတို့နဲ့ကျမှ နှာဘူးကြီးလုံးလုံးဖြစ်လို့။

"ကဲ-မင်းတို့ ဒီအပေါက်ရှေ့က ဖယ်မှာလား မဖယ်ဘူးလား"

"မဖယ်ဘူး . . ဒီနေရာက အားလုံးကိုမြင်ရတယ်၊ ဘာလို့ဖယ် ရမှာလဲ"

နဂိုကမှ ဒေါသကြီးတဲ့ ဒါရိုက်တာကြီးက အရှဲ့တိုက်ပြီး

"အေး . . မဖယ်ရင်လည်း ပြီးရောကွာ၊ ငါလည်း မကြည့်ဘဲ ရိုက်ရုံပဲ"

အလိုက်ကမ်းဆိုးလည်း နည်းနည်းမှမသိတဲ့ အစားတွေ။ လူ ကြီးတောင်မှ ပြောလို့မရတာ၊ ကလေးဆို ပိုဆိုးပြီပေါ့။ အဲဒီအချိန်က စပြီး ဒါရိုက်တာကြီးလည်း ရိုက်ချင်တာရိုက်တော့တာပဲ။ မင်းသားက ကားတိုက်ခံရတဲ့အခန်းရိုက်တော့ -

"ဆရာ . . ကျွန်တော် ဘယ်လိုလဲရမလဲ . . ပက်လက်လား . . မှောက်ရက်လား"



www.burmeseclassic.com

www.burmeseclassic.com



လို့ သက္ကရာဇ်က မေးတော့ ဒါရိုက်တာကြီးက

"စန့်စန့်ကြီး တန်းပြီးသေလိုက်တော့ကွာ"

"ဗျာ"

"မဗျာနဲ့ဟေ့ကောင်၊ မြန်မြန်သေရင် မြန်မြန်ပြီးမှာ"

တစ်ဖက်မှာ ဒါရိုက်တာကြီး ဒေါပွနေပြီဆိုတာ သိပေမယ့် တစ်ဖက်မှာကျတော့ ကိုယ့်ကောင်မလေးရဲ့အမျိုးတွေမို့ အားနာစရာ မျက်နှာနာစရာတွေဖြစ်နေရသည်။

ဒီလိုနဲ့ ထမင်းစားချိန်ရောက်တော့ နောက်ထပ် ကားနှစ်စီး ထပ်ရောက်လာသည်။

ဒီတစ်ခါရောက်လာတဲ့လူတွေက အထင်ကရမေရဲ့သူငယ် ချင်းတွေ ဖြစ်နေသည်။

"ဆရာမကြီးရေ. . ငါတို့လာပြီနော်. . ရှုတင်ထမင်း စားလို့ ရပြီလား"

ကျိုက္ကော်ထော်ထော်ခမျာ မျက်လုံးပြူးရုံတင်မကဘူး။ မျက် ဆံတွေပါ လည်ချင်လာသည်။ သက္ကရာဇ်ဆီကို ပြေးပြီး သတင်းပို့ သည်။

"သက္ကရာဇ်ရေ. . ထမင်းစားမယ့်လူတွေက များလှချည်လား ကွ၊ ယူလာတဲ့ ထမင်းနဲ့ လောက်ပါ့မလား မသိဘူး"





သက္ကရာဇ်လည်း ခေါင်းမွေးတွေထောင်လာသလား အောက် မေ့ရသည်။

"ကျွန်တော်လည်း လူတွေ အဲဒီလောက်အများကြီးလာမယ် မထင်ဘူးလေ"

"အေး. . မင်းကောင်မလေးက လျှောက်လျှောက် ခေါ်နေ တာကိုး. . ဒါက အရေးမကြီးဘူး. . မင်းပေးထားတဲ့ ရှုတင်စရိတ်က သနေကျရင် daily တွေ ရှင်းပေးရဦးမယ်၊ ပြီးသွားတဲ့ actor တွေ ရှင်းပေးရဦးမယ်"

ဒိတ်ဒိတ်ကြဲမင်းသမီးနဲ့တွဲချင်လို့ ကျန်တဲ့စရိတ်တွေ ချွေတာ ပြီး ရိုက်နေရပါတယ်ဆိုမှ အားပေးသန်တဲ့အမျိုးတွေနဲ့တွေ့နေရပြီ။

"ကိုကို"

"ဗျာ"

"ဒီမှာ သည်းလေးအမျိုးတွေရော၊ သူငယ်ချင်းတွေပါ စုံပြီ. . ထမင်းစားရအောင်လေ"

သက္ကရာဇ် တကယ့်ကို အကြွမ်းရိုက်သွားသည်။

"စားရမှာပေါ့ သည်းလေးရယ်. . သွားဧည့်ခံထားလိုက်ဦး နော်. . ကိုကို လာခဲ့မယ်"

အထင်ကရမေ ထွက်သွားတော့ သက္ကရာဇ်က သူ့လက်မှာ



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတဲ့ လက်စွပ်လေးကို ချွတ်ပေးပြီး -

"ရှေ့ဗျာ . . ဒါလေးဖော့လိုက်တော့၊ နှစ်သိန်းလောက်တော့ ရမယ်ထင်တယ် . . အဆင်ပြေအောင် ကြည့်လုပ်ပေးလိုက်ပါဗျာ"

အစ်ကိုညှောက်တောက်ကိုကြည့်ပြီး တောရုံ စိတ်မကောင်း လိုက်တာ . . သူ့ခံမှာ မြို့တက်လာပြီး အောင်မြင်ချင့်လွန်းလို့ အခက် အခဲတွေ၊ ဒုက္ခတွေမျိုးစုံ ကျောကော့အောင်ခံပြီး ကြိုးစားလိုက်ရတာ။ တောရုံနဲ့ကောက်ရက အထင်ကရမေကို သိပ်ပြီး ကြည့်လို့မရချင်။

မင်းသားကတော့ ဟန်ကိုယ့်ဖို့ဆိုတာ ရှိသေးတာမို့ တပည့် တွေကို ထမင်းပြင်ခိုင်းလေသည်။

စားမယ့်သောက်မယ့်လူတွေက အားလုံး အယောက် ခုနစ် ဆယ်ကျော်သည်။ တောရုံက တောသားပီပီ စိတ်ထဲ သိမ်းမထားတတ် သူမို့ အထင်ကရမေကို ပြောဖြစ်အောင် သွားပြောလေသည်။

"အစ်မတို့လုပ်တာနဲ့ ကျွန်တော့်ဆရာတော့ လက်စွပ်တောင် ချွတ်ပြီး ရောင်းလိုက်ရပြီ"

"ဟဲ့ . . တောရုံ နင် ဘာစကားပြောတာလဲ . . ကိုကိုက ဘာ လို့ လက်စွပ်ချွတ်ရောင်းရမှာလဲ"

"ဘာဖြစ်ရမလဲ . . ဆရာ့မှာ ပိုက်ဆံမှမရှိတာ . . ဗီဒီယိုတစ် ကားရိုက်တော့မယ်ဆို သူ့အမေဆီက ပိုက်ဆံလှမ်းလှမ်းတောင်းရတာ





သူ့အမေမှာလည်း လယ်ကွက်တွေ တစ်ကွက်ပြီး တစ်ကွက် ရောင်း နေရတာ ကုန်သလောက်တောင် ဖြစ်နေပြီ . . အစ်မဗျာ . . ဆရာ့ကို ချစ်တယ်ဆိုရင် ဆရာနစ်နာအောင် မလုပ်သင့်ဘူး"

တောရုံရဲ့ တုတ်ထိုးအိုးပေါက်အပြောက အထင်ကရမေရဲ့ ရင်ဝကို ဆောင့်ကန်ခံရသလို နင့်စေသည်။

အားလုံး တပျော်တပါးကြီး စားလို့သောက်လို့ ကောင်းနေ တဲ့အချိန်မှာ ထမင်းပန်းကန်ကြီးကိုင်ပြီး ဆရာမကြီးတို့ ငိုင်လေပြီ။

ဘွားရွှေဥက -

"ဟဲ့ . . ဆရာမကြီး စားလေ၊ငါးကြင်းပေါင်းလေးက ကောင်း ကောင်းဟယ်"

လေးလေးသက်ကလည်း ထမင်းတွေ တစ်ပန်းကန်ပြီး တစ် ပန်းကန် ထပ်ထည့်နေသည်။ သူတို့တွေ စားကောင်းနေလေ . . အထင် ကရမေမျက်လုံးထဲမှာ ကိုကို့လက်စွပ်လေးကို ပြေးပြီး မြင်လေဖြစ်နေ သည်။ အထင်ကရမေရဲ့ပန်းကန်ထဲကို သတ္တရာဇ်က ဟင်းတွေ ပုံနေ အောင် ခပ်ထည့်ပေးထားသည်။

"သည်းလေး . . စားလေ . . ဘာဖြစ်လို့လဲ နေမကောင်းဘူး လား၊ တစ်ဇွန်းမှ မစားသေးဘူး"

လူတွေရှေ့မှာ ကိုကိုက သူမနဖူးလေးကို စမ်းပြီး စိတ်ပူနေ



www.burmeseclassic.com

www.burmeseclassic.com



တော့ ပိုပြီး ဝမ်းနည်းလာသည်။ ကိုကို့လက်ကို လှမ်းကြည့်တော့ ပိုပြီး စိတ်မကောင်းဖြစ်လာသည်မို့ အထင်ကရမေက ထိုင်နေရာမှ ထမင်းပန်းကန်ကိုချထားခဲ့ပြီး ထွက်လာခဲ့သည်။

သက္ကရာဇ်မှာတော့ ချစ်သူနောက် လိုက်သွားရမလား။ သူမ အမျိုးတွေနဲ့ပဲ နေခဲ့ရမလား။ ဝေခွဲမရဖြစ်နေစဉ် ကလေးတွေ ဟင်းလုစားပြီး ရန်ဖြစ်နေကြသည်။

"ငါ့ဝက်သားတုံးကြီး ပြန်ပေး"

"ဟီး. . မီးမီး အသည်းအမြစ်တွေ ယူသွားပြီ"

"ဟေ့ကောင်. . . လက်ဖက်ပန်းကန်က ဖွန်းလေးဘာလေး အောက်ချပါဦး"

သက္ကရာဇ်က လူကြီးတွေကိုနှုတ်ဆက်ပြီး တောရုံနဲ့ကောက်ရကို အားလုံး အဆင်ပြေအောင်လုပ်ပေးထားဖို့မှာခဲ့ကာ အထင်ကရမေနောက်ကို ပြေးလိုက်သွားလေသည်။

ဒါကိုကြည့်ပြီး အမေဖြစ်သူ ဒေါ်ရွှေငုဝါက

"အမယ်လေး. . လေး. . ကြည့်စမ်းပါဦးကွယ်၊ သမီးလေး တစ်ချက်မျက်နှာညိုတာနဲ့ သူ့မှာ ဖြစ်ပျက်နေလိုက်တာ၊ ငါ့သမီးလေး ကံကောင်းပါတယ်ကွယ်. . ငါ့သမက်လောင်းလေး ကြင်နာတတ်ပုံနဲ့ ငါတောင် ကိုဖေသက်အောင်ကြီးကို လွမ်းလာပြီ"





ဘွားရွှေဥက

"ညည်းက လွမ်းတယ် လွမ်းတယ်နဲ့ ပါးစပ်ကပဲ ပြောနေတာပါအေ. . ဟိုက ပြန်လာချင်ပါတယ်ပြောတာတောင်မှ မောင်ရယ်. . နောက်တစ်နှစ်လောက် ဆက်နေလိုက်ပါဦး. . ဒါမှ ငုဝါတို့သားအမိ မျက်နှာမငယ်ရမှာဆို"

"အဟီ"

"ခွိ. . ခွိ"

သူတို့သားအမိရဲ့စကားစစ်ထိုးပွဲကို အမျိုးတွေက ဝိုင်းပြီးရယ်ကြသည်။

"အဲဒါ သူ့ရဲ့လက်သုံးစကားပဲ. . အလကား. . လင်ထက် ဒေါ်လာကို ပိုချစ်တဲ့မိန်းမ. . အကြောင်းမသိတဲ့လူတွေပဲ နှီးလို့ရမယ် ငါက နင့်ကို မွေးထားတာနော်"

ဘွားရွှေဥက ဖော်ကောင်လုပ်တော့ မိုက်ကယ်သက်က

"အမေရယ်. . သားညီမကြီး ပြောတာ မှန်ပါတယ်. . သူ့ယောက်ျား ကျွန်တော့်ယောက်ဖကြီးက ဒေါ်လာတွေ များများရှာမှ ကျွန်တော် မုန့်ဖိုးများများရမှာပေါ့"

လို့ဝင်ပြီးပြောတော့ အမျိုးတွေက ရယ်ကြပြန်သည်။

♦



www.burmeseclassic.com

www.burmeseclassic.com

## (၁၅)

အထင်ကရမေက သစ်ပင်တစ်ပင်ရဲ့အောက်မှာ ဒူးပေါ် ခေါင်းတင်ပြီး ငိုင်နေသည်။ စိတ်မကောင်းလွန်းလို့ မျက်လုံးမှာလည်း မျက်ရည်တွေ ဝဲလို့။ သက္ကရာဇ် ဗျာဗျာသလဲဖြစ်သွားပြီး -

"သည်းလေး. . ဘာဖြစ်တာလဲ၊ ဘာလို့ ငိုနေတာလဲဟင်. . ကိုကို့ကို စိတ်ကောက်နေတာလား. . ကိုကို တာဝန်မကျေတာ ရှိရင်လည်း တောင်းပန်ပါတယ်နော်. . ကိုကို့မှာက ရှုတင်တစ်ဖက်နဲ့ပဲ တော့. ."

သက္ကရာဇ်စကားမဆုံးခင် အထင်ကရမေက သက္ကရာဇ်ပါးပြင်ကို သူမလက်ဖဝါးနုနုလေးနဲ့ လှမ်းပြီး ပိတ်သည်။

"တာဝန်ကျေလွန်းလို့ ကိုကို့မှာ လက်စွပ်တောင် မရှိတော့ဘူး မဟုတ်လား. . ဟင့်. . ဟင့်"

*ဆောင်းညပြာ သိုစာပေ*



ပြောရင်းနဲ့ တစ်ခါ ဝမ်းနည်းပြီး ငိုပြန်သည်။ ငိုရင်းနဲ့ဆက်ပြီး ပြောပြန်သည်။

"သည်းလေးကိုက အလိုက်ကမ်းဆိုးမသိတာပါ တိုကိုရယ် . . အဘွားနဲ့ အမေက လိုက်ကြည့်ချင်တယ်ပြောလို့ ခေါ် ရင်းနဲ့ သူတို့က အမျိုးတွေပါ ထပ်ခေါ်တော့ လူတွေအများကြီးဖြစ်ကုန်တာ"

သက္ကရာဇ်က အထင်ကရမေရဲ့ ဆံပင်လေးကို တယုတယ ပွတ်ပေးပြီး

"တစ်ခါတလေပဲ သည်းလေးရာ၊ ကိုကိုနားလည်ပြီးသား. . ဘာမှစိတ်ထဲမထားနဲ့နော်"

"ကိုကို အရမ်းပင်ပန်းနေမှာပဲနော်. . သည်းလေး ဘာလုပ်ပေးရမလဲ ပြောလေ"

"သည်းလေးက ကိုကို့ဘေးနားမှာရှိနေပေးရင် ရပြီ"

"ကိုကိုရယ်"

အထင်ကရမေ ဆိုတဲ့ မိန်းမဟာ တစ်သက်လုံး လူတကာ အပေါ် ဆရာ လုပ်လာခဲ့တာ. . သက္ကရာဇ်နဲ့ကျမှ ကိုယ်ချင်းစာစိတ်လေး စပြီး ထားတတ်လာသည်။ စာနာတတ်လာသည်။ သနားတတ်လာသည်။ ဒါတွေအားလုံးရဲ့ ဖြစ်ဖျားခံရာဟာ အချစ်ပဲ ဖြစ်ပေလိမ့်မည်။

*ဆောင်းညပြာ သိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



အချစ်ဆိုတဲ့အရာဟာ ဆရာမကြီးရဲ့စိတ်ကို ဆန့်ကျင်ဘက်ဖြစ်အောင် ပြောင်းလဲပေးနိုင်ခဲ့ပြီ။

အထင်ကရမေဟာ အမျိုးတွေ အားလုံးကို ရှုတင် မပြီးခင်အပြီး ပ,ထုတ်လာခဲ့သည်။

ကိုကို့ကို အနှောင့်အယှက်မဖြစ်စေချင်တော့ပါ။

♦





အထင်ကရမေရဲ့ပြောင်းလဲချက်က တော်ရုံလူ လိုက်လို့မမီဘူးဟုပြောရလိမ့်မည်။ အိမ်မှာလည်း အပိုးတွေကျိုးလို့၊ ကျိုးလွှန်းလို့လည်း အိမ်က လူတွေ အကုန်ပျင်းကုန်ကြပြီ။ လေးလေးသက်ကဆိုဆရာမကြီး ငြိမ်ဝပ်ပိပြားနေလို့တဲ့ . .

"အထင်ကရမေရယ် . . ငါ့တူမကြီး ခုလိုငြိမ်ငြိမ်သက်သက်နဲ့ အလုပ်တွေ သိမ်းကြုံးပြီးလုပ်နေတာ လေးလေးသက် ပျင်းလာပြီ . . ခါတိုင်းလိုပဲ ဟောင်ဖွာ ဟောင်ဖွာနဲ့ စွာတာ စွာတာလေး နေစမ်းပါ ဆရာမကြီးရယ်"

ဆိုပြီး ပြောယူရတဲ့အထိ။ ဘွားရွှေဥက တစ်မျိုး။

"တစ်နေကုန်နေလို့ ငါ့မြေးလေးအသံ တစ်ချက်မထွက်တာ အံ့သြလွန်းလို့ပါတော် . . ဆရာမကြီး အိမ်မှာမှ ရှိရဲ့လားလို့ ကောင်မလေးတွေ ကြည့်ခိုင်းယူရတယ်"

ကြည့်ခိုင်းလိုက်တိုင်းလည်း ဆရာမကြီးဟာ မီးဖိုချောင်ထဲမှာ ဟင်းချက်သင်ရင်သင်၊ မသင်ရင် မီးပူအတိုက်ကျင့်နေသတဲ့။"

လင်ယူသားမွေးလုပ်ဖို့ ဝမ်းစာတွေဖြည့်နေတဲ့ သမီးကို ဒေါ်ရွှေငုဝါက အငေါ်တူးတော့တာပေါ့။ ဆရာမကြီး အဝတ်တွေ လျှော်နေတာတွေ့တော့ ဒေါ်ငုဝါက

"မွေးရကျိုးနပ်လိုက်တဲ့ သမီးကွယ် . . ဒီအသက်အရွယ်ပဲ



www.burmeseclassic.com

www.burmeseclassic.com



ရောက်နေပြီ၊ ကျေးဇူးသိတတ်ရင် နင့်အဘွားထဘီနဲ့ ငါ့ထဘီ အရင်လာလျှော်ကြည့်လေ. . အလေ့အကျင့်လေးရသွားတာပေါ့”

“လျှော်ပေးမှာပေါ့ အမေရယ်. . သမီးမှာ ဒီအမေလေးတစ်ယောက်ပဲရှိတာ နော့”

အမေ့ရင်ခွင်ထဲ ခေါင်းတိုးဝင်ပြီး ပိုနိုက်ဒီနိုက်လုပ်တော့

“ဟဲ့ကောင်မလေး. . ငါ ယားလာပြီနော်၊ ဘယ့်နှယ်တော်. . မကြီးမငယ်နဲ့ နို့လာကိုင်ရတယ်လို့. .”

“အမေ. . ကိုကိုကလေ ရုပ်ရှင်ရိုက်ချင်လို့တဲ့. . အဲဒါလေ”

အထင်ကရမေကဲ အမေ့ကို အကဲခတ်သလို တစ်ချက်ကြည့်ပြီး ဆက်မပြောဘဲ ရပ်ထားလိုက်သည်။

“ရိုက်ချင်ရင် ရိုက်ပစေပေါ့. . ဘာလဲ ငါ့သမီးက သဘောမကျလို့လား”

“ဟင့်အင်း. . သမီး ပရိုဂျူဆာလုပ်ချင်လို့”

“အဟင်း. . ဟင်း. . မင်းသားကိုယူမယ်ဆိုတော့ ငါ့သမီးက စီးပွားရေးအကွက်မြင်တယ်ပေါ့”

ပြောပြီး အိမ်ရှေ့ထွက်သွားတဲ့ အမေ့ခါးကို နောက်ကနေ သိုင်းဖက်လိုက်ပြီး

“ဒါပေါ့. . အဲဒါကြောင့် သမီးကို အရင်းအနှီးလုပ်ဖို့ သိန်း





တစ်ထောင်လောက် ထုတ်ပေးပါလား”

ဆရာမကြီးရဲ့စကားကြောင့် ဒေါ်ရွှေငုဝါ လည်ချောင်းမှာနင်သွားသည်။

“ဘာပြောတယ်. . သိန်းတစ်ထောင် ပေးရမယ်. . ဟုတ်လား”

သန်္ချာအတွက်တော်တဲ့. . ဆရာမကြီးရဲ့အမေက ဘယ်လိုမှ မဖြစ်နိုင်ကြောင်း ရာဇသံပေးလာလေသည်။

“ဒီမယ်. . ညည်း အရင်တုန်းက လေကြီးမိုးကြီးနိုင်ခဲ့တာတွေ ဘယ်ရောက်ကုန်ပြီလဲဟင်. . ညည်းပြောတော့ အဒေါ်တို့ အမေတို့ ဆက်သားတာကို ယူမှာဆို၊ ငါတို့ညီအစ်မတွေက လင်ယူရင် အိတ်ထဲက အပါခံတာ မဟုတ်ဘူးနော်. . သပိတ်ဝင်အိတ်ဝင်လင်မျိုးပဲ ယူခဲ့သို့ ခုဆိုကြည့်စမ်း. . တို့အမေ ဒေါ်ရွှေဆို သမီးကောင်းမိခင်ဘွဲ့ရပြီး မျက်နှာတွေပွင့်နေတာလေ. . အေး. . ရှင်းရှင်းပြောရရင် ငါလည်း ဒုတိယဘွားရွှေပဲ ဖြစ်ချင်တယ်ဟေ့”

အဲဒါမှအခက်ပဲ။ အမေ့စကားတွေက ထွက်ပြီးဆင်စွယ် ပြန်ဝင်ရိုးထုံးစံမရှိ ဆိုသလို ဖြစ်နေပြီ။ ဘယ်လိုပဲ တောင်းတောင်း ရမှာမဟုတ်တာက သေချာသွားပြီ။ ကိုကို့အခက်အခဲတွေကို မကူညီနိုင်သို့. . သည်းလေး စိတ်မကောင်းလိုက်တာ ကိုကိုရယ်. .



www.burmeseclassic.com

www.burmeseclassic.com



အဝတ်တွေလျှော်၊ မီးပူတွေလည်း တိုက်ထားရတော့ ဗိုက်က ဆာနေပြီ။ စိတ်ကလည်း ညစ်နေပြီဆိုတော့ ထမင်းစားစားပွဲမှာ ဝင်ထိုင်ပြီး ထမင်းကို ဇလုံကြီးနဲ့အပြည့်ထည့်ပြီး မြင်းခွာရွက်သုပ်ရေခပ်ထည့်၊ ပုစွန်ထုပ်ကြီးနဲ့ အားရပါးရစားပစ်လိုက်သည်။

ထမင်းစားရင်းနဲ့လည်း ခေါင်းထဲမှာ အကြံတွေထုတ်ကာ... စဉ်းစားနေလေရဲ့။

♦



(၁၆)

ညက ထမင်းတွေ အစားများပြီး ဗိုက်လေးလေးနဲ့ အိပ်လိုက်တာ ဖုန်းသံကြားမှ လန့်နိုးလာခဲ့သည်။ ဒီအချိန် ဖုန်းဆက်တာဆိုလို့ ကိုကိုပဲ ရှိမှာပေါ့။ အထင်ကရမေဟာ အိပ်မှုန်စုံမွှားနဲ့ မျက်လုံးတွေ မှိတ်ပြီး

"morning ကိုကို. . ညက သည်းလေးကို အိပ်မက် မက်သေးလားဟင်"

"ဟဲ့. . ကောင်မလေး၊ အိပ်ချင်မူးတူးနဲ့ ဘာတွေလာပြောနေတာလဲ"

အသံကြားမှ သူမအဒေါ် ရွှေခတ္တာဖြစ်နေမှန်းသိသွားတော့သည်။

"တီလေးက အသံမပေးဘာမပေးနဲ့ သူများကိုကိုဆက်တဲ့ အချိန် ဘာလို့ဆက်တာလဲလို့"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရှိလို့ ဆက်တာပေါ့ သမီးရယ် . . သမီးအန်ကယ်က မနေ့ညကပဲ ဘန်ကောက်ထွက်သွားပြီ၊ တီလေးကို ဘဏ်မှာ ပိုက်ဆံထည့်ခိုင်းခဲ့တယ် . . ဒီနေ့တော့ တီလေး ဘယ်လိုမှ အားမှာ မဟုတ်ဘူး . မနက်ဖြန်ကလည်း ဘဏ်ပိတ်ရက်ဆိုတော့ သမီးပဲ သွားထည့်ပေးလိုက်ပါလားကွယ်"

ဆရာမကြီးကလည်း နှစ်ခါ မစဉ်းစားပါဘူး။

ချက်ချင်းပဲ -

"ဟုတ်ပြီ . . သမီး ဘဏ်ဖွင့်ချိန်အမီ သွားလိုက်မယ်လေ . . နာရီဝက်အတွင်း ရောက်အောင်လာခဲ့မယ်လေနော်"

"လိမ္မာလိုက်တဲ့ တူမကွယ်၊ အဲဒါတွေကြောင့် ချစ်နေရတာ"

♦





အထင်ကရမေက ရေမိုးချိုး၊ အဝတ်အစားလဲပြီး မနေ့ကပဲ ဟာရီသမ်းမှာရှိတဲ့ ဒေါ်ရွှေဝတ္တာတို့ခြံကို ထွက်လာခဲ့သည်။ တီလေးက သူနဲ့အတူ breakfast စားသွားပါလို့ပြောတာတောင် ချိန်းထားတာရှိလို့ ဆိုပြီး ပိုက်ဆံသိန်းငါးရာကိုယူပြီး ထွက်လာခဲ့သည်။

ပိုက်ဆံသိန်းငါးရာ ဆရာမကြီးတို့က ဘဏ်မှာ သွားထည့်ပေးပြီး ကားနဲ့ထွက်လာတော့ ကိုကို့ဆီက ဖုန်းဝင်လာခဲ့သည်။

"သည်းလေး ဘယ်ရောက်နေလဲ"

"on the way...ကိုကိုရော အခုအားလား"

အလျင်စလိုမေးလိုက်တဲ့ အထင်ကရ အသံကြောင့် သဏ္ဍာန်က

"အားတယ်လေ . . သည်းလေး ဘယ်သွားချင်လို့လဲ"

"မှတ်ပုံတင်ရော ပါလား"

"ပါတာပေါ့"

ဒီကောင်မလေး ဘာတွေဖြစ်နေလဲ မသိဘူး။ ဒီနေ့ကျမှ ထူးထူးဆန်းဆန်းတွေ မေးနေတယ်။

"ဒါဆို သည်းလေး အခုလာခေါ်မယ် . . ကိုကို ဘယ်မှာလဲ"

"ကိုကို ပြကွဒိန်လာရိုက်နေတာ ( . . . . )studio မှာ"

"ပြီးတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"နောက်တစ်စုံရိုက်ပြီးရင် ပြီးပြီလေ"

"ကိုကို"

"ဗျာ . . ဗျ"

"သည်းလေးကို တကယ်ချစ်တာပါနော်"

"ရော . . ခက်နေပြီ . . မချစ်ဘဲနဲ့ ညာတဲ့ရုပ် ပေါက်နေလို့လား"

"အဟင်း . . ဟင်း . . သိချင်လို့ မေးတာပဲဟာကို . . ကိုကိုက သည်းလေးကို ချစ်တယ်ဆိုတော့ သည်းလေး ဘယ်သွားသွား လိုက်မှာလားဟင်"

"ဒါပေါ့ . . လိုက်မှာပေါ့"

ချစ်တာကို သက်သေပြဖို့အတွက် မင်းသားခမျာ အထင်ကရမေ လာခေါ်တဲ့ကားပေါ်မှာ ထိုင်ပြီး လိုက်သွားလေရဲ့။

ဘုမသိဘမသိနဲ့ ပါသွားတဲ့ သဏ္ဍာရာဇ်။ ဆရာမကြီးရေးတဲ့ ဇာတ်ညွှန်းအတိုင်း လိုက်က,နေရရှာတာ။

အချိန်တန် အိမ်ပြန်ရောက်မလာသည့် ဆရာမကြီးကြောင့် ဒေါ်ရွှေငုဝါက ညီမတော် ရွှေခတ္တာတို့ဆီ ဖုန်းဆက်ပြီးမေးသည်။

"ရှင် . . ဆရာမကြီး ပြန်မရောက်သေးဘူး . . ဟုတ်လား . . မမ"





"အေး . . ဟုတ်တယ်၊ နင့်တူမ ဒီနေ့မနက် နင့်ဆီ လာသွားတယ် မဟုတ်လား"

"လာတယ် . . လာလို့ ခတ္တာက ပိုက်ဆံ သိန်းငါးရာ ပေးပြီး ဘဏ်မှာ သွားထည့်ခိုင်းလိုက်တာ . . အမယ်လေး . . မမ့သမီး တကယ် လုပ်ချသွားပြီ . . ခတ္တာတော့ သူခိုးဓားပြကမ်းမိပြီထင်တယ်"

"အဲဒါ ညည်းအပြစ် . . ညည်းတူမ လက်ထဲ ဒီလောက် ငွေအများကြီးအပ်စရာလား . . ဟီး . . အခုတော့ ပါသွားပြီ . . ဟင့် . . အီး . . ဟီး . . . "

ကျက်သရေမင်္ဂလာမရှိ အော်ငိုနေတဲ့အစ်မဖြစ်သူကို ခတ္တာက

"ပါသွားတာ မဟုတ်ဘူး မမရဲ့ . . သူက ကောင်လေးကိုခိုးသွားတာ"

လို့ ပြင်ပေးတော့ ဒေါ်ရွှေငုဝါက

"ဟဲ့ . . ခတ္တာ၊ ညည်းပါးစပ်ကို ပိတ်ထားစမ်း . . ဒီစကားကို အားယောင်ပြီး ဘယ်သူ့ရှေ့မှာမှ မပြောမိစေနဲ့ . . ငါ့သမီးသိက္ခာကျမယ်သိလား"

အမေတူသမီးလေး အထင်ကရမေက ကားမောင်းနေရင်းမှ သဏ္ဍာရာဇ်မျက်နှာကို အပြုံးနဲ့ လှမ်းကြည့်ပြီး

"ကိုကိုနော် . . နောင်လာနောက်သားတွေရှေ့မှာ၊ သည်းလေး



www.burmeseclassic.com

www.burmeseclassic.com



တို့ရဲ့သားသမီးမြေးမြစ်တွေ ရှေ့မှာ သည်းလေးက ကိုကို့ကို ခိုးလာ
တယ်လို့ လုံးဝမပြောရဘူးနော်၊ သည်းလေး သိက္ခာကျတယ် သိလား"

သက္ကရာဇ်က ရယ်ချင်စိတ်ကို အသည်းအသန်ထိန်းရင်း

"အေးပါကွာ. . အေးပါ. . ကိုကိုက သည်းလေးကို ခိုးလာ
တယ်လို့ ပြောမှာပေါ့"

"အဟင်း. . ဟင်း. . ."

"ဟား. . ဟား. ."

ရယ်သံလေးတွေ ကိုယ်စီထွက်လာကြသည်။ ဒါကြောင့် . .
အထင်ကရမေကို ဆရာမကြီးလို့ပြောကြတာပေါ့။ ခုချိန်ထိတော့ သူ
ဟာ ဆရာမကြီးဆိုတဲ့နာမည်နဲ့ လိုက်ဖက်နေတုန်းပါပဲ။

သက္ကရာဇ်က တိုးတိုးလေးကပ်ပြီး ခေါ်သည်။

"ဆရာမကြီး"

တဲ့။ အထင်ကရမေက စွာသည်။

"ကိုကိုနော်. . ဆရာမကြီးလို့ တံဆိပ်လာမတပ်နဲ့မကြိုက်ဘူး"

"ဟော. . ဗျာ"

ဆရာမကြီးတွေနဲ့ ရည်းစားထားမိရင် တကယ် မလွယ်ဘူး
နော်။ ဥပမာ ကျွန်တော့်လိုပေါ့။ ဘုမသိဘမသိနဲ့မိန်းမရတတ်တယ်။

◆



(၁၇)

Display ပေါ်မှာ ပေါ်နေတဲ့ ဖုန်းနံပါတ်ကိုကြည့်ပြီး ဆရာ
မကြီး မျက်လုံးတွေ ပြူးသွားသည်။

"ကိုကို. . အမေ့ဆီက ဖုန်းလာနေတယ်"

သက္ကရာဇ်က ဖုန်းကိုင်ဖို့ အချက်ပြနေပြီမို့

"အမေ"

သမီးအသံလည်း ကြားရော ဒေါ်ရွှေငုဝါတို့ အသံပြကြီးနဲ့
အော်ပြီး ငိုပါလေရော. . .

"သမီးရယ်. . အမေတို့က သဘောတူပါတယ်လို့ ပြောထား
ရက်နဲ့ ဘာလို့ ယောက်ျားနောက်လိုက်သွားရတာလဲကွယ်. . နေပါဦး
သမီးအဒေါ် ပိုက်ဆံတွေနဲ့ ယောက်ျားခိုးသွားတာလားဟင်"

သူ့သမီးအကြောင်း သူ သိပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



သက္ကရာဇ်က မခိုးဘဲ ဆရာမကြီးက သက္ကရာဇ်ကို ခိုးသွားတာပဲ ဖြစ်မည်။

"အမေနော်. . လူကိုလာပြီး စွပ်စွပ်စွဲစွဲနဲ့ တီလေးပိုက်ဆံကဘဏ်မှာ သွားထည့်ပြီးပြီ၊ အမေ့ဆီက သိန်းတစ်ထောင်လေး တောင်းတာ အမေမှ မပေးတာ. . အခုဟာက ကိုကိုက သမီးကို ခိုးလာတာသည်းလေးနဲ့ မခွဲနိုင်လို့တဲ့. . အခု သမီးတို့ တရားရုံးကို သွားနေကြပြီ။ လက်မှတ်ထိုးပြီးရင် မင်္ဂလာပွဲကျင်းပမယ်. . သဘော်ပေါ်က အမေ့ကိုလည်း အမြန်ပြန်လာခဲ့တော့လို့ ပြောလိုက်နော်. . . အမေ၊ ပြန်ခေါ်လိုက်တော့"

ခုချိန်ကျမှ ခွဲလို့လည်း ရတော့မှာမှမဟုတ်တာ. . အလကားနေရင်း အမုန်းမခံတော့ပါဘူး။

"ဒါဆို ငါ့သမက်လောင်းလေးကို ဖုန်းခဏပေးလိုက်စမ်း"

"ကိုကို. . အမေက ကိုကိုနဲ့စကားပြောမယ်တဲ့"

သက္ကရာဇ် မျက်ခမ်းတွေ လှုပ်လာသည်။ သူ မတတ်နိုင်တာတွေ တောင်းဆိုလာရင်တော့

"အမေ. . သား ပြောနေပါတယ်"

"သားရယ်. . အမေတို့က သဘောတူပြီးသားဥစ္စာ ဘာခိုးပြေးရတာလဲကွယ်. . တော်တော် စတန့်ထွင်တဲ့ ကလေးတွေပဲ-





ကဲ. . ခုချိန်ကျမှတော့ ပြောနေလည်း အပိုပဲ. . မင်းမိဘတွေ ခေါ်လာပြီး ငါ့သမီးကို လာပြန်အပ်. . အမေတို့ဘက်က တောင်းဆိုစရာတွေ ရှိသေးတယ်"

"ဘာ. . ဘာများလဲ အမေ"

"အမေတို့မှာက ဒီသမီးလေးတစ်ယောက်ပဲ ရှိတာ မဟုတ်လား. . ပြီးတော့. . မင်းကလည်း နိုင်ငံကျော်မင်းသား ဖြစ်မယ့်သူဆိုတော့ မင်းတို့မင်္ဂလာပွဲကို ကြီးကြီးကျယ်ကျယ် ကျင်းပမှ ဖြစ်မှာပေါ့၊ အဲဒီတော့ Chatrium မှာ မင်္ဂလာဆောင်ပြီး Kandawgyi Palace မှာ dinner ကျွေးမယ်။ ဘယ်လောက်မှမရှိပါဘူးကွယ်. . တစ်ယောက်မှ လေးဆယ့်ငါးဒေါ်လာပဲ ရှိတာ"

လေးဆယ့်ငါးဒေါ်လာဆိုတော့ မြန်မာငွေနဲ့ လေးသောင်းခွဲ။ ဘုရား. . . ဘုရား. . ဘုရား. . .

"လူ. . လူက ဘယ်နှယောက်လဲ အမေ"

"အမေ့ မိတ်ဆွေတွေ. . . အမျိုးတွေနဲ့တင် လူက ခုနစ်ရာလောက်ရှိမယ်. . သမီးအဒေါ်တွေကလည်း မိတ်များတယ်ဆိုတော့ လူတစ်ထောင်လောက်တော့ ရှိမှာပေါ့"

လေးသောင်းခွဲ. . . လူတစ်ထောင်ဆိုတော့ သိန်းလေးရာ့ ငါးဆယ်. . ဒါ dinner ပဲ ရှိသေးတယ်။



www.burmeseclassic.com

www.burmeseclassic.com



Chatrium မှာက လူတစ်ထောင်ကို နှစ်သောင်း အောက်ထစ်တော့ ရှိမှာပဲ. . လူတစ်ထောင်ဆို သိန်းနှစ်ရာ ထပ်လိုသေးတာပေါ့. . မြတ်စွာဘုရား ကယ်တော်မူပါ။

သူ့ဘေးမှာ ထိုင်နေတဲ့ ဆရာမကြီးကို လှမ်းကြည့်ပြန်တော့ သူ့လိုပဲ မျက်နှာငယ်လေးနဲ့လှမ်းကြည့်နေရှာသည်။

"ဟဲ့. . ငါပြောနေတာ ကြားရဲ့လား၊ နင်တို့နှစ်ယောက် လက်မှတ်ထိုးပြီးတာနဲ့ အိမ်ကို တန်းပြန်ခဲ့တော့"

သက္ကရာဇ်ဆီက ထွက်လာတဲ့စကားသံက အားမရှိတဲ့ လူမမာလေသံမျိုး ဖြစ်လို့နေသည်။

"ရတယ် အမေ. . ကျွန်တော် မင်္ဂလာဆောင်ပြီးမှပဲ လာနေပါတော့မယ်"

"ကိုကို"

အထင်ကရမေတ ကားမောင်းရင်း ကိုကို လို့ မကျေမနပ်အော်ပြီး ကားကို လမ်းဘေးမှာ ထိုးရပ်ပစ်လိုက်သည်။

"သည်းလေးနဲ့ အတူတူ လိုက်မနေနိုင်တာက ဘာသဘောလဲ"

"အမေ. . ကျွန်တော် ဖုန်းချလိုက်တော့မယ်နော်. . ဟုတ်ကဲ့. . . ဟုတ်ကဲ့. . အားလုံး အဆင်ပြေအောင် ကြိုးစားပါ့မယ်"





ဒေါ်ရွှေငုဝါ ဖုန်းချသွားတော့. . အထင်ကရမေနဲ့ ဆက်ပြီး စာရင်းရှင်းရပြီ။

"ကိုကိုက ,အထာကိုင်တာလား. . သည်းလေးက ကိုကို့ကို ချစ်လို့ မခွဲနိုင်တော့လို့ ခေါ်လာတာနဲ့ပဲ သည်းလေးတို့အိမ်ကို မလိုက်တော့တာပေါ့ ဟုတ်လား ကိုကို"

အမြဲတမ်း ပျော်ရွှင်နေတတ်တဲ့ ချစ်သူရဲ့မျက်နှာလေးမှာ. . ခုတော့ မိုးတွေညိုနေပြီပဲ။

"ကိုကို ယောက်ျားပါ သည်းလေးရာ. . သည်းလေး ချစ်သလို ကိုကိုလည်း ချစ်ပါတယ်. . ချစ်လို့လည်း သည်းလေးနောက်ကို လိုက်တာပေါ့. . ဒါပေမယ့် သည်းလေးအမေတောင်းဆိုသလို ကိုကို မလုပ်ပေးနိုင်မှာကို ကြောက်နေတာ. . . ဟူး. ."

လေပူတစ်ချက်ကိုမှုတ်ထုတ်ပြီး ငေးမှိုင်နေတဲ့ ချစ်သူကိုကြည့်ရာ အထင်ကရမေ သနားသွားသည်။

သက္ကရာဇ်ရဲ့လက်လေးတစ်ဖက်ကို သူမလက်လေးဖြင့် အုပ်ပြီး -

"အဲဒီအတွက် ဘာမှစိတ်မပူပါနဲ့ ကိုကိုရယ်. . သည်းလေး တို့မင်္ဂလာဆောင်အတွက် sponsor တောင်းကြည့်လိုက်ဦးမယ်လေ၊ ချင်လည်း ရလောက်ပါတယ်၊ ကိုကိုက မင်းသားပဲ ဥစ္စာ. . နေ့"



www.burmeseclassic.com

www.burmeseclassic.com



"မထင်ပါဘူး သည်းလေးရယ်၊ ပိုက်ဆံ သိန်းခုနစ်ရာလောက် ကို ဘယ်သူမှပေးမှာ မဟုတ်ဘူး။ ကိုကို့အလိုဆို ဒီငွေတွေအားလုံးက် မင်္ဂလာပွဲမှာ ပုံအောပြီးသုံးမဲ့အစား အကျိုးရှိတဲ့နေရာတွေမှာပဲ သုံးချ တယ်"

အမေနဲ့ကိုကိုကြားမှာ အကြီးအကျယ်ကို လွဲနေပြီ။

"ဒါဆို . . ကိုကိုက သည်းလေးကို လက်မထပ်တော့ဘူးလာ ဟင် . . သည်းလေးအမေက ခုသိန်းလောက်ဆို လျှော့ပြောပြီးလော ပြီနော် . . ကိုကိုမယူလည်း သည်းလေးကို ပတ်ဝန်းကျင်က အပျို ထင်မှာမဟုတ်တော့ဘူး"

ကိုယ့်ချစ်သူနဲ့ အတူမနေချင်တဲ့သူ ရှိပါ့မလား။

ဖြစ်လာသမျှ အကြောင်း အကောင်းပဲ အောက်မေ့ပြီး သူ နှစ်ယောက် တရားရုံးတစ်ခုမှာ လက်မှတ်သွားထိုးကြသည်။ သက်သေ လိုတော့ တောရှုံနဲ့ကောက်ရကို Taxi နဲ့လိုက်လာခိုင်းရသည်။

သက္ကရာဇ်နဲ့ အထင်ကရမေတို့ အပေးအယူလုပ်ပြီး ညှိ သည်။ အဆင်မပြေ။ သူ့အိမ်လိုက်နေ၊ ငါ့အိမ်လိုက်နေနဲ့ နောက်ဆ အဝေမတည့်တော့ တောရုံက အကြံပေးသည်။

ဗိုလ်ကျားသေနတ် ဆွဲစေသတည်းတဲ့ . . .

တကယ်ဆွဲတော့ သက္ကရာဇ်က နိုင်သွားသည်။





ဒါဆို အထင်ကရမေက သူနေတဲ့အိမ်မှာ လိုက်နေရမှာပေါ့။ နာမည်တစ်လုံးနဲ့နေတဲ့ ဆရာမကြီးဆိုတော့လည်း ဘယ်လိုက်နိုင်ပါ့ မလဲလေ။

"ကိုကိုနော် . . သူများအိမ်မှာ သည်းလေးက အုတ်ရောရော ကျောက်ရောရော နေရမှာလား . . အခန်းလေးတွေက ကျဉ်းကျဉ်းလေး နဲ့ . . အို . . မနေတတ်ပါဘူး"

သက္ကရာဇ်မှာ ပြောစရာစကား မရှိတော့ပါဘူး။ သူ့အမေပေး တဲ့ pressure ကလည်း နည်းနည်းနောနောမှမဟုတ်တာ။

"ကဲ . . ဒါဆိုလည်း သည်းလေးကို ကိုကို တင့်တောင့်တင့် ဘယ်ထားနိုင်တဲ့အချိန်ကျမှ ဧည့်ခံပွဲလုပ်ပြီး အတူတူနေကြမယ်လေ . . နော်"

"အခု ကိုကိုလိုက်ခဲ့တော့ ဘာဖြစ်မှာမို့လို့လဲ . . သည်းလေး က ယောကျ်ားနောက်လိုက်သွားပြီ ပြောထားပြီးမှ အိမ်ပြန်တော့ . . ယောကျ်ားပါမလာရင် အမေတို့ကို ဘယ်လိုမျက်နှာပြရမလဲ . . ပြော ပြီးသားနော် . . ခေါ်တုန်း လိုက်ရင် လိုက်၊ မလိုက်လို့ကတော့ အင် ဘာနက်ပေါ်မှာ ဖွပစ်လိုက်မယ် . . သည်းလေးတို့ရာဇဝင်မှာ လင်ကို အလျှော့ပေးရိုးထုံးစံမရှိဘူး၊ အဘွားက အစ . . အမေနဲ့ အဒေါ်တွေ အဆုံး . . အကုန်လုံး လင်နိုင်မိုးချုပ်ပဲ . . အဲဒီလို အစဉ်အလာကောင်း



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တဲ့ မျိုးရိုးဂုဏ်ကို . . ကိုယ့်လက်ထက်ကျမှ အပျောက်မခံနိုင်ဘူး . . ဒါပဲ"

သက္ကရာဇ်မှာ စဉ်းစားရကြပ်ပြီး ငြိမ်ကျသွားသည်။

ဆရာမကြီးက သူ့ထုံးစံအတိုင်း ကုလားမနိုင် ရခိုင်မဲ ဆိုသလို တောရုံနဲ့ကောက်ရဘက်ကို လှည့်ပြီး စွာပြန်သည်။

"ဟိုနှစ်ကောင် . . နင်တို့ဆရာ ငါတို့အိမ်မှာ လိုက်နေအောင် ပြောပေး . . မပြောလို့ကတော့ နင်တို့အကြောင်းပါ ဖွပစ်မယ် သိလား တောရုံက Aကိုက်နေတယ် . . ကောက်ရကျတော့ B ပိုးရော C ပိုးပါ ရှိတယ် . . ဝေးဝေးရှောင်လို့"

ဟိုနှစ်ယောက်မှာတော့ မျက်စိသူငယ် နားသူငယ်နဲ့ လင်းထ ကို မြွေပွေးကိုက်ထားတဲ့ရုပ်နဲ့ အလောသုံးဆယ်ပြောလာသည်။

"ဆရာ . . လိုက်သွားလိုက်ပါ ဆရာရယ်၊ ဆရာ မလိုက်မချင်း ကျွန်တော်တို့ကို Aတွေ Bတွေ Cတွေနဲ့ ကိုင်တုတ်နေတော့တာပဲ အဝတ်အစားတွေ သိမ်းပေးရဦးမလား ဆရာ"

ဘေးနားမှာ နားပူနားဆာလုပ်မယ့်သူတွေ များလာတော့ သက္ကရာဇ်လည်း ကြံရာမရတော့ဘဲ ဆံထုံးနောက်ကို သျှောင်ပါသွားလေသည်။

◆



(၁၈)

နံနက်ခင်း ထမင်းစားစားပွဲမှာ လူစုံတက်စုံရှိနေတုန်း ဘွားရွှေဥက စကားစ,လာသည်။

"ငါ့မြေးတို့မင်္ဂလာပွဲကို ဘယ်မှာစီစဉ်ထားကြလဲ . . သိပ်ကြာသွားရင် လူများပြောစရာဖြစ်လာမှာ"

ဒေါ်ရွှေငုဝါက -

"သမီးဖြစ်ချင်တဲ့ဆန္ဒတွေတော့ ပြောထားပြီးပါပြီ မေမေ . . အားလုံး ပွဲကြီးလေးပွဲ လုပ်မလားလို့"

"ဟဲ့ . . ဒါမျိုးက နင့်သဘောနဲ့နင် မပြီးဘူးလေ၊ ကာယကံရှင်တွေရဲ့ဆန္ဒကလည်း ရှိသေးတယ်"

ဆရာမကြီးက ဒီလိုအပြောမျိုးကို စောင့်နေတာ။

"ဟုတ်တယ် . . ဟုတ်တယ် . . မေမေက လုံးဝ မတရားဘူး



www.burmeseclassic.com

www.burmeseclassic.com



အဘွား . . တကယ်ဆို သမီးတို့နှစ်ယောက်မှာ ချစ်သူဘဝကတည်းက plan ချထားပြီးသား။ သမီးတို့ မင်္ဂလာဆောင်ကို သင်္ဘောကြီးပေါ်မှာ ကျင်းပချင်တာ. . Titanic ကား ကြည့်ပြီးကတည်းက ရူးသွပ်ခဲ့တာ အဘွားရယ်. . သမီးရဲ့ သတို့သားကလည်း လီယိုနာဒိုထက် ပိုချောတယ် မဟုတ်လား. ."

ပြောပြီး ယောက်ျားမျက်နှာကိုကြည့်ရသေးသည်။

"သည်းလေးက တကယ်မြင်တတ်တယ်ကွာ. . အဲဒါတွေကြောင့် ချစ်နေရတာ"

"အမယ်လေးဟဲ့. . နံဘေးက လူတွေ နေရခက်အောင်"

မိုက်ကယ်သက်က ထအော်သည်။

"ကဲပါ. . ခုနက သမီးပြောတဲ့အစီအစဉ် ဘယ်လိုသဘောသလဲ"

"ကိုကိုက အပြည့်အဝထောက်ခံတယ်"

"ငါလည်း ထောက်ခံတယ်ဟေ့။ သင်္ဘောမစီးရတာ ကြာပြီ"

အဘိုးဆီက ဒီလိုစကားမျိုး ထွက်လာတော့ ဘွားရွှေက အံ့ဩသလိုကြည့်ပြီး

"အဘိုးကြီးနော်. . ရှင်က မကြီးမငယ်နဲ့ ဘာထပြီး သူငယ်ပြန်တာလဲ"





"မင်းနဲ့ငါ ခိုးပြေးတုန်းက တွဲတွေးဘက်ကို သင်္ဘောနဲ့သွားတာ မမေ့သွားပြီလား. . မင်္ဂလာဆိုတာ တစ်သက်မှာ တစ်ခါပဲ ဆောင်ရတာ. . နောက်ပြန်ဆောင်ချင်သပဆိုရင် နောက်တစ်ယောက်ယူမှပဲ ရတော့မှာ. . အဲဒီတော့. . သူတို့ ဆောင်ချင်သလို သင်္ဘောပေါ်မှာပဲ ဆောင်ပစေ. . ဒါပဲ"

ဗီတိုအာဏာနဲ့ တစ်ချက်လွှတ်အမိန့်ထုတ်လိုက်တော့. . မဲအပြတ်အသတ်နဲ့နိုင်တဲ့ အောင်နိုင်သူကြီးလို သက္ကရာဇ်နဲ့အထင်ကရမေတို့ မျက်နှာကြီးတွေ ဝင်းပသွားသည်။

ဒေါ်ရွှေငုဝါလည်း ကိုယ့်အထက်က လူကို မလွန်ဆန်နိုင်တော့ သိပ်မကြည်ပေမယ့် ပါးစပ်ကလေးပိတ်ပြီး နေရတော့တာပေါ့။

ဒါပေမယ့် သူ စိတ်ကူတောင်းရမယ့်လူတစ်ယောက် မနက်ဖြန် ရောက်လာမှာမို့. . .

"ဆရာမကြီးရေ. . ညည်းအဖေ မနက်ဖြန် ပြန်ရောက်လာမှာနော်. . အဲဒီအခါကျရင်တော့. . နင်တို့ တစ်မဲရှုံးမှာ သေချာတယ်ဟေ့"

"ဟား. . ဟား. . ဟား. . အမေတို့ ခံလိုက်ရပြီဟေ့. . အဲဒီအကြံအစည်ကို အဖေက ပေးတာ. . အဖေက သင်္ဘောကို သံယောဇဉ်ကြီးတော့ သူ့သမီး မင်္ဂလာပွဲကို သင်္ဘောပေါ်မှာ ကျင်းပမယ်တဲ့"



www.burmeseclassic.com

www.burmeseclassic.com



အထင်ကရမေစကားအဆုံးမှာတော့ သက္ကရာဇ်က ထအော်သည်။

"ဟေး . . တစ်မဲတိုးပြန်ပြီဟေ့"

"အေး . . သိပ်လည်းပျော်မနေနဲ့ဦး . . ငါတို့အမျိုးတွေက ခပ်များများရယ် . . အဲဒီတော့ သင်္ဘောကြီးကြီးသာ ငှားဖို့ ပြင်ထား"

"အဲဒီအတွက် ဘာမှမပူနဲ့ အမေ . . သမီး သင်္ဘော sponsor ရအောင် ကြိုးစားနေတယ် . . အခု Foreigner တွေ စီးနေတဲ့ Cruise သင်္ဘောကြီးတွေ မရရင်တောင် . . ရန်ကုန်နဲ့ ဒလ ကူးနေတဲ့ သင်္ဘောလောက်တော့ ရမှာပါ . . အဟင်း . . ဟင်း"

"ပွဲနေ့ကျရင် . . ငါ့အမျိုးတွေရှေ့မှာ ငါ သိက္ခာကျမခံနိုင်ဘူးနော် . . ဒါပဲ"

"စိတ်ချပါ . . မေမေ့ သမီးပဲ၊ ဆရာမကြီးတို့ကလေ လင်ယူရင် အမေတို့၊ အန်တီလတ်တို့၊ အန်တီလေးတို့ထက် သာစေရမယ်လို့ ကြွေးကြော်ထားပြီးသား . . နော့ . . ကိုကိုက သာတယ် မဟုတ်လား"

ယောကျ်ားဘက် လှည့်လှည့်ပြီး ဖားနေတာကြီးက မြင်ပြင်းကတ်စရာ။

အမြင်ကတ်တော့ မိုက်ကယ်သက်က မတော်မတည့်တာတွေ ထပြီး မေးပြီပေါ့။

*ဆောင်းညမြာသိစာပေ*



"ဟဲ့ . . ဆရာမကြီး . . နင်ရော သင်္ဘောပေါ်ရောက်ရင် ကီတ်ဝင်းစလက်လို ပန်းချီဆွဲခံမှာလား"

"No...No...No...ကျွန်တော့်ရဲ့ အသစ်စက်စက် တစ်ဦးတည်းသော မိန်းမလေးကို အဲဒီလောက် မရက်ရောနိုင်ပါဘူး"

သက္ကရာဇ်ရဲ့အပြောကြောင့် ဆရာမကြီးက သက္ကရာဇ်ပါးကို အာဘွားတစ်ခါပေးကာ . .

"ဟေး . . ဒါမှ တို့ကိုကိုကွ"

"ဟဲ့ . . ကောင်မလေး၊ လူကြီးတွေရှေ့မှာ"

ဒေါ်ရွှေငုဝါက မျက်လုံးကြီးပြူးပြီး အော်သည်။

♦

*ဆောင်းညမြာသိစာပေ*

www.burmeseclassic.com

www.burmeseclassic.com

## Ending

ညဘက် dinnerအတွက် သုံးနာရီလောက်ကတည်းက အိမ်မှာ ယောက်ယက်တွေ ခတ်နေကြသည်။

အလုပ်ဖန်တီးရှင်မမတွေကလည်း တစ်အုပ်ကြီး။ အမျိုးတွေကလည်း တစ်ပြုံကြီးနဲ့ ကျွက်ကျွက်ညံလို့။ ဒေါ်ရွှေငုဝါတို့ ညီအစ်မတွေက သိပ်မလှုပ်ချင်ရှာပါဘူး။

"မာမီ. . မျက်တောင်တုက နည်းနည်းစောင်းနေတယ်"

"မာမီရေ. . ခတ္တာကို အူဝဲဆံထုံးလေးနော်"

"မာမီ. . နိုင်သင်းကြည်အင်္ကျီဆိုတော့ တွယ်ချိတ်လေးတွေ လာတပ်ပေးပါဦး"

မာမီမကြီးသန်းက သင်္ကြာရာဇ်ကို ကြိတ်ပိုးပြီး. . ခုကျတော့ သင်္ကြာရာဇ်ရဲ့ယောက္ခမအိုတောင်တွေကို ပြင်ပေးရတာဆိုတော့ နဂိုစိတ်အခံကိုက သိပ်ပြီးမကြည်လင်လှတာမို့ -

*အောင်းညပြာသိုစာပေ*



"အမယ်လေး ဟဲ့. . . ကျုပ်လက်က ကုလားဘုရားလက်မှ မဟုတ်တာ. . ရှင်တို့တွေနော်. . သမီးတောင် လင်ရနေပြီ တော်တော်ကဲတာပဲ"

"ကဲရမယ်လေ. . ငုဝါတို့မှာ ဒီသမီးလေးတစ်ယောက်ပဲ ရှိတာ. . အပြတ်ကို ဝုန်းရမှာပဲ"

အဒေါ်တွေ၊ အမေတွေ အလှပြင်တာကို ကြမ်းပြင်မှာ ငုတ်တုတ်လေး ထိုင်ပြီးကြည့်နေတဲ့ ဆရာမကြီးက -

"မာမီ. . သမီးက ဘယ်အချိန်ကျမှ ပြင်ရမှာလဲဟင်. . သမီးက သတို့သမီးနော်"

"အမယ်လေးဟဲ့. . သတို့သမီးမှန်း သိပါတယ်. . ခဏခဏ လာပြီး ကြော်ငြာဝင်မနေနဲ့"

တဖြည်းဖြည်းနဲ့ အချိန်က ညနေ ငါးနာရီကျော်လာပြီ။

ဆရာမကြီးအလှည့် မရောက်သေး။ မရောက်ဆို မကြီးသန်းက သူ့သူငယ်ကို ဖမ်းသွားတယ်ဆိုပြီး lesson ပေးထားတာလေ။

"သားရေ. . မာမီတို့ကို ဓာတ်ပုံလာရိုက်ပေးပါဦး"

"ငါတို့လည်း ရိုက်မယ်နော်၊ လှလှလေး"

ဒီအုပ်စုတွေ မသွားသရွေ့တော့ သူ့မိန်းမ အလှပြင်ရမှာ မဟုတ်မှန်း သင်္ကြာရာဇ်က သိလိုက်ပြီ။ ဒါကြောင့် ပထုတ်တဲ့အနေနဲ့

*အောင်းညပြာသိုစာပေ*

www.burmeseclassic.com

www.burmeseclassic.com



"မာမီ . . သင်္ဘောက ခြောက်နာရီဆို စထွက်ပြီနော် . . ဟိုမှာ ဧည့်သည်တွေ ရောက်နေပြီလို့ပြောကြားတယ် . . မာမီတို့ သွားဧည့်ခံမှဖြစ်မယ် ထင်တယ် . ."

"အေးဟဲ့ . . ဟုတ်သားပဲ . . ငါတို့ လူရင်းတွေမရှိလို့ ဘယ်ဖြစ်မလဲ . . လာ . . လာ . . ငါတို့ အရင်သွားရအောင်၊ သမီးရေ . . နင်တို့ ပြင်ဆင်ပြီးရင် မြန်မြန်လိုက်ခဲ့တော့နော် . . မောင်ရေ . . လာတော့လေ . . ဘာလုပ်နေတာလဲ"

သင်္ဘောပေါ်မှာတော့ ဦးဖေသက်အောင်က Master ကြီးပါပဲ . . .

ဒါပေမယ့် အိမ်ရောက်တော့ သူ့မိန်းမရဲ့ Boy အဆင့်သာသာမို့ ဟောက်လည်းခံ၊ ဝေါက်လည်းခံဘဝနဲ့ သနားစရာလေးပါ။

ဒေါ်ရွှေငုဝါက ကော့ကော့ ကော့ကော့နဲ့ ထွက်သွားပြီ . . ဦးဖေသက်အောင်က မိန်းမနောက်မှာ ရှို့ရှို့ကလေး ပါသွားလေရဲ့ . . တစ်အိမ်လုံး တဝုန်းဝုန်းနဲ့ ထွက်သွားပြီးတဲ့အချိန်မှာတော့ သက္ကရာဇ်က စိတ်တွေ ပူနေပြီ။

"သည်းလေး . . မောင်တို့ မီပါ့မလားဟင် . . မကြီးသန်းရေ မြန်မြန်လေး လုပ်ပေးပါနော်၊ လမ်းမှာ traffic ဖြစ်နေရင် ဒုက္ခရောက်မယ်နော်"





အိမ်မှာ ဘာတွေပဲ ဖြစ်နေ၊ ဖြစ်နေ၊ Cruise ပေါ်မှာတော့ ဆရာမကြီးရဲ့အမျိုးတွေ သောင်းကျန်းနေကြပြီ။ ဘွားရွှေဥက -

"ဟဲ့ . . သက်၊ ငါ့ကို ဓာတ်ပုံလာရိုက်စမ်း . . ဒီလိုသင်္ဘောကြီးပေါ်မှာ ဟောဒီလို ခုံလေးပေါ်မှာ ထိုင်ပြီး ပင်လယ်ပြင်နောက်ခံနဲ့ရိုက်လိုက်ရင် ဘယ်လောက်ပန်းချီဆန်လိုက်မလဲ"

မိုက်ကယ်သက်က ကျိတ်ပြီးရယ်သည်။ ပြီးတော့ . . တိုးတိုးလေး ပြောသည်။

"သူ့ကိုယ်သူ ဆယ့်ရှစ်နှစ် မော်ဒယ်လေးများ မှတ်နေလားမသိဘူး"

ကျန်တဲ့ ကလေးတွေကလည်း မျောက်ရှုံးအောင် ဆော့နေလို့ အမြင်မတော်တဲ့သူတွေက ဝိုင်းပြီးထိန်းပေးပါ့။

"ဟိုကောင်လေး . . ရေထဲ ပြုတ်ကျရင် သေတတ်တယ်နော်၊ အမယ်လေး . . ကိုယ့်ကလေး ကိုယ်လာမထိန်းကြဘဲ ဓာတ်ပုံတွေပဲ ရိုက်နေကြတယ် . . ဘယ်လိုကလေးအမေတွေလည်း မသိဘူး"

သူများပြောလည်း ပြောချင်စရာပင်။

ကလေးအမေနှစ်ယောက်က ဓာတ်ပုံတွေ တစ်ယောက် တစ်လှည့်ရိုက်ပြီး facebook ပေါ် တင်နေကြသည်။

"ဒီပုံလေး မိုက်တယ်၊ တင်လိုက်ဦးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သင်္ကြရာဇ်တို့စုံတွဲက သင်္ဘောပေါ် ရောက်ဖို့ နေနေသာသာ၊ လမ်းပေါ်မှာ . . ကားလမ်းတွေ ပိတ်ပြီး ဒုက္ခရောက်နေသည်။

"ကျွတ် . . ဒုက္ခပါပဲကွာ၊ အဲဒါကြောင့် သည်းလေးကို ကိုကို ပြောတယ်လေ . . စောစောထွက်မှဖြစ်မယ်လို့"

"သည်းလေးကိုပဲ အပြစ်မပြောနဲ့လေ . . ကိုကို့ယောက္ခမကို သွားပြောပါလား"

"သူတို့က သေချာမှာထားတာ . . ခြောက်နာရီထိုးရင် ထွက်ပြီတဲ့ . . ဒါပေမယ့် ကိုကိုတို့က သတို့သားနဲ့သတို့သမီးပဲဥစ္စာ . . စောင့်တော့ စောင့်မယ်နဲ့တူတယ်နော်"

"ဒါပေါ့ . . သည်းလေးတို့ မပါတဲ့ သူတို့ . . ဘယ်လိုလုပ်ပြီး ထွက်လို့ရမှာလဲ"

သူတို့က ဒီလိုပဲ ထင်နေသည်။

သင်္ဘောပေါ်မှာတော့ ကလေးတစ်ယောက်က အော်ပြီးပြော သည်။

အားလုံးက ကိုယ့်အာရုံနဲ့ကိုယ် . . . ။

"ဟိုမှာ . . လာပြီ . . လာပြီ . . သတို့သားနဲ့သတို့သမီး"

ဒေါ်ရွှေငုဝါ အလုံးကြီးကျသွားသည်။ ခြောက်နာရီထိုးနေပြီမို့ စိတ်က ပူနေပြီ မဟုတ်လား။





"မောင် . . ကလေးတွေ ရောက်လာပြီ၊ သင်္ဘောထွက်တော့ လို့ ပြောလိုက်လေ"

သေသေချာချာ မကြည့်ဘဲ အသံကြားနဲ့ တရားနာလိုက် သည်။

သင်္ဘော ကမ်းကစခွာနေပြီ။ ခုနက အော်ပြောတဲ့ ကလေး က စိတ်ပျက်လက်ပျက်အသံနဲ့ တိုးတိုးလေး ပြောသည်။

"ဟင် . . သတို့သားလည်း မဟုတ်ဘူး၊ အရုံကြီး"

"ဟာ . . ဒါဆို ဘယ်လိုလုပ်မလဲ . . အစ်မ အထင်ကရ ကျန် ခဲ့ပြီထင်တယ်"

နှစ်ဝမ်းကွဲမောင်လေး သုတက ပြောတော့ ဆရာမကြီးကိုဆို lesson ပေးချင်နေတဲ့ ညီမတွေက ဝမ်းသာအားရဖြင့်

"ထားလိုက် . . ထားလိုက် . . နေရာတကာ ဆရာမကြီး လုပ် ချင်နေတာ . . ဒီတစ်ခါတော့ သူခံရပြီသာ မှတ်တော့"

ဆိုပဲ။ အားလုံးကလည်း တညီတညာတည်း ထောက်ခံကြ သည်။ သင်္ဘောကြီးကတော့ ရန်ကုန်မြစ်ဝဆီ ဦးတည်ပြီး ခုတ်မောင်း နေသည်။

သင်္ကြရာဇ်တို့ ဆိပ်ကမ်းကို ရောက်လာတော့ ဂိတ်ဝက လုံ ခြုံရေးတစ်ယောက်က လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"သင်္ဘောထွက်သွားပြီ"

"ဗျာ"

"ရှင်"

သက္ကရာဇ်က အံ့ဩပြီး အော်သည်။ ပြီးတော့မှ

"ကျွန်တော်တို့က သတို့သားနဲ့သတို့သမီးလေ . . ကျွန်တော်တို့ မပါဘဲ ထွက်သွားတယ် . ."

"ကိုကို . . . သည်းလေးအိပ်မက်တွေ ပျက်ပြီပေါ့နော် . . . ဟီး . . ဟီး"

အထင်ကရမေက ပြင်ထားတဲ့မိတ်ကပ်တွေ ပျက်ကုန်မှာစိုးလို့ ဟန်လုပ်ပြီး ငိုနေသည်။ လုံခြုံရေးအစောင့်က ရယ်နေတာထင်ပြီး

"ဟော . . ဟော . . ရယ်နေပြီ . . ရယ်နေပြီ"

"ငိုနေတာရှင့် . . ရယ်မှန်း မသိ၊ ငိုမှန်း မသိ"

"သည်းလေး . . သင်္ဘောနောက်ကို လိုက်ချင်တယ် မဟုတ်လား . . ဟိုမှာ တော်တော်တောင် ဝေးသွားပြီ"

နေလည်း ဝင်သွားပြီ။ အတော်ဝေးဝေးကိုရောက်နေပြီဖြစ်တဲ့ သင်္ဘောကြီးကတော့ သူတို့ကို လှောင်ပြောင်သလိုဖြစ်နေသည်။

"ဒီလိုလုပ်ပါလား၊ စက်တပ်သမ္ဗာန်လေးတွေ ရှိတယ်၊ အဲဒ် ငှားပြီးလိုက်ရင် မီလောက်ပါတယ်"





"ဒါဆိုလည်း လုပ်ပါဗျာ . . ငှားပေးပါလား၊ မြန်မြန်လေး"

ထွက်သွားပြီဖြစ်တဲ့ သင်္ဘောနောက်ကို သတို့သားနဲ့ သတို့သမီး တင်ဆောင်လာတဲ့ စက်တပ်သမ္ဗာန်ကလေးက အမီလိုက်နေသည်။

"သည်းလေး . . ဝမ်းနည်းနေလားဟင်"

"ဟင့်အင်း . . သည်းလေး ပျော်နေတာ၊ သည်းလေးလို သတို့သမီးမျိုး ဒီကမ္ဘာပေါ်မှာ ရှိမှာမဟုတ်ဘူးနော်"

"ဒါပေါ့ . . ခုဆို ကြည့်စမ်း၊ နေဝင်ချိန်လေးမှာ လေလေးက တဖြူးဖြူးနဲ့ . . စင်ရော်လေးတွေကတောင် ကိုကိုတို့ မင်္ဂလာပွဲကို လာပြီး ချီးမြှင့်ပေးနေတယ်လေ . . မဟုတ်ဘူးလား"

"ဟုတ်တယ် . . ဟုတ်တယ် . ."

သင်္ဘောပေါ်က အုပ်စုတွေ သက္ကရာဇ်နဲ့ အထင်ရမေတို့ကို တွေ့သွားကြပြီး ဝိုင်းအော်ကြ၊ ဝိုင်းလှောင်ကြသည်။

"ဟေး . . ဆရာမကြီး သမ္ဗာန်စီးနေရပြီဟေ့ . . မှတ်ပြီလား"

"Titanic လို မင်္ဂလာဆောင်ချင်တယ်ဆို"

"Romantic အဆန်လွန်သွားတာဗျို့"

ဆရာမကြီးလည်း ရှက်ရှက်နဲ့ အားကျမခံပြန်အော်သည်။

"မမှတ်ဘူးဟေ့ . . မမှတ်ဘူး . . နေရာက် အဓိက မဟုတ်ဘူး"

www.burmeseclassic.com



နော် . . ငါ့ဘေးနားမှာ ကိုကို ရှိနေရင် ရပြီ . . သမ္မာန်မပြောနဲ့ ဆိုက်ကားပေါ်မှာလည်း ဆောင်ရဲတယ်"

အဲဒီအပြောတွေကြောင့်ပဲ သက္ကရာဇ်က ပိုပြီးကြွေသွားကာ အထင်ကရမေကို ခပ်တင်းတင်း ဖက်ပြီး အကြင်နာပေးတော့ သဘော်ပေါ်က လူတွေ ဝိုင်းအော်ကြပြန်သည်။

"ဝေး . . . ဟေး . . ."

BURMESE CLASSIC

မူပိုင်နှင်းဆီ
17:45. PM(Sunset),
25-1-2014(Saturday)
at R.V. King Whale..

ဆောင်းညပြာ သို့စာပေ

## မူပိုင်နှင်းဆီ ၏ထွက်ရှိပြီးစာအုပ်များ

၁။ ပင်လယ်ရေချမ်းနွေမှာခန်း (DVD ဇာတ်ကားကြီး)
(နေတိုး၊ သက်မွန်မြင့် – ဒါရိုက်တာ ဝင်းထွန်းထွန်း)
၂။ ပူးစာလူးလာနူးကာလို့မရ(ဗွီဒီယို)
(မင်းမော်ကွန်း၊ ရဲအောင်၊ ဗေလုဝ၊ စိုးမြတ်သူဇာ၊ ခင်လေးနွယ်၊
ဒါရိုက်တာ ကိုဇော် – အရှက်ဦး)
၃။ ဒါရိုက်တာ ၂၀၀၉
၄။ စပ်မထိဘုံဇေါင်
၅။ ဇောသုံးဇော(ဗွီဒီယို)
(မင်းမော်ကွန်း၊ ရဲအောင်၊ မိုမိုမြင့်အောင်၊ မေသန်းနု၊ နီဘာယ်ကျော်ကျော်
ဒါရိုက်တာ ဝင်းထွန်းထွန်း)
၆။ တူညီ . . ဝိုးလ် . . မိုက် (ဗွီဒီယို)
၇။ နောက်ကြည့်အစိတ် . . ရှေ့ကြည့်လေးဆယ်(ဗွီဒီယို)
(မင်းမော်ကွန်း၊ မိုးဟေကို၊ ဒါရိုက်တာ ကိုဇော် – အရှက်ဦး)
၈။ ဗွဲ့ရုပ်(ရုပ်ရှင်ကားကြီး)
၉။ ပင်လယ်ရေမျက်နှာပြင်ထက်ကမွန်းချယ်ရီ (ဗွီဒီယို)
(မြင့်မြတ်၊ နဝရတ်၊ မင်းဦး၊ ဒါရိုက်တာ – နေပိုင်)
၁၀။ လက်မှတ်
၁၁။ ပုလင်းကွဲ (ဗွီဒီယို)
(မင်းမော်ကွန်း၊ မိုးဟေကို၊ ဒါရိုက်တာ – နေပိုင်)
၁၂။ အားအားယားယား (DVD ဇာတ်ကားကြီး)
(ရန်အောင်၊ ရဲအောင်၊ မင်းမော်ကွန်း၊ စိုးမြတ်သူဇာ၊ ခင်လေးနွယ်၊
ဒါရိုက်တာ ကိုဇော် – အရှက်ဦး)

www.burmeseclassic.com